# ထေရဝါဒနိုတီ

ရေးသားပြုစုသူ

**ရေစကြို အရှင်သေဓိက**


အရှင်သေဓိက (ဘုန်းနွယ်)
စာပေရောင်ခြည်ကျောင်း
အောင်မြေသာယာသုခဋ္ဌေးတိုက်
ရေ စ ကြို မြို့ ။

## စာရှုသူသို့

ထေရဝါဒ ၊ ဗုဒ္ဓဘာသာ
ဒေသနာ၌ ၊ မိန့်မှာ ဟောပြ
နက်နဲလှသည့် ၊ ဓမ္မပဒမည်တွင်
ကျမ်းစာစဉ်ကို ၊ တီထွင် ဆိုရိုး
စကားပုံမျိုးဖြင့် ၊ နှုတ်ကျိုး လေ့ကျင့်
ပြောဆိုခွင့်ကို ၊ အသင့် စီမံ
နီတိဟန်ဖြင့် ၊ မြန်မာပြန်ပြု
ခက်ဆစ်စုကို ၊ ပြည်သူ့ထံမှောက်
အရောက်ပို့ကာ ၊ ပေးဝေပါသည်
သဒ္ဒါဖြိုးဝေ ဖတ်ပါလေ....။ ။

ရေစကြို အရှင်ဇေသိက

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁၂ |
| | ၁။ ယမကဝဂ် | ၁၄ |

၁။ နွားဆွဲရာ လှည်းဘီးပါ
၂။ လူသွားရာ အရိပ်ပါ
၃။ ရန်စကို တိုစေ၊ ချစ်စကို ရှည်စေ
၄။ ရန်ကို ရန်ချင်း မတုံ့လျှင်းနှင့်
၅။ သေဘေးကိုကြည့် ရန်မရှိ
၆။ လေပြည်ဖြိုလို့ တောင်မပြိုနိုင်
၇။ သီလမညီ ဖန်ရည် မဝတ်သင့်
၈။ အမှားကိုကြည် အမှန်မြင်
၉။ အမိုးအိုတော့ မိုးယို
၁၀။ လူမိုက်နောင်တ စိုးရိမ်ရ
၁၁။ ကုသိုလ်ပြုလျှင် စိတ်ရွှင်
၁၂။ အကုသိုလ်ကံ ပူပန်မှု အကျိုး
၁၃။ နှစ်သက်လို ကုသိုလ်ပြု
၁၄။ နွားကျောင်းသား နွားနို့ မသောက်ရ

**၂။ အပ္ပမာဒဝဂ်** ၂၀

၁၅။ ပေါ့ပေါ့နေ လူသေ
၁၆။ လုံ့လရှိမှ ချမ်းသာရ
၁၇။ သတိလို ဖိုလ် မရ
၁၈။ သတိသည်သာ မြတ်ဥစ္စာ
၁၉။ လူမိုက်ကိုမြင် ပညာရှင်
၂၀။ ပေါ့လျော့သူ နိဗ္ဗူနှင့် ဝေး
၂၁။ မေ့လျော့မှု ရန်သူထက် ဆိုး
၂၂။ ဘေးကိုမြင် သံယောဇဉ်ပျောက်
၂၃။ ဘယဉာဏ် နိဗ္ဗာန်နှင့် နီး

**၃။ စိတ္တဝဂ်** ၂၂

၂၄။ စိတ်ကောက်လျှင် စောင့်၊ မြားကောက်လျှင် ဖြောင့်
၂၅။ ချမ်းသာလို စိတ်ကို ဆုံးမ
၂၆။ စိတ်လုံမှ လူလုံ
၂၇။ ကိလေသာ စိတ်ဟာ ပဓာန
၂၈။ ဖွဲပုံပေါ် တိုင်စိုက် အခိုက်အတန့်
၂၉။ လူ့ခန္ဓာ ပမာအိုးမျိုး
၃၀။ ခန္ဓာကိုယ်ကြီး မြေကြီးသြဇာ
၃၁။ ရန်ငြိုးရှိတော့ တစ်ဘဝသာ၊ စိတ်ဆိုးရှိတော့ ဘဝများစွာ

၃၂။ ဘယ်သူ မပြု မိမိမှု

## ၄။ ပုပ္ဖဝဂ် ၂၄

၃၃။ ဘဝကိုသိ ပညာရှိ
၃၄။ ရေမြှုပ်ပမာ ဤခန္ဓာ
၃၅။ ပန်း ရွေးရင်း ကြေ၊ လူ တွေးရင်း သေ
၃၆။ ကာမဂုဏ်ပန်း ဆွတ်လှမ်းသူ
၃၇။ ဘဝကို ပျားလို ကျင့်
၃၈။ ကောင်း မကောင်း ပြန်ပြောင်း ဆင်ခြင်ရာ
၃၉။ ကျွဲပါး စောင်းတီး အချည်းနှီး
၄၀။ လူ့တန်ဆာ သဒ္ဓါပန်း
၄၁။ ပန်း လေစုန် ဂုဏ် လေဆန်
၄၂။ ပန်းသတင်း ဝန်းကျင်၊ လူ့သတင်း ပြည်ခွင်
၄၃။ သူတော်ကောင်း လမ်း လူမိုက် မမှန်းနိုင်
၄၄။ အမှိုက်ပေါ် ကြာပေါက် ဂုဏ်ရောက်သည်သာ

## ၅။ ဗာလဝဂ် ၂၅

၄၅။ အားမရှိသူ ယူဇနာရှည်၊ တရား မသိသူ သံသရာရှည်
၄၆။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့
၄၇။ သေဘေး ငွေပေးလို့ မရ
၄၈။ လူမိုက်က ပညာရှိ ထင်
၄၉။ ဟင်းရဲ့ ရသ ယောက်မ မသိ
၅၀။ ဟင်းအရသာ လျှာမှ သိ
၅၁။ မကောင်းတာပြု မကောင်းမှု ခန္ဓာ
၅၂။ မကောင်းမှု မှန် ပူပန်ရ
၅၃။ ကောင်းမှုမှန် မပူပန်
၅၄။ ဆိုးကျိုး မရခင် ပျားလို ထင်
၅၅။ အငတ်ခံလို့ နိဗ္ဗာန် မရ
၅၆။ ညှစ်စ နို့ရည် မချဉ်မီကောင်း
၅၇။ ကိုယ့်အတတ် ကိုယ့်စူး
၅၈။ သူတောင်းစား လာဘ်ရွှင် ဘဝင်မြင့်
၅၉။ နိဗ္ဗာန်လို လာဘ်ကို ရှောင်

## ၆။ ပဏ္ဍိတဝဂ် ၂၈

၆၀။ အပြစ်ရှာမှ ဆရာကောင်း
၆၁။ ဟုတ်သူကို ယုတ်သူ မကြိုက်
၆၂။ ယုတ်သူကို ဟုတ်သူ အပေါင်း
၆၃။ တရားနှင့် ပျော် သေသော် မဆင်းရဲ
၆၄။ ရေကြိုက်တော့ စပါး၊ လူကြိုက်တော့ တရား
၆၅။ လေဆောင်လို့ ကျောက်တောင် မပြို

၆၆။ ကန်နက်တော့ ရေကြည်၊ တရားဖက်တော့ စိတ်ကြည်
၆၇။ ထိန်းနိုင်လျှင် ပညာရှင်၊ စွန့်နိုင်လျှင် သူတော်ကောင်း
၆၈။ စီးပွားရှာ မကောင်းတာ မလုပ်
၆၉။ တရားလိုက်မှ အမြိုက်နှင့် နီး
၇၀။ အစွဲသိမ်းမှ အငြိမ်းမှန်

## ၇။ အရဟန္တဝဂ် ၃၁

၇၁။ အစွဲ မသန် မပူပန်
၇၂။ နွံထဲက ကြာ ဟသာ မကြိုက်
၇၃။ ကောင်းကင် မှန်းကြည့် ငှက်လမ်း မသိ
၇၄။ ရဟန္တာ လားရာ မသိနိုင်
၇၅။ မြင်းထိန်းတော့ ရထား၊ စိတ်ထိန်းတော့ တရား
၇၆။ စိတ်တံခါးတိုင် မယိုင်အောင် ကျင့်
၇၇။ ငြိမ်သက်မှု လူ့မှတ်ကျောက်
၇၈။ ကောင်း မကောင်း အကြောင်းကို ပယ်
၇၉။ အကြောင်းတော် ပျော်ရာ နိဗ္ဗာန်
၈၀။ ကာမရှာ တောမှာ မရှိ

## ၈။ သဟဿဝဂ် ၃၄

၈၁။ အကျိုးမများ စကားမမည်
၈၂။ အကျိုးများမှ လူသား ကဗျာ
၈၃။ မိမိကိုယ်သာ အောင်နိုင်ရာ
၈၄။ အစွဲပြတ်မှ အမြတ် အောင်ခြင်း
၈၅။ လူမိုက်နှင့် နှစ်တစ်ရာ လူလိမ္မာ တစ်ခဏ
၈၆။ မှားမိစ္ဆာ နှစ်တစ်ရာကိုး အကျိုး မရှိ
၈၇။ တော်သူကိုလှူ မြတ်သူ ရှိခိုး
၈၈။ ကြီးသူ ရှိခိုး အကျိုး လေးဖြာ
၈၉။ အသက်က တစ်ရာ အကျင့်က ဗလာ
၉၀။ အသက်က တစ်ရာ ပညာက မရှိ
၉၁။ လူပျင်း အသက်ရှည် တိုင်းပြည် အကျိုးမရှိ
၉၂။ ဖြစ်ပျက်ကို မြင် ပညာရှင်
၉၃။ နိဗ္ဗာန်ကို သိ ပညာရှိ
၉၄။ တရားတတ်မှ အမြတ်ပုဂ္ဂိုလ်

## ပါပဝဂ် ၃၇

၉၅။ ကောင်းတာပြု မကောင်းမှု ပယ်
၉၆။ မကောင်းတာ အခါခါ မပြုနှင့်
၉၇။ ကောင်းမှုကံ အဖန်ဖန် ပြု
၉၈။ ကုသိုလ်ကံရှိန် အချိန်တန် ရ
၉၉။ ဆိတ်ဖန်များတော့ အနာဖြစ်

၁၀၀။ ကျဖန်များတော့ အိုးပြည့်
၁၀၁။ မသေလို့ အဆိပ်ကို ရှောင်
၁၀၂။ အပဲ့ရှိ ဆားထိ မခံ
၁၀၃။ မကောင်းကြံ ဒဏ်ပြန်ထိ
၁၀၄။ ကိုယ့်ဝန် ကိုယ်ထမ်း ကိုယ့်လမ်း ကိုယ်သွား
၁၀၅။ မကောင်းမှုဘေး ပြေး မလွတ်
၁၀၆။ သေဘေး ပြေး မလွတ်

**၁၀။ ဒဏ္ဍဝဂ်** ၃၉
၁၀၇။ ကိုယ်ချင်းစာ မှားတာ မရှိ
၁၀၈။ ကိုယ့် အသက် ကိုယ်ချစ်၊ သူ့အသက် သူချစ်
၁၀၉။ ငရဲ အပ ဝဋ် အမြဲ
၁၁၀။ စကားနည်း ရန်စဲ၊ စကားများ ရန်ပွား
၁၁၁။ နွားကို တံဖျာနှင်၊ လူကို ဇရာနှင်
၁၁၂။ လူမိုက်ကြမ္မာ သေခါမှ သိ
၁၁၃။ သူတော်ကောင်း မကောင်းကြံ ဘေးဒဏ်ထိ
၁၁၄။ ကျင့်စဉ်မှား တရား မမြင်
၁၁၅။ မဂ်လေးပါး မြင် လူပင် ရဟန်း
၁၁၆။ မြင်းကောင်းတော့ ကြိမ်ချောင်း မလို
၁၁၇။ သစ် ဖြောင့်တော့ လက်သမား၊ လူ ဖြောင့်တော့ တရား

**၁၁။ ဇရာဝဂ်** ၄၃
၁၁၈။ အမိုက်သမား တရား မရှာ
၁၁၉။ ခန္ဓာရုပ် ပန်းပုသဖွယ်
၁၂၀။ အပုပ်ကောင် သရုပ်ဆောင်
၁၂၁။ အရိုးစုမြင် ခင်မင်ဖွယ် မရှိ
၁၂၂။ ရုပ်ခန္ဓာ တဏှာဆောက်
၁၂၃။ ရထား ဆွေးသော်လည်း တရား မဆွေး
၁၂၄။ ပညာ မပွား လူနွား
၁၂၅။ တဏှာမြင်တော့ အမျှင် ပြတ်
၁၂၆။ ငါး မရှိတဲ့ အိုင်မှာ ကြိုးကြာက တောင်ပံကျိုး

**၁၂။ အတ္တဝဂ်** ၄၅
၁၂၇။ ကိုယ့်ကိုယ်ကိုချစ် တရား မပစ်နှင့်
၁၂၈။ သူများ ပြောချင် ကိုယ် အလျင်ကျင့်
၁၂၉။ အသိရှိလျက် အကျင့်ခက်
၁၃၀။ ကိုယ့်ကိုယ်သည်သာ ကိုယ့်ကိုးကွယ်ရာ
၁၃၁။ အကုသိုလ် လူကို ဖျက်
၁၃၂။ သစ်ပင်ကို နွယ်ပတ်၊ လူကို တဏှာပတ်
၁၃၃။ အကျိုးရှိတာ ခက်၊ အကျိုးမဲ့တာ သွက်

၁၃၄။ အယူမှားတော့ တရားဖျက်၊ အသီးများတော့ ဝါးပျက်
၁၃၅။ အဖြူ အမဲ အမြဲ မတူ
၁၃၆။ သူများအကျိုးအတွက် ကိုယ်အကျိုး မပျက်စေနှင့်

**၁၃။ လောကဝဂ်** ၄၇
၁၃၇။ အမှားအလုပ်လဲ မတွယ်လေနှင့်၊ တရား မဟုတ်လဲ မကျယ်စေနှင့်
၁၃၈။ မကောင်းတာပြု နေမှု မချမ်းသာ
၁၃၉။ တံလျှပ်ကို မြင် ရေမထင်နှင့်
၁၄၀။ လောကအရှိ အငြိကို ပယ်
၁၄၁။ အမှားမြင် တိမ်စင် လ
၁၄၂။ ဘုန်းကြီးလက်အောက် ဘုန်းငယ် ပျောက်
၁၄၃။ ပိုက်ကထွက် ငှက် ကံကောင်း
၁၄၄။ ငှက်မှန်လျှင် ခြေကျင် မလျှောက်
၁၄၅။ အယုတ်တရား မုသားအခြေခံ
၁၄၆။ လူ့ဗာလ ဒါနကို ပယ်
၁၄၇။ မဂ်ဖိုလ် ရမှ ဘဝမြတ်သူ

**၁၄။ ဗုဒ္ဓဝဂ်** ၄၉
၁၄၈။ ကိလေသာ နှစ်ခါ မပယ်ရ
၁၄၉။ သစ္စာအစစ် နတ်ချစ်ဆေး
၁၅၀။ လူသားအတွက် အခက် လေးဖြာ
၁၅၁။ အတိုင်းအရှည် သိ ဘေး မရှိ
၁၅၂။ ချမ်းသာ တစ်ခဏ၊ ဆင်းရဲ တစ်ဘဝ
၁၅၃။ ကိုးကွယ်မှုမှား တရား မရ
၁၅၄။ တစ်မျိုးပေါက် တစ်ယောက်ထွန်း
၁၅၅။ သူတော်တရား လူနား မချမ်းသာ

**၁၅။ သုခဝဂ်** ၅၁
၁၅၆။ ရန်တွင်းမှာ ရန်ကင်းအောင် နေ
၁၅၇။ ပီတိစား အားရှိ
၁၅၈။ အရှုံးပေး နှလုံးအေး
၁၅၉။ အပူကြီး ရာဂ၊ အပြစ်ကြီး ဒေါသ
၁၆၀။ ဆာလောင်တာ ရောဂါ၊ ပြုပြင်တာ ဒုက္ခ
၁၆၁။ ရောင့်ရဲတာ မြတ်ဥစ္စာ၊ ခင်ရာ ဆွေမျိုး
၁၆၂။ တရားရေအေး အမြိုက်ဆေး
၁၆၃။ လူမိုက်ကို ကြဉ် သူတော်စင် ပေါင်း

**၁၆။ ပိယဝဂ်** ၅၃
၁၆၄။ အချစ်ကိုလည်း ပယ်၊ အမုန်းကိုလည်း ဖယ်
၁၆၅။ အချစ်ကြောင့် ဆွေး၊ အချစ်ကြောင့် ဘေး

၁၆၆။ မြတ်နိုးလို့ ဆွေး၊ မြတ်နိုးလို့ ဘေး
၁၆၇။ မွေ့လျော်လို့ ဆွေး၊ မွေ့လျော်လို့ ဘေး
၁၆၈။ ကာမကြောင့် ဆွေး၊ ကာမကြောင့် ဘေး
၁၆၉။ တဏှာကြောင့် ဆွေး၊ တဏှာကြောင့် ဘေး
၁၇၀။ စရိုက်ကောင်းသူ ခင် သစ္စာရှင်ကို ချစ်
၁၇၁။ ကာမပျက်တော့ ဘဝင်ချမ်းသာ
၁၇၂။ ချမ်းသာသူ ခရီးထွက် ပြန်ရက် လူမျှော်

## ၁၇။ ကောဓဝဂ် ၅၅

၁၇၃။ ရန်လည်း မများနှင့် မာန်လည်း မထားနှင့်
၁၇၄။ ရထားမနိုင် ကြိုး မကိုင်နှင့်
၁၇၅။ ဝန်တိုသူ ပေး ကိုယ့်အရေးအောင်
၁၇၆။ ပေးကမ်းခြင်း အောင်မြင်ရာ
၁၇၇။ စောင့်စည်းသူ နိဗ္ဗူရ
၁၇၈။ နိဗ္ဗာန်အာရုံ အာသဝကုန်
၁၇၉။ လောကဓံတရား ရှောင်ရှား မရ
၁၈၀။ ဒုစရိုက်ကို ကြဉ်၊ သုစရိုက်ကို ယှဉ်

## ၁၈။ မလဝဂ် ၅၇

၁၈၁။ မသေခင် ပြင်ဆင်ထား
၁၈၂။ ငွေညစ်လျှင် လော်၊ လူညစ်လျှင် လျှော်
၁၈၃။ သံကို သံဖျက် သံချေးတက်
၁၈၄။ အဆင်းလှလျက် အပျင်းဖျက်
၁၈၅။ အညစ်ကြေးတကာ အဝိဇ္ဇာ အသာဆုံး
၁၈၆။ အရှက်နည်းတော့ ကျီးရဲနှင့်တူ
၁၈၇။ ငါးပါးသီလ ဘဝအခြေခံ
၁၈၈။ သူတစ်ပါး မနာလို ကိုယ့်အကျိုး မရှိ
၁၈၉။ ကွန်ယက်က အဝိဇ္ဇာ၊ တဏှာက မြစ်
၁၉၀။ သူ့အပြစ်ကိုလွှင့်၊ ကိုယ့်အပြစ်ကို ဖုံး
၁၉၁။ အတင်းပြော အာသဝေါ မကုန်နိုင်
၁၉၂။ ကောင်းကင်မှာ ခြေရာ မရှိ၊ သင်္ခါရမှာ မြဲတာ မရှိ

## ၁၉။ ဓမ္မဋ္ဌဝဂ် ၆၀

၁၉၃။ လာဘ်စားလျှင် တရားရှင် မဟုတ်
၁၉၄။ စကားများ၏ ပညာရှိ မဟုတ်
၁၉၅။ စာပေတတ်တိုင်း မြတ်သူ မဟုတ်
၁၉၆။ အသက်သာကြီး အချည်းနှီး
၁၉၇။ လူစေဉ်းလဲ အမြဲရှောင်
၁၉၈။ ခေါင်းတုံးမြင်တိုင်း ဘုန်းကြီး မဟုတ်
၁၉၉။ သီလဝန်ထမ်း ရဟန်းအစစ်

၂၀၀။ ပညာမရှိ မုနိ မမည်
၂၀၁။ ညှဉ်းဆဲတာ အရိယာ မဟုတ်
၂၀၂။ အာသဝေါကုန်မှ စိတ်ချရ

**၂၀။ မဂ္ဂဝဂ်** ၆၃
၂၀၃။ ခြေနှစ်ချောင်းသွား ဘုရားအမြတ်ဆုံး
၂၀၄။ မမြဲတာမြင် ကိလေသာ စင်ကြောင်း
၂၀၅။ ဆင်းရဲတာမြင် ကိလေသာ စင်ကြောင်း
၂၀၆။ အနတ္တမြင် ကိလေသာ စင်ကြောင်း
၂၀၇။ လူပျင်းခွန်အား အလကား
၂၀၈။ ကံသုံးပါး လူသားကျင့်ဝတ်
၂၀၉။ လုံ့လများ ပညာပွား၊ လုံ့လနည်း ပညာမွဲ
၂၁၀။ နို့စို့ချင် မိခင်နောက်လိုက်
၂၁၁။ ကြာရိုးသဖွယ် အချစ်နယ်
၂၁၂။ သေမည့်နေရာ ဘယ်မှာ မသိနိုင်
၂၁၃။ မိုးကြီးတော့ ရွာဖျက်၊ အစွဲကြီးတော့ တဏှာဖက်
၂၁၄။ သေမင်းဆိုး ဆွေမျိုး မကယ်နိုင်

**၂၁။ ပကိဏ္ဏကဝဂ်** ၆၅
၂၁၅။ ထောင်မြင်လျှင် ရာစွန့်
၂၁၆။ ကိုယ့် သာစေ၊ သူ့ နာစေ
၂၁၇။ ပကာသနနှော အာသဝေါပွား
၂၁၈။ မင်းကို သတ်မှ မြတ်သောသူ
၂၁၉။ သတိဆို ပိုသည် မရှိ
၂၂၀။ ရဟန်းဘဝ ဒုလ္လဘ
၂၂၁။ ရောက်လေရာ မျက်နှာပွင့်
၂၂၂။ ည ပစ်တဲ့ မြား မထင်ရှား
၂၂၃။ တစ်ယောက်တည်းကျင့် တရားနှင့်နေ

**၂၂။ နိရယဝဂ်** ၆၈
၂၂၄။ မကောင်းသူ ကံတူအကျိုးပေး
၂၂၅။ အကုသိုလ်ညစ် အဝတ် မကယ်နိုင်
၂၂၆။ အကျင့်မဲ့ ရဟန်း ဆွမ်းမစားထိုက်
၂၂၇။ ကာမမှား လေးပါးဒုက္ခ တွေ့ကြုံရ
၂၂၈။ သမန်းမြက်က လက်ရှ၊ ရဟန်းပျက်က ငရဲကျ
၂၂၉။ မကောင်းမှုကို ရှောင်၊ ကောင်းမှုကို ဆောင်
၂၃၀။ တိုင်းစွန် နယ်မကျူးစေနှင့်၊ လူမွန် အပါယ် မကူးစေနှင့်
၂၃၁။ အယူလွဲ ငရဲရောက်
၂၃၂။ အယူမှန် နိဗ္ဗာန်ရောက်

## ၂၃။ နာဂဝဂ် ၇၀

၂၃၃။ ဆင်ပြောင်မှန် မြားရန် မကြောက်

၂၃၄။ မြင်းနှင့်ပျံလို့ နိဗ္ဗာန် မရောက်၊ စိတ်နှင့် ကြံမှ နိဗ္ဗာန်ရောက်

၂၃၅။ မေထုန်ဆာ အစာ မစားနိုင်

၂၃၆။ အစားထူသော် လူဝက်

၂၃၇။ ဆင်မနိုင် ချွန်းနှင့် အုပ်၊ စိတ်မနိုင် တရားနှင့် ချုပ်

၂၃၈။ ဆင် နွံနစ် အားနှင့် နုတ်၊ လူ တဏှာနစ် တရားနှင့်နုတ်

၂၃၉။ စိတ်ထားတူ အကူရ

၂၄၀။ ချမ်းသာအစု ကောင်းမှုထိုထို

## ၂၄။ တဏှာဝဂ် ၇၃

၂၄၁။ တဏှာခြောက်သွယ် မာလောနွယ်

၂၄၂။ အမြစ်ဖျက်မှ အရွက်သေ

၂၄၃။ တဏှာတော မောသည် မရှိ

၂၄၄။ နှောင်ကြိုးက တစ်ခဏ၊ အမှောင်ကြိုးက တစ်ဘဝ

၂၄၅။ ရာဂဖြစ်စဉ် ပင့်ကူမျှင်

၂၄၆။ ကာလသုံးဖြာ တဏှာကိုလွှတ်

၂၄၇။ ရာဂမျက်လုံး အဆုံး မရှိ

၂၄၈။ ကိလေသာဆုံး ဘဝတုံး

၂၄၉။ ဘုရားမှာ ဆရာမရှိ

၂၅၀။ တရားအလှူ ဇမ္ဗူ အမြတ်ဆုံး

၂၅၁။ လူမိုက်ခန္ဓာ မသာလက်နက်

၂၅၂။ လယ်ယာဖျက်တော့ မြက်၊ သတ္တဝါဖျက်တော့ ရမ္မက်

## ၂၅။ ဘိက္ခုဝဂ် ၇၇

၂၅၃။ ချမ်းသာလို ဒွါရကို ထိန်း

၂၅၄။ ရဟန်းတို့ သဘာဝ စောင့်စည်းမှ

၂၅၅။ သဒ္ဒါတက်မှ အနက်သေချာ

၂၅၆။ တရားမမေ့မှ တရားတွေ့

၂၅၇။ လာဘ်ကိုကြည့် သမာဓိ မရ

၂၅၈။ နာမ်ရုပ် ဖြစ်စဉ် မခင်တွယ်နှင့်

၂၅၉။ ခန္ဓာကိုယ် ယိုထွက် မိစ္ဆာရေ ပက်

၂၆၀။ ပန်းပွင့်မျိုး ညှိုးလျှင် ကြွေ

၂၆၁။ လောကီသတ်မှ မြတ်ရဟန်း

၂၆၂။ ကိုယ့်အား ကိုယ်ကိုး ကိုယ့်စိတ် ကိုယ်နှိုး

၂၆၃။ သာသနာ ကြည်ညိုမှ မဂ်ဖိုလ်နှင့် နီး

၂၆၄။ တရားလိုချင် ငယ်စဉ်က လုပ်

## ၂၆။ ဗြာဟ္မဏဝဂ် ၈၀

၂၆၅။ ကာမဂုဏ်ပယ် တဏှာနယ်က လွတ်

၂၆၆။ သမထ ဝိပဿနာ သံယောဇဉ်ခွာကြောင်း

၂၆၇။ အာယနစွဲ အမြဲ ရှောင်
၂၆၈။ အပျက်ကြည့်မှ အသိမြတ်
၂၆၉။ အဖြစ်တစ်မျိုး တန်ခိုး ကိုယ်စီ
၂၇၀။ ကောင်းမှုကို ထိန်း စိတ်ငြိမ်းအောင်ကျင့်
၂၇၁။ ဒေါသသတ်မှ အမြတ်ပုဂ္ဂိုလ်
၂၇၂။ စိတ် နှုတ် ကိုယ် လူကိုထိန်း
၂၇၃။ ဆရာ့ကျေးဇူး အထူး သိစေ
၂၇၄။ သစ္စာသိမှ ဓမ္မပိုင်ရှင်
၂၇၅။ အဇ္ဈတ္တ အလှဆင်
၂၇၆။ ခေါင်းပါးသောသူ ပံသုကူဝတ်
၂၇၇။ ကိလေသာပွား ပုထုဇွာား မဟုတ်
၂၇၈။ သံယောဇဉ်ဖြတ် စိတ်ဓာတ် အောင်ပွဲ
၁၇၉။ လှည်းအိုကိုဖျက် မြို့ဘက်ကို ဝင်
၂၈၀။ ဆဲလျှင် သည်းခံ၊ ရန်မူလျှင် အမျက်မထွက်
၂၈၁။ တဏှာသုဉ်းတော့ နောက်ဆုံးဘဝ
၂၈၂။ ကာမစွဲပျက် ကြာဖက် ရေမတင်
၂၈၃။ ခန္ဓာဝန်ချ ဘဝမြတ်သူ
၂၈၄။ ပညာနက်တော့ မိုးကြိုးစက်လို
၂၈၅။ အပေါင်းများ တရားပျက်
၂၈၆။ လူသတ်သမား ဘုရားမကြိုက်
၂၈၇။ ရန်ငြိုးမဖွဲ့ တကယ့်ပုဂ္ဂိုလ်
၂၈၈။ ကျေးဇူးပျက်သူ လူဗာလ
၂၈၉။ ဒေါသမထား စကားမကြမ်း
၂၉၀။ မပေးဘဲ မလိုချင်နှင့်၊ မမေးဘဲ မဆိုချင်နှင့်
၂၉၁။ ရမ္မက်ကင်းမှ လက်ငင်းချမ်းသာ
၂၉၂။ သံသယပွား တရားမရ
၂၉၃။ ကောင်းမှုကို ရပ် မကောင်းမှုကို ဖြတ်
၂၉၄။ တိမ်လွှာကင်းတော့ လမင်းသာ၊ ရာဂကင်းတော့ ဘဝချင်းကွာ
၂၉၅။ ဝဋ်မှုက သံသရာ တဏှာက ဘေး
၂၉၆။ မေထုန်ရှောင် အိမ်ထောင် မပြုနှင့်
၂၉၇။ တဏှာရှောင် လူ့ဘောင် မနေသင့်
၂၉၈။ တဏှာမပွား အိမ်သား မဟုတ်
၂၉၉။ ယောဂရှင်းမှ ရန်ကင်းသောသူ
၃၀၀။ လုံ့လရှိမှ လောကကို အောင်
၃၀၁။ ရဟန္တာဂတိ လားရာမသိ
၃၀၂။ ကာလခန္ဓာ စွဲစရာ မရှိ
၃၀၃။ ဥသဘန္တား အကြောက်တရား မရှိ
၃၀၄။ ဘဝဖြစ်စဉ် ပညာရှင် မမေ့

# နိဒါန်း

နီတိဟူသော ဝေါဟာရသည် အိန္ဒိယနိုင်ငံမှ ကူးရောက်လာသော ဝေါဟာရ တစ်ခုသည်။ ပါဠိအဘိဓာန်ကျမ်း၌ နီတိဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို သီးခြား ဖွင့်ဆိုခြင်း မပြုပေ။ ဒဏ္ဍနီတိဟူသော အခေါ်ဖြင့် ဖွင့်ဆိုပြထား၏။ ဒဏ္ဍနီတိဆိုသည်မှာ ဥစ္စာပစ္စည်း ရှာဖွေနည်း၊ စောင်းရှောင့်နည်းကို ပြသော စာပေဟု ဖွင့်ဆို ဖော်ပြထားသည်။

ကာမဏ္ဍကိယနီတိကျမ်း၌မူ ဒဏ္ဍနီတိဆိုသည်မှာ အဆုံးအမ၌ တည်သော မင်း၏ ဥပဒေနည်းလမ်းကို ခေါ်သည်ဟု ဖွင့်ဆိုပြထားသည်။ ဤဖွင့်ဆိုချက်မှာ နီတိကျမ်း၌ ပါသော အကြောင်းအရာတို့နှင့် လိုက်ဖက်အောင် ဖွင့်ဆိုထားချက် ဖြစ်သည်ဟု ဆိုရပါမည်။ ဤဖွင့်ဆိုချက်အရ ရှေးအခါကမူ မင်း၏ အဆုံးအမကို နီတိဟု ခေါ်ဆိုကြဟန် ရှိပေသည်။

နောက်ဆရာတို့ကမူ နီတိ၏ အဓိပ္ပာယ်ကို **'ဆုံးမစာ'** ဟု ပြန်ဆို၍ ခေါ်ဝေါ်လာကြသည်။ ဤဖွင့်ဆိုချက်အရ မင်း၏ အဆုံးအမသာ မဟုတ်ဘဲ ဆရာ၏ အဆုံးအမ၊ မိဘ၏ အဆုံးအမ၊ မိတ်ဆွေ၏ အဆုံးအမ စသည်တို့ကိုလည်း နီတိအမျိုးအစား၌ ထည့်သွင်းနိုင်ကြလေသည်။

ထို့ကြောင့် နီတိ၏ အဓိပ္ပာယ်ကို ဆုံးမစာ၊ ဆုံးမစကား၊ အနှစ်ချုပ် မှတ်သားဖွယ်များ ဟူ၍ ပြန်ဆို ဖော်ပြသင့်ပါသည်။ မြန်မာနိုင်ငံ၌ လောကနီတိ၊ ဓမ္မနီတိ၊ ရာဇနီတိ၊ မဟာရဟာနီတိ၊ ကဝိဒပ္ပဏနီတိ၊ စာဏကျနီတိ၊ သုတ္တနီတိ စသည်ဖြင့် နီတိများစွာ ရှိပေသည်။

နီတိကျမ်းများသည် အများအားဖြင့် အိန္ဒိယမှ ကူးရောက်လာသော ကျမ်းများ ဖြစ်၏။ ထိုကျမ်းများမှာလည်း များသောအားဖြင့် လူမှုရေးစသည့် ကိစ္စရပ်များကို မှတ်သားဖွယ် ရေးသားထားသော ကျမ်းများ ဖြစ်၍ လူမှုရေးနီတိများဟူ၍ ခေါ်ဆိုနိုင်ပါသည်။

လူမှုရေးဆိုင်ရာ နီတိကျမ်းများ ရှိသကဲ့သို့ ထေရဝါဒဗုဒ္ဓစာပေ၌လည်း နီတိကျမ်းဟူ၍ ခေါ်ဆိုနိုင်သော ကျမ်းတစ်ကျမ်းကို တွေ့ရှိရပါသည်။ ထိုကျမ်းကား **'ဓမ္မပဒ'** ကျမ်းပင် ဖြစ်ပါသည်။ ဓမ္မပဒကျမ်းသည် နီတိဟူ၍ ကမ္ပည်းတပ် မထားသော်လည်း ဘာသာရေးဆိုင်ရာ ဟောမိန့်ချက်တို့ကို စုစည်းထားသောကြောင့် ဘာသာရေးနီတိဟု ခေါ်ဆိုနိုင်ပေသည်။

ဘာသာရေးနီတိဟု ဆိုရာ၌လည်း ထေရဝါဒဗုဒ္ဓဘာသာ၏ ဟောမိန့်ချက်တို့ကို အခြေပြုထားသောကြောင့် **'ထေရဝါဒနီတိ'** ဟု ကမ္ပည်းတင်လျှင် မျက်မှောက်ခေတ် အမြင်ဖြင့် အံဝင်သော ဝေါဟာရတစ်ခု ဖြစ်ပါလိမ့်မည်။

ဓမ္မပဒကျမ်းတွင် ဂါထာခေါ် ပါဠိကဗျာတို့ဖြင့် ဓမ္မဒေသနာ အနှစ်ချုပ်များ ပါရှိပါသည်။ ဝတ္ထုပေါင်း ၃၀၄-ပုဒ်၊ ဂါထာပေါင်း ၄၂၃-ဂါထာတို့ဖြင့် ဟောကြားထားပါသည်။

စာရေးသူသည် ဝတ္ထုပေါင်း ၃၀၄-ပုဒ်တို့မှ ဟောမိန့်ချက်တို့ကို ကြည့်၍ ဝတ္ထုနှင့် လိုက်ဖက်သော အကြောင်းအရာတို့ကို -

၁။ စကားပုံနီတိ အဖြစ်လည်းကောင်း ၊

၂။ ဆိုရိုးစကားနီတိ အဖြစ်လည်းကောင်း-

ခေါင်းစဉ်ပြု၍ 'ထေရဝါဒနီတိ' အမည်ဖြင့် ရေးသားခြင်း ဖြစ်ပါသည်။

ဤသို့ ရေးသားလိုက်သဖြင့် ထေရဝါဒနီတိ စကားပုံဆိုရိုးပေါင်း ၃၀၄-ခုမျှ ရရှိလာပါသည်။ ဤဆိုရိုးစကားပုံတို့သည် ထေရဝါဒဗုဒ္ဓဘာသာနှင့် ပတ်သက်သော ဓမ္မအနှစ်အဆီများ ဖြစ်ပါသည်။

ဤထေရဝါဒနီတိကျမ်း၌ မူရင်းဓမ္မပဒပါဠိတော်လာ ဟောမိန့်ချက်တို့ကိုလည်း သိရှိခံစားနိုင်ရန် မြန်မာစကားပြေ ပြန်ဆို၍ ဆိုရိုးစကားပုံနှင့် အတူ ပူးတွဲဖော်ပြထားပါသည်။

ထို့ပြင် စကားပြေဌ် ပါရှိသော ခက်ဆစ်အဓိပ္ပာယ်နှင့် ဝေါဟာရတို့ကိုလည်း အလျဉ်းသင့်သလို ထည့်သွင်း ရေးသားထားပါသည်။

ဤထေရဝါဒနီတိ အမည်ရှိ စာပန်းကုံးကို စွဲသုံးပန်ဆင်ခြင်းဖြင့် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ခန္ဓာ၌ ဓမ္မပန်းရနံ့တို့ဖြင့် ထုံပျံ့ မွှေးသင်းနေမည် ဖြစ်ပါသတည်း ။

a&pBudKt&Sif{odu

## ax&0g'eDwd

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

e e e e e

# ၁။ ယမကဝဂ်

## နွားဆွဲရာ လှည်းဘီးပါ

### ၁– စက္ခုပါလတ္ထေရဝတ္ထု

၁။ နာမ်တရားတို့သည် စိတ်လျှင် ရှေ့သွား ရှိကုန်၏။ စိတ်လျှင် အကြီးအမှူး ရှိကုန်၏။ စိတ်ဖြင့် ပြီးကုန်၏။ အကယ်၍ ဖြစ်မှားလိုသော စိတ်ဖြင့် ပြောဆိုလျှင်လည်းကောင်း၊ ပြုလုပ်လျှင်လည်းကောင်း၊ ကြံစည်လျှင်လည်းကောင်း လှည်းဘီးသည် လှည်းကို ဝန်ဆောင်သော နွား၏ နောက်သို့ အစဉ်လိုက်သကဲ့သို့ ထိုလှည်းဘီးစက်အတူ ဆင်းရဲခြင်း ဒုက္ခတရားသည် ထိုမကောင်းမှု ပြုသူနောက်သို့ အစဉ်လိုက်ပါလေ၏။

*(မှတ်ချက်၊ ၊ စကားပြေအစ၌ ပါသော ဂဏန်းများမှာ ဓမ္မပဒပါဠိတော်၌ ပါသော ဂါထာအမှတ်စဉ်များ ဖြစ်ပါသည်။ )*

**ခက်ဆစ်အဖြေ**

**နာမ်တရား=** အာရုံကို သိတတ်သော စိတ်၊ စိတ်၌ မှီတွယ်၍ ဖြစ်ပေါ်တတ်သော စေတသိက်၊ တဏှာမှ ထွက်မြောက်ရာ နိဗ္ဗာန်၊

## လူသွားရာ အရိပ်ပါ

### ၂– မဋ္ဌကုဏ္ဍလီဝတ္ထု

၂။ နာမ်တရားတို့သည် စိတ်လျှင် ရှေ့သွား ရှိကုန်၏။ စိတ်လျှင် အကြီးအမှူး ရှိကုန်၏။ စိတ်ဖြင့် ပြီးကုန်၏။ အကယ်၍ ကြည်လင်သော စိတ်နှလုံးဖြင့် ပြောဆိုလျှင်လည်းကောင်း၊ ပြုလုပ်လျှင်လည်းကောင်း၊ ကြံစည်လျှင်လည်းကောင်း အရိပ်သည် လူ၏ နောက်သို့ အစဉ်လိုက်ပါသကဲ့သို့ ချမ်းသာခြင်းသည် ထိုသူ၏ နောက်သို့ အစဉ်လိုက်ပါလေ၏။

## ရန်စကို တိုစေ၊ ချစ်စကို ရှည်စေ

### ၃– တိဿတ္ထေရဝတ္ထု

၃။ ဤသူသည် ငါ့ကို ဆဲရေးဖူးပြီ။ ငါ့ကို ညှဉ်းဆဲခဲ့ဖူးပြီ။ ငါ့ကို အောင်နိုင်ခဲ့ဖူးပြီ။ ငါ့ဥစ္စာကို ဆောင်ယူခဲ့ဖူးပြီ။ ဤသို့ ရန်ငြိုးကို စိတ်၌ နှောင်ဖွဲ့ထား၏။ ထိုရန်ငြိုးဖွဲ့ထားသူအား ရန်သည် မည်သည့် အခါမျှ မငြိမ်းအေးနိုင်ချေ။

၄။ ဤသူသည် ငါ့ကို ဆဲရေးခဲ့ဖူးပြီ။ ငါ့ကို ညှဉ်းဆဲခဲ့ဖူးပြီ။ ငါ့ကို အောင်နိုင်ခဲ့ဖူးပြီ။ ငါ့ဥစ္စာကို ဆောင်ယူခဲ့ဖူးပြီ။ ဤသို့ ရန်ငြိုးကို စိတ်၌ နှောင်ဖွဲ့မထားအပ်ပေ။ ဤသို့ ရန်ငြိုးမဖွဲ့သူအား ရန်အပေါင်းလည်း ငြိမ်းပျောက်ရလေ၏။

## ရန်ကို ရန်ချင်း မတုံ့လျှင်းနှင့်
### ၄– ကာဠယက္ခိနီဝတ္ထု

၅။ ဤလောက၌ ရန်တုံ့မူနေသဖြင့် ရန်တို့သည် ဘယ်သောအခါမျှ အငြိမ်းအေးနိုင်ကုန်။ ရန်တုံ့မမူမှသာလျှင် ရန်ငြိမ်းကုန်၏။ ဤသဘောတရားကား ရှေးရိုးစဉ်လာ ဓမ္မတာပေတည်း။

## သေဘေးကို ကြည့် ရန်မရှိ
### ၅– ကောသမ္ဗကဝတ္ထု

၆။ ဤလောက၌ မိုက်မဲသူတို့သည် ငါတို့ သေရလိမ့်မည်ဟူသော အသိကို မေ့ပျောက်ထားကြကုန်၏။ ထိုမသိ မေ့လျော့မှုကြောင့် ခိုက်ရန် ငြင်းခုန်မှုတို့သည် မပြေငြိမ်းနိုင်ကြကုန်။ ပညာရှိတို့သည်ကား ငါတို့ သေရလိမ့်မည်ဟူသော အသိကို မမေ့ပျောက်ကြကုန်။ ထိုအသိတရားကြောင့် ခိုက်ရန်ငြင်းခုန်မှုတို့သည် ပြေငြိမ်း ပပျောက်ကုန်၏။

## လေပြည်ဖြိုလို့ တောင်မပြိုနိုင်
### ၆– စူဠကာလ မဟာကာဠဝတ္ထု

၇။ လက် ခြေ အင်္ဂါ မျက်နှာ ရင် ဝမ်း နှုတ်ခမ်း သွား မေး ယဉ်ကျေးဖွယ်ရာ တင့်တယ်စွာဟု အခါခါရှု၍ နေသော၊ မျက်စိစသော ဣန္ဒြေတို့၌ မချုပ်မတည်း မစောင့်စည်းသော၊ ရသာချိုချဉ် ဘောဇဉ်တို့၌လည်း အတိုင်းအရှည်ကို မသိသော၊ ပျင်းရိသော၊ လုံ့လဝီရိယ မရှိသော သူတို့ကို ကိလေသာမာန် ကိုယ်တွင်းရန်သည် နှိပ်စက်ညှဉ်းဆဲ ခံရ၏။ လောကဥပမာဆိုလျှင် လေမုန်တိုင်းသည် တောင်ကမ်းပါးရှိ အားနွဲ့သော သစ်ပင်ကို လဲကျစေသကဲ့သို့တည်း။

၈။ တင့်တယ်မှုကို ရှု၍ မနေသော၊ မျက်စိစသော ဣန္ဒြေတို့၌ ကောင်းစွာ ချုပ်တည်းစောင့်စည်းသော၊ ဘောဇဉ်အရသာ အဖြာဖြာတို့၌ အတိုင်းအရှည်ကို သိသော၊ သဒ္ဓါတရားနှင့် ပြည့်စုံသော၊ လုံ့လဝီရိယနှင့် ပြည့်စုံသောသူကို ကိလေသာမာန် ကိုယ်တွင်းရန်သည် မနှိပ်စက်နိုင်ပေ။ လောကဥပမာဆိုလျှင် လေပြည်လေညင်းသည် ကျောက်တောင်ကို ပြိုအောင်မဖြိုနိုင်သကဲ့သို့တည်း။

#### ခက်ဆစ်အဖြေ

**ဣန္ဒြေ** = ဆိုင်ရာကိစ္စတို့၌ အစိုးရသောတရား ၊

**ကိလေသာမာန်** = သတ္တဝါတို့ကို ပူလောင်စေတတ်သောတရား ၊

**ကိလေသာ ၁၀–ပါး** ၊ (၁) လိုချင်တပ်မက်ခြင်း ' လောဘ '၊ (၂) အမျက်ထွက်ခြင်း 'ဒေါသ '၊ (၃) တွေဝေခြင်း ' မောဟ '၊ (၄) ထောင်လွှားခြင်း 'မာန '၊ (၅) အယူမှားခြင်း ' ဒိဋ္ဌိ '၊ (၆) ယုံမှားခြင်း ' ဝိစိကိစ္ဆာ '၊ (၇) ထိုင်းမှိုင်းခြင်း ' ထိန '၊ (၈) ပျံ့လွင့်ခြင်း ' ဥဒ္ဓစ္စ '၊ (၉) မကောင်းမှု ပြုလုပ်ရမည်ကို မရှက်ခြင်း ' အဟိရိက '၊ (၁၀) မကောင်းမှု ပြုလုပ်ရမည်ကို မကြောက်ခြင်း ' အနောတ္တပ္ပ ' တို့ ဖြစ်၏။

## သီလမညီ ဖန်ရည် မဝတ်သင့်
### ၇– ဒေဝဒတ္တဝတ္ထု

၉။ ဣန္ဒြေကို ဆုံးမခြင်း မရှိ။ မှန်ကန်စွာ ပြောဆိုခြင်း မရှိသော ၊ ကိလေသာဖန်ရည် မကင်းပါဘဲ ဖန်ရည်ဆိုးသင်္ကန်းကို ဝတ်သောသူသည် သင်္ကန်းနှင့် မထိုက်တန်ချေ။

၁၀။ ဣန္ဒြေကို ဆုံးမခြင်းရှိ၍ မှန်ကန်စွာ ပြောဆိုတတ်သော၊ ကိလေသာဖန်ရည်ကို ထွေးအန်ပြီး၍ သီလတို့၌ ကောင်းစွာ ထိန်းသိမ်းသော သူသည်သာလျှင် ဖန်ရည်ဆိုးသော

သက်န်းကို ထိုက်တန်ပေ၏။

**ခက်ဆစ်အဖြေ**

**သီလ** = ကိုယ် နှုတ် တို့ကို စောင့်စည်းခြင်း ၊

## အမှားကိုကြည် အမှန်မြင်

### ၈– သာရိပုတ္တတ္ထေရဝတ္ထု

၁၁။ အနှစ်မရှိသော တရားတို့ကို အနှစ်ရှိ၏ဟု ယုံကြည်၏။ အနှစ်ဖြစ်သော သူတော်ကောင်းတရားတို့၌လည်း အနှစ်မပါ အကာတရားဟု ယုံကြည်၏။ အမှားယုံကြည်မှုတွင် အာရုံရှိသော ထိုပုဂ္ဂိုလ်တို့သည် အနှစ်ရှိသော တရားကို မရနိုင်ပေ။

၁၂။ အနှစ်ရှိသော တရားကို အနှစ်ရှိ၏ဟု ယုံကြည်၏။ အနှစ်မဲ့သော တရားတို့ကိုလည်း အနှစ်မပါ အကာဖြစ်သော တရားတို့ဟူ၍ ယုံကြည်၏။ အမှန်တရားတို့ကို ယုံကြည်မှု၌ အာရုံရှိသော ထိုပုဂ္ဂိုလ်တို့သည် အနှစ်ရှိသော တရားတို့ကို ရနိုင်ကြကုန်၏။

## အမိုးအိုတော့ မိုးယို

### ၉– နန္ဒတ္ထေရဝတ္ထု

၁၃။ ကောင်းမွန်စွာ မိုး၍ မထားသော အိမ်ကို မိုးရေ မိုးပေါက်များ ယိုစီး ဝင်ရောက်လာသကဲ့သို့ သမထ ဝိပဿနာဖြင့် မပွားထုံအပ်သော စိတ်ကို ရာဂသည် ထိုးဖောက်ဝင်ရောက်နိုင်၏။

၁၄။ ကောင်းမွန်စွာ မိုး၍ ထားသော အိမ်ကို မိုးရေ မိုးပေါက်များ ယိုစီး ဝင်ရောက်ခြင်း မရှိသကဲ့သို့ သမထ ဝိပဿနာဖြင့် ပွားထုံအပ်သော စိတ်ကို ရာဂသည် ထိုးဖောက်ဝင်နိုင်စွမ်း မရှိချေ။

**ခက်ဆစ်အဖြေ**

**သမထ** = စိတ်တည်ငြိမ်အောင် အားထုတ်ရသော ကမ္မဋ္ဌာန်း ၊
ကမ္မဋ္ဌာန်း အမျိုးအစား ၄၀–ရှိသည်။
**ရာဂ** = လိုချင်တပ်မက်သောတရား ၊

## လူမိုက်နောင်တ စိုးရိမ်ရ

### ၁၀– စုန္ဒသူကရိကဝတ္ထု

၁၅။ မကောင်းမှုကို ပြုလုပ်သော သူသည် ဤဘဝ၌ ပြုမိလေခြင်းဟူ၍ စိုးရိမ်ပူပန်ရ၏။ တမလွန်ဘဝ၌လည်း စိုးရိမ်ရ၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ စိုးရိမ်ရ၏။ ထိုသူသည် မိမိ၏ ညစ်နွမ်းသော ကံကို မြင်၍ စိုးရိမ်ရ၏။ ပူပန်ရ၏။

## ကုသိုလ်ပြုလျှင် စိတ်ရွှင်

### ၁၁– ဓမ္မိကဥပါသကဝတ္ထု

၁၆။ ကောင်းမှုကို ပြုလုပ်သောသူသည် ဤဘဝ၌လည်း ကောင်းမှုကိုသာ ငါပြုသည်ဟု ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ချမ်းသာကို ခံစားရသဖြင့် ဝမ်းမြောက်ရ၏။ ထိုသူသည် ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏။ မိမိ၏ စင်ကြယ်သော ကံကို သိမြင်၍ ဝမ်းမြောက်ရ၏။ အလွန်ကြည်နူးရပေ၏။

# အကုသိုလ်ကံ ပူပန်မှု အကျိုး
## ၁၂– ဒေဝဒတ္တဝတ္ထု

၁၇။ မကောင်းမှုကို ပြုသောသူသည် ဤဘဝ၌လည်း ပူပန်ရ၏။ တမလွန်ဘဝ၌လည်း ပူပန်ရ၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ ပူပန်ရ၏။ ငါသည် မကောင်းမှုကို ပြုမိလေပြီဟူ၍ ပူပန်ရ၏။ ဒုဂ္ဂတိဘုံသို့ ကျရောက်ပါမူ အလွန်ပူပန်ရ၏။

### ခက်ဆစ်အဖြေ

**ဒုဂ္ဂတိဘုံ =** မကောင်းသော လားရာ ဘုံဌာန၊ အပါယ်ဘုံဌာန ။

**အပါယ်လေးပါး၊** ။ (၁) ငရဲဘုံ ။ (၂) တိရစ္ဆာန်ဘုံ ။ (၃) ပြိတ္တာဘုံ ။ (၄) အသူရကာယ်ဘုံ ။

# နှစ်သက်လို ကုသိုလ်ပြု
## ၁၃– သုမနဒေဝီဝတ္ထု

၁၈။ ကောင်းမှုကို ပြုလုပ်သောသူသည် ဤဘဝ၌လည်း နှစ်သက်ရ၏။ တမလွန်ဘဝ၌လည်း နှစ်သက်ရ၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ နှစ်သက်ရ၏။ ငါသည် ကောင်းမှုလုပ်ငန်းကို ပြုလုပ်ရပေပြီဟု နှစ်သက်ကြည်နူးရ၏။ သုဂတိဘုံဘဝသို့ လားရောက်ရပါမူ အလွန်နှစ်သက်ရ၏။

### ခက်ဆစ်အဖြေ

**သုဂတိဘုံ** = ကောင်းသော လားရာ ဘုံဌာန ။

**သုဂတိ ခုနစ်ဘုံ**၊ ။ (၁) လူ့ဘုံ၊ (၂) စတုမဟာရာဇ်ဘုံ၊ (၃) တာဝတိံသာဘုံ၊ (၄) ယာမာဘုံ၊ (၅) တုသိတာဘုံ၊ (၆) နိမ္မာနရတိဘုံ၊ (၇) ပရနိမ္မိတဝသဝတ္တီဘုံ ။

# နွားကျောင်းသား နွားနို့ မသောက်ရ
## ၁၄– ဒွေသဟာယကဘိက္ခုဝတ္ထု

၁၉။ အခစား နွားကျောင်းသားသည် မိမိထိန်းကျောင်းသော နွားတို့ကို စေ့စုံအောင် ရေတွက်၍ နွားရှင်ထံသို့ ဆောင်သွင်းအပ်လာရ၏။ နွားနို့ကို စားသုံးခွင့် မရပေ။ ထို့အတူ ပိဋကတ်သုံးပုံကို ကုန်စင်အောင် ဟောပြ ပို့ချနေပါသော်လည်း အနိစ္စသဘာဝကို မရှုမြင်ဘဲ ပေါ့တန်စွာ နေသည် ဖြစ်အံ့။ တရားဓမ္မကို ကျင့်သုံးသူတို့အား ဆောင်သွင်းပေးလိုက်ရသည် မည်၏။ မဂ်ဖိုလ်၏ အရသာကို ခံစားခွင့် မရပေ။

၂၀။ အကျိုးစီးပွားနှင့် စပ်သော တရားတော်ကို အနည်းငယ်မျှပင် ပြောဆိုပါသော်လည်း တရားဓမ္မကို ကျင့်ကြံသူ ဖြစ်ပါမူကား ရာဂ၊ ဒေါသ၊ မောဟ တို့ကို ပယ်ပြီးလျှင်ကောင်းစွာ အပြားအားဖြင့် သိသည်ဖြစ်၍၊ ကိလေသာတို့မှ ကောင်းစွာ လွတ်သော စိတ်ရှိသည် ဖြစ်၍ ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း စွဲလမ်းမှုများ မရှိတော့ပြီ။ ထိုသူသည် မဂ်ဖိုလ်၏ အရသာကို ခံစားရလေသည်။

### ခက်ဆစ်အဖြေ

**မဂ်** = ကိလေသာကို ပယ်ခွာလျက် နိဗ္ဗာန်ကို အာရုံပြုသောတရား ။

**မဂ်လေးပါး**၊ ။ (၁) သောတာပတ္တိမဂ်၊ (၂) သကဒါဂါမိမဂ်၊ (၃) အနာဂါမိမဂ်၊ (၄) အရဟတ္တမဂ် ။

**ဖိုလ်** = မဂ်၏ အကျိုးဖြစ်သောတရား ။

**ဖိုလ်လေးပါး၊** ။ (၁)သောတာပတ္တိဖိုလ်၊ (၂) သကဒါဂါမိဖိုလ်၊ (၃) အနာဂါမိဖိုလ်၊ (၄) အရဟတ္တဖိုလ် ။

**ဒေါသ** = စိတ်ဆိုးမှု ၊ ဖျက်ဆီးမှု ၊ ပြစ်မှားမှု ။

**မောဟ** = အမှန်တရားကို မသိမှု ၊ တွေဝေမှု ။

# ၂။ အပ္ပမာဒဝဂ်

## ပေါ့ပေါ့ပါနေ လူသေ

### ၁၅– သာမာဝတီဝတ္ထု

၂၁။ မမေ့လျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို ရခြင်းအကြောင်းတည်း။ မေ့လျော့စွာ နေခြင်းသည် အဖန်တလဲလဲ သေရခြင်း၏ အကြောင်းတည်း။ မမေ့လျော့သောသူတို့သည် သေသည် မမည်ကုန်။ မေ့လျော့ပေါ့တန်စွာ နေသူတို့သည်ကား သူသေကဲ့သို့တည်း။

၂၂။ မမေ့လျော့သော ပညာရှိတို့သည် ဤသို့ ထူးခြားစွာ သိမြင်သဖြင့် မမေ့လျော့သော သတိတရား၌ ရွှင်လန်း ဝမ်းမြောက်ကြကုန်၏။ မြတ်သော အရိယာတို့ ကျက်စားရာ လောကုတ္တရာတရားတို့၌ မွေ့လျော်ကြကုန်၏။

၂၃။ ထိုပညာရှိတို့သည် ကိလေသာတို့ကို လောင်ကျွမ်းစေပြီးလျှင် အမြဲအပြတ် လုံ့လပြုကုန်၍၊ ပြင်းစွာ အားထုတ်သည် ဖြစ်၍ ယောဂလေးပါးတို့၏ ကုန်ရာ အလွန်မြတ်လှစွာသော နိဗ္ဗာန်သို့ ရောက်ကြရကုန်၏။

#### ခက်ဆစ်အဖြေ

**နိဗ္ဗာန်** = တဏှာဟူသော အစွဲအလမ်း ကင်းရာ ၊

**အရိယာ** = မြင့်မြတ်သူ ၊

**လောကုတ္တရာ** = မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဟူသော တရား ၉–ပါး ၊

**ယောဂလေးပါး၊** ၊ (၁) ကာမယောဂ၊ (၂) ဘဝယောဂ၊ (၃) ဒိဋ္ဌိယောဂ၊ (၄) အဝိဇ္ဇာယောဂ ၊

## လုံ့လရှိမှ ချမ်းသာရ

### ၁၆– ကုမ္ဘဃောသကဝတ္ထု

၂၄။ ထကြွလုံ့လ ရှိသောသူ၊ သတိရှိသောသူ၊ စင်ကြယ်သော ကံရှိသူ၊ စူးစမ်း၍ ပြုလေ့ရှိသူ၊ ဣန္ဒြေကို စောင့်စည်းသူ၊ တရားသဖြင့် အသက်မွေးသူ၊ မမေ့မလျော့သောသူအား စည်းစိမ်ဥစ္စာ အရာအထူး ကျေးဇူးသတင်း ကျော်စောခြင်းသည် တစ်နေ့တခြား ကြီးပွားလာလေသည်။

#### ခက်ဆစ်အဖြေ

**သတိ** = ကောင်းသော အာရုံကို အောက်မေ့ခြင်း ၊

## သတိလို ဖိုလ်မရ

### ၁၇– စူဠပန္ထကဝတ္ထု

၂၅။ ထကြွခြင်းဖြင့်လည်းကောင်း၊ မမေ့လျော့ခြင်းဖြင့်လည်းကောင်း၊ သီလစောင့်ခြင်းဖြင့်လည်းကောင်း၊ ဣန္ဒြေကို ဆုံးမခြင်းဖြင့်လည်းကောင်း ပညာရှိသောသူသည် အရဟတ္တဖိုလ်တည်းဟူသော ကျွန်းကို ပြုလုပ်ရာ၏။ ထိုကျွန်းကို ကိလေသာတည်းဟူသော ရေအလျဉ်သည် မဖျက်ဆီးနိုင်ချေ။

#### ခက်ဆစ်အဖြေ

**အရဟတ္တဖိုလ်** = အမြတ်ဆုံးဖြစ်သော အရိယာပုဂ္ဂိုလ်တို့၏စိတ်၊ ကိလေသာအားလုံးကို ပယ်သတ်ပြီးဖြစ်၍ ပရိနိဗ္ဗာန်စံဝင်မည့်ပုဂ္ဂိုလ်၏ စိတ် ၊

## သတိသည်သာ မြတ်ဥစ္စာ

### ၁၈– ဗာလနက္ခတ္တဝတ္ထု

၂၆။ ပညာမဲ့၍ မိုက်မဲသောသူတို့သည် မေ့လျော့ခြင်းကို အားထုတ်ကြကုန်၏။ ပညာရှိသည်ကား မမေ့လျော့ခြင်းကိုသာ မြတ်သော ဥစ္စာကဲ့သို့ စောင့်ရှောက်၏။

၂၇။ ထို့ကြောင့် မေ့လျော့ခြင်းကို မဖြစ်စေကုန်လင့်။ ဝတ္ထုကာမ၊ ကိလေသာကာမ တို့၌ မွေ့လျော်ခြင်းဟု ဆိုအပ်သော တဏှာနှင့် အကျွမ်းဝင်ခြင်းကို အားမထုတ်ကြကုန်လင့်။ သမထ ဝိပဿနာဖြင့် ကိလေသာတို့ကို ရှို့မြှိုက်သော မမေ့လျော့သော သူသည် မြတ်သော နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်လေသည်။

**ခက်ဆစ်အဖြေ**

**ဝတ္ထုကာမ** = စွဲလမ်းစရာ အာရုံများ ၊

**ကိလေသာကာမ** = အာရုံတရားတို့ အပေါ်၌ စွဲလမ်းသော စိတ်ဓာတ် ၊

**တဏှာ** = တွယ်တာစွဲလမ်းမှု၊ တပ်မက်မှု ၊

**ဝိပဿနာ** = ရုပ် နာမ်တရားတို့၏ ဖြစ် ပျက်နေမှု သဘောကို ဉာဏ်ဖြင့် တွေးခေါ်ရှုမြင်ခြင်း ၊

## လူမိုက်ကိုမြင် ပညာရှင်

### ၁၉– မဟာကဿပတ္ထေရဝတ္ထု

၂၈။ ပညာရှိသည် မေ့လျော့ခြင်းကို မမေ့လျော့သော သတိဖြင့် ပယ်ဖျောက်၏။ စိုးရိမ်မှု ကင်းပြီးသော ရဟန္တာသည် ဒိဗ္ဗစက္ခုတည်းဟူသော ပညာပြာသာဒ်သို့ တက်ပြီးလျှင် စိုးရိမ်မှု ရှိနေကြသော သတ္တဝါအပေါင်းကို ကြည့်ရှု၏။ တောင်ထိပ်၌ နေသောသူသည် မြေပြင်၌ နေသောသူတို့ကို မြင်ရသကဲ့သို့ မမေ့လျော့သော ပညာရှိသည် မေ့လျော့သော သူမိုက်တို့ကို မြင်ရ၏။

**ခက်ဆစ်အဖြေ**

**ဒိဗ္ဗစက္ခု** = နတ်မျက်စိနှင့်တူသော အဘိညာဉ်မျက်စိ ၊

**စက္ခုငါးပါး**၊ ၊ (၁) ဗုဒ္ဓစက္ခု၊ (၂) သမန္တစက္ခု၊ (၃) ဓမ္မစက္ခု၊ (၄) ဒိဗ္ဗစက္ခု၊ (၅) ပသာဒစက္ခု ၊

## မေ့လျော့သူ နိဗ္ဗူနှင့်ဝေး

### ၂၀– ဒွေသဟာယကဘိက္ခုဝတ္ထု

၂၉။ မေ့လျော့သောသူသည် အိပ်ပျော်နေသူနှင့် တူ၏။ မမေ့လျော့သူသည် နိုးကြားနေသူနှင့် တူ၏။ လျင်မြန်သော မြင်းကောင်းသည် ကြန်အင်မစုံ အားကုန်သော မြင်းပိန်ကို ချန်ထား၍ ပြေးသွားကဲ့သို့ မမေ့လျောသော ပညာရှိသည် မေ့လျော့သောသူကို သံသရာ၌ ချန်ထားခဲ့၍ နိဗ္ဗာန်ခရီးကို မရပ်မနား သွားလေ၏။

## မေ့လျော့မှု ရန်သူထက်ဆိုး

### ၂၁– မဃဝတ္ထု

၃၀။ သိကြားမင်းသည် ကောင်းမှု၌ မမေ့လျော့ခြင်းကြောင့် နတ်တို့၏ အထွတ်အမြတ် အဖြစ်သို့ ရောက်ရှိလေ၏။ ကောင်းမှု၌ မမေ့လျော့ခြင်းကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကောင်းမှု၌ မေ့လျော့ခြင်းကို အခါခပ်သိမ်း ကဲ့ရဲ့အပ်ကုန်၏။

**ခက်ဆစ်အဖြေ**

**သိကြားမင်း** = နတ်တို့၏ အကြီးအကဲ ဖြစ်သူ ၊

**နတ်** = အများကိုးကွယ်ရာ ဖြစ်သူ ။
**နတ်သုံးမျိုး**၊ ။ (၁) သမ္မုတိနတ်၊ (၂) ဥပပတ္တိနတ်၊ (၃) ဝိသုဒ္ဓိနတ် ။

## သေဘေးကိုမြင် သံယောဇဉ်ပျောက်
### ၂၂– အညတရဘိက္ခုဝတ္ထု

၃၁။ မမေ့လျော့ခြင်း၌ မွေ့လျော်သော၊ မေ့လျော့ခြင်း၌ ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် မီးသည် လောင်စာဟူသမျှကို လောင်ကျွမ်းစေသကဲ့သို့ သံယောဇဉ် ဟူသမျှကို လောင်ကျွမ်းစေလျက် နိဗ္ဗာန်သို့ သွား၏။

**ခက်ဆစ်အဖြေ**

**သံယောဇဉ်** = သတ္တဝါတို့၏ စိတ်နှလုံးကို ချည်နှောင်ထားတတ်သော တွယ်တာမှုတရား ။

## ဘယဉာဏ် နိဗ္ဗာန်နှင့်နီး
### ၂၃– နိဂမဝါသီတိဿတ္ထေရဝတ္ထု

၃၂။ မမေ့လျော့ခြင်း၌ မွေ့လျော်သော၊ မေ့လျော့ခြင်း၌ ဘေးဟု ရှုလေ့ရှိသော ပုဂ္ဂိုလ်သည် ဆုတ်ယုတ်ခြင်းငှာ အကြောင်း မရှိပေ။ နိဗ္ဗာန်ဟူသော အကြောင်း အထောက်အပံ့နှင့်သာလျှင် နီးပေသည်။

**ခက်ဆစ်အဖြေ**

**ဘယဉာဏ်** = စွဲလမ်းမှု ခန္ဓာစသည်တို့၌ ဘေးဟု ရှုမြင်သော အသိဉာဏ် ။

# ၃။ စိတ္တဝဂ်

## စိတ်ကောက်လျှင် စောင့် ၊ မြားကောက်လျှင် ဖြောင့်
### ၂၄– မေဃိယတ္ထေရဝတ္ထု

၃၃။ လေးသမားသည် ကောက်သော မြားကို ဖြောင့်အောင် ပြုလုပ်သကဲ့သို့ အာရုံတရားတို့၌ တုန်လှုပ်တတ်သော၊ လျှပ်ပေါ်လော်လီသော၊ စောင့်ထိန်းရန် ခက်ခဲသော၊ တားမြစ်ရန် ခက်ခဲသော စိတ်ကောက်ကို ပညာရှိသည် ဖြောင့်အောင် ပြု၏။

၃၄။ ငါးသည် ရေတည်းဟူသော တည်ရာမှ ထုတ်ဆောင်၍ ကြည်းကုန်း၌ တည်ထားသည်ရှိသော် တဆွေ့ဆွေ့ခုန်၍ တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်နိုင်ရန်အတွက် ဘာဝနာတရားဖြင့် ကာမနယ်မှ ထုတ်ဆောင်ထားအပ်သော ဤစိတ်သည် ကာမဂုဏ်ခတ်ကြောင့် တဖျပ်ဖျပ်တုန်လှုပ်လေ၏။

**ခက်ဆစ်အဖြေ**

**ကိလေသမာရ်** = ကိလေသာတရားများ ။
**မာရ်ငါးပါး**၊ ။ (၁) ခန္ဓမာရ်၊ (၂) မစ္စုမာရ်၊ (၃) အဘိသင်္ခါရမာရ်၊ (၄) ဒေဝပုတ္တမာရ်၊
(၅) ကိလေသမာရ် ။

## ချမ်းသာလို စိတ်ကို ဆုံးမ
### ၂၅– အညတရဘိက္ခုဝတ္ထု

၃၅။ နှိမ်နင်းရန် ခက်ခဲသော၊ လျင်မြန်စွာ ဖြစ်ခြင်း ချုပ်ခြင်းသဘောရှိသော၊ ကာမဂုဏ်ငါးပါး အာရုံတရားတို့၌ ကျက်စားလေ့ ရှိသော စိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ ဆုံးမ

ပြီး၍ ယဉ်ကျေးသော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

**ခက်ဆစ်အဖြေ**

**ကာမဂုဏ်ငါးပါး၊** ။(၁) အဆင်း 'ရူပါရုံ '၊ (၂) အသံ 'သဒ္ဒါရုံ '၊ (၃) အနံ့ 'ဂန္ဓာရုံ '၊ (၄) အရသာ 'ရသာရုံ '၊ (၅) အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ '၊

## စိတ်လုံမှ လူလုံ

### ၂၆– ဉကဏ္ဍိတဘိက္ခုဝတ္ထု

၃၆။ အလွန်တရာ မြင်နိုင်ခဲသော၊ အလွန်သိမ်မွေ့သော အာရုံငါးပါး ကာမဂုဏ်တရား တို့၌ ကျက်စားလေ့ရှိသော စိတ်ကို ပညာရှိသည် လုံခြုံအောင် စောင့်ရှောက်ရာ၏။ စောင့် ရှောက်ထားအပ်သော လုံခြုံသော စိတ်သည် ချမ်းသာသုခကို ဆောင်၏။

## ကိလေသာ စိတ်ဟာပဓာန

### ၂၇– သံဃရက္ခိတဝတ္ထု

၃၇။ ဝေးသော အရပ်၌ ရှိသော အာရုံကို မြန်စွာ ဆောင်ယူတတ်သော၊ အာရုံတစ် ခုချုပ်ပြီး တစ်ခုဖြစ်တတ်သော၊ ကိုယ်လည်း မဟုတ်သော၊ မဟာဘုတ်တရားဟူသော လိုဏ် ဂူလျှင် တည်ရာရှိသော စိတ်ကို အကြင်သူတို့သည် စောင့်စည်းနိုင်ကြကုန်၏။ ထိုစိတ်ကို ချုပ်တည်း စောင့်စည်းနိုင်သော သူတို့သည် မာရ်ဟူသော အနှောင်အဖွဲ့မှ လွတ်မြောက်ကုန်လတ့်။

**ခက်ဆစ်အဖြေ**

**မဟာဘုတ် =** ကြီးကျယ်ထင်ရှားသောရုပ်၊ ဓာတ်ကြီးလေးပါး ၊

**မဟာဘုတ်လေးပါး၊** ။(၁) မြေမှုန်ဓာတ် 'ပထဝီ '၊ (၂) ဖွဲ့စည်းဓာတ် 'အာပေါ '၊ (၃) အငွေ့ဓာတ် 'တေဇော '၊ (၄) လှုပ်ရှားဓာတ် 'ဝါယော ' တို့ ဖြစ်သည်။

## ဖွဲပုံပေါ်တိုင်စိုက် အခိုက်အတန့်

### ၂၈– စိတ္တဟတ္ထတ္ထေရဝတ္ထု

၃၈။ ဖွဲပုံပေါ် တိုင်စိုက်သကဲ့သို့ အခိုက်အတန့်မျှသာ စိတ်ရှိထသော၊ သူတော် ကောင်းတို့၏ တရားတော်မြတ်ကို ကောင်းစွာ မသိသော၊ ယုံကြည်မှု ခိုင်မြဲခြင်း မရှိသောသူ အား ပညာသည် ပြည့်စုံနိုင်ခြင်း မရှိပေ။

၃၉။ ရာဂဖြင့် စိုစွတ်သော စိတ်မရှိသော၊ ဒေါသဖြင့် ဖျက်ဆီးသော စိတ်မရှိသော၊ ကောင်းမှု မကောင်းမှုဟူသော သဘောတရားကို ပယ်သတ်ပြီးသော၊ မောဟဟူသော အိပ်ပျော် ခြင်းမှ နိုးသောသူအား ဘေးရန်ဟူသမျှ ကင်းပသူ ဖြစ်လေပြီ။

## လူ့ခန္ဓာ ပမာအိုးမျိုး

### ၂၉– ပဉ္စသတဘိက္ခုဝတ္ထု

၄၀။ ဤခန္ဓာကိုယ်ကို မကြာမတင် ပျက်စီးတတ်သော အိုးနှင့်တူသည်ဟု သိ၍၊ ဤ စိတ်ကို ရန်မဝင်နိုင်သော ခိုင်ဖြိုးသည့် မြို့ကြီးသဖွယ် ဖြစ်စေ၍ ပညာလက်နက်ဖြင့် ကိလေ သာမာရ် အတွင်းရန်ကို စောင့်ရှောက် ဖျက်ဆီးရာ၏။ တိုက်ဖျက်၍ အောင်မြင်သော တရား ကိုလည်း သာယာကပ်ငြိခြင်း မရှိဘဲ စောင့်ရှောက်ထားရာ၏။

## ခန္ဓာကိုယ်ကြီး မြေကြီးသြဇာ
### ၃၀– ပူတိဂတ္တတိဿတ္ထေရဝတ္ထု

၄၁။ ဤခန္ဓာကိုယ်သည် စိတ်ဝိညာဉ် ကင်းမဲ့သွားခဲ့သည်ရှိသော် အသုံးမကျသော ထင်းနတ် ထင်းဖွဲကဲ့သို့ စွန့်ပစ်အပ်သည် ဖြစ်၍ မကြာမီ မြေတွင်း၌ အိပ်စက်ရလိမ့်မည်တကား။

**ခက်ဆစ်အဖြေ**

**ဝိညာဉ်** = သိမှုသဘော ၊ အသိစိတ် ၊

## ရန်ငြိုးရှိတော့ တစ်ဘဝသာ
## စိတ်ဆိုးရှိတော့ ဘဝများစွာ
### ၃၁– နန္ဒဂေါပါလကဝတ္ထု

၄၂။ ခိုးသူတစ်ယောက်သည် ခိုးသူတစ်ယောက်ကိုလည်းကောင်း၊ ရန်သူတစ်ယောက်သည် ရန်သူတစ်ယောက်ကိုလည်းကောင်း မြင်တွေ့သောအခါ ပျက်စီးအောင် ဤဘဝ၌သာ ပြုလုပ်နိုင်၏။ မကောင်းသဖြင့် ထားရှိသော စိတ်သည်ကား ထိုစိတ်ဖြစ်ပွားသူကို ဘဝများစွာ သံသရာ၌ ယုတ်ညံ့အောင် ပြုလုပ်တတ်လေ၏။

**ခက်ဆစ်အဖြေ**

**သံသရာ** = ဘဝအဆက်မပြတ် ဖြစ်ခြင်း၊ စွဲလမ်းအပ်သော ရုပ်နာမ်ခန္ဓာတို့ မပြတ် ဖြစ်ပေါ်ခြင်း၊

## ဘယ်သူမပြု မိမိမှု
### ၃၂– သောရေယျဝတ္ထု

၄၃။ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမိသည်လည်း ပြုမပေးနိုင်။ အဘသည်လည်း ပြုမပေးနိုင်။ ဆွေမျိုးတို့လည်း ပြုမပေးနိုင်ပေ။ ထိုချမ်းသာ အမျိုးမျိုးတို့ကိုကောင်းစွာထားအပ်သော စိတ်ကသာလျှင် မိဘဆွေမျိုးတို့ထက် မြင့်မားအောင် ပြုလုပ်ပေးနိုင်ပေ၏။

# ၄။ ပုပ္ဖဝဂ်

## ဘဝကို သိ ပညာရှိ
### ၃၃– ပဉ္စသတဘိက္ခုဝတ္ထု

၄၄။ ဤခန္ဓာကိုယ်တည်းဟူသော မြေကြီးကိုလည်းကောင်း၊ နတ်လောကနှင့်တကွသော ဤလူ့လောကကိုလည်းကောင်း အဘယ်သူသည် ဉာဏ်ဖြင့် ရွေးချယ်နိုင်မည်နည်း။ ကျွမ်းကျင်ပြီးသော ပန်းသည်သည် ပန်းကို ကောင်းစွာ စိစစ်ရွေးချယ်နိုင်သကဲ့သို့ ကောင်းစွာ ဟောကြားအပ်သော တရားအစုအဝေးကို ဘယ်သူသည် စိစစ်ရွေးချယ်နိုင်မည်နည်း။

၄၅။ ဤခန္ဓာကိုယ်တည်းဟူသော မြေကြီးကိုလည်းကောင်း၊ အပါယ်လေးဘုံကိုလည်းကောင်း၊ နတ်လောကနှင့်တကွ ဤလူ့လောကကိုလည်းကောင်း သေက္ခပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် ရွေးချယ်နိုင်ကုန်လတ့်။ ကျွမ်းကျင်ပြီးသော ပန်းသည်သည် ပန်းကို ကောင်းစွာ စိစစ်ရွေးချယ်နိုင်သကဲ့သို့ ကောင်းစွာ ဟောကြားအပ်သော တရားအစုအဝေးကို သေက္ခပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် ရွေးချယ်နိုင်ကုန်လတ္တံ့။

**ခက်ဆစ်အဖြေ**

**သေက္ခပုဂ္ဂိုလ်** = ရဟန္တာဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ် ။

**သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်၊** ။ (၁) သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ (၂) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊ (၃) သကဒါဂါမိ မဂ်ပုဂ္ဂိုလ်၊ (၄) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၊ (၅) အနာဂါမိမဂ်ပုဂ္ဂိုလ်၊ (၆) အနာဂါမိဖိုလ် ပုဂ္ဂိုလ်၊ (၇) အရဟတ္တမဂ်ပုဂ္ဂိုလ် ။

## ရေမြှုပ်ပမာ ဤခန္ဓာ

## ၂၄– မရီစိကမ္မဋ္ဌာနိကဘိက္ခုဝတ္ထု

၄၆။ ဤခန္ဓာကိုယ်ကို ရေမြှုပ်နှင့် တူသည်ဟုလည်းကောင်း၊ တံလျှပ်နှင့် တူသည်ဟု လည်းကောင်း ကောင်းစွာ ဉာဏ်ဖြင့် သိသည်ဖြစ်၍ မာရ်မင်း၏ ပန်းခိုင်သဖွယ်ဖြစ်သော ဝဋ် သုံးပါးကို ဖြတ်တောက်ပြီးလျှင် သေမင်း၏ မမြင်နိုင်ရာ နိဗ္ဗာန်သို့ သွားရာ၏။

**ခက်ဆစ်အဖြေ**

**မာရ်မင်း =** မာရ်ငါးပါး ။

ဝဋ်သုံးပါး၊ ။ (၁) ကိလေသဝဋ်၊ (၂) ကမ္မဝဋ်၊ (၃) ဝိပါကဝဋ် ။

## ပန်း ရွေးရင်း ကြေ ၊ လူ တွေးရင်း သေ

## ၃၅– ဝိဋူဋဘဝတ္ထု

၄၇။ ပန်းတို့ကို ကောင်းနိုးရာရာ အာသာမပျယ် ရွေးချယ်သောသူကဲ့သို့ ကာမဂုဏ် ချမ်းသာကို အာသာမပျယ် ရွေးချယ်သော အလွန်တရာ တွယ်တာကပ်ငြိသော စိတ်ရှိသော သူတို့အား အဟုန်ပြင်းစွာ စီးဆင်းလာသော ရေအလျဉ်သည် အိပ်ပျော်နေသော ရွာကို လွှမ်း မိုး တိုက်ယူသွားသကဲ့သို့ သေမင်းသည် ဆောင်ယူသွား၏။

**ခက်ဆစ်အဖြေ**

**ကာမဂုဏ်** = ရူပါရုံစသော အာရုံငါးပါး ။

## ကာမဂုဏ်ပန်း ဆွတ်လှမ်းသူ

## ၃၆– ပတိပူဇိကာဝတ္ထု

၄၈။ အလှပန်းကို လှမ်းဆွတ်သောသူကဲ့သို့ ကာမဂုဏ်တည်းဟူသော ပန်းကို ဆွတ် သော၊ မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသော စိတ်ရှိသော ၊ ကာမဂုဏ်တို့၌ မရောင့်ရဲနိုင်သော သူကို သေမင်းယုတ်သည် မိမိအလိုအတိုင်း ပြုလုပ်လေ၏။

## ဘဝကို ပျားလိုကျင့်

## ၃၇– မစ္ဆရိယသေဋ္ဌိဝတ္ထု

၄၉။ ပျားပိတုန်းတို့သည် ပန်းပွင့်ကိုလည်းကောင်း၊ အဆင်း အနံ့ကိုလည်းကောင်း မပျက်စေဘဲ ပန်းဝတ်ရည်ကို စုတ်ယူပျံသွားသကဲ့သို့ ရဟန်းသည် ပန်းတည်းဟူသော သဒ္ဓါ တရားကိုလည်းကောင်း၊ အဆင်း အနံ့တည်းဟူသော စည်းစိမ်ဥစ္စာကိုလည်းကောင်း မပျက်စီး စေမူ၍ ပစ္စည်းလေးပါးဟူသော အရသာကို ခံယူကျင့်သုံးရ၏။

**ခက်ဆစ်အဖြေ**

**သဒ္ဓါ** = ယုံကြည်မှု ၊ ကြည်ညိုမှု ။

**သဒ္ဒါလေးမျိုး**၊ ။ (၁) ပသာဒသဒ္ဒါ၊ (၂) ဩကပ္ပနသဒ္ဒါ၊ (၃) အဓိဂမသဒ္ဒါ၊ (၄) အာဂမသဒ္ဒါ ။
**ပစ္စည်းလေးပါး**၊ ။ (၁) ဆွမ်း၊ (၂) သင်္ကန်း၊ (၃) ကျောင်း၊ (၄) ဆေး ။

## ကောင်း မကောင်း ပြန်ပြောင်းဆင်ခြင်ရာ
## ၃၈– ပါဝေယျကာဇီဝကဝတ္ထု

၅၀။ သူတစ်ပါးတို့၏ မသင့်လျော်သော အပြစ်ဒေါသကို မကြည့်ရှု မဆင်ခြင်ရာ။ သူတစ်ပါးတို့၏ ကောင်းမှု၊ မကောင်းမှု ပြု၊ မပြုကို မကြည့်ရှု မဆင်ခြင်ရာ။ မိမိ၏ ကောင်းမှု၊ မကောင်းမှု ပြု၊ မပြုကိုသာလျှင် ရှုဆင်ခြင်ရာ၏။

## ကျွဲပါး စောင်းတီး အချည်းနှီး
## ၃၉– သတ္တပါဏိဥပါသကဝတ္ထု

၅၁။ အရောင်အဆင်းသာ ရှိ၍ ရနံ့ထုံသင်း မွှေးပျံ့ခြင်း မရှိသော ပေါက်ပွင့်၊ မိုးဆွေအစရှိသော ပန်းတို့သည် မြတ်နိုးဖွယ်ရာ အကျိုးမရှိသကဲ့သို့ ကောင်းစွာ ဟောကြားအပ်သော တရားတော်သည် မလိုက်နာ မကျင့်သုံးသူအား အကျိုးဆောင်၍ မပေးနိုင်ချေ။

၅၂။ အရောင်အဆင်းလည်းရှိ၍ ရနံ့ထုံသင်း မွှေးပျံ့ခြင်းလည်းရှိသော စံပယ်၊ နှင်းဆီစသော ပန်းသည် လူမြတ်နိုး၍ အကျိုးရှိသကဲ့သို့ ကောင်းစွာ ဟောကြားအပ်သော တရားတော်သည် လိုက်နာ ကျင့်သုံးသူအား အကျိုးများစွာ ရွက်ဆောင်ပေး၏။

## လူ့တန်ဆာ သဒ္ဒါပန်း
## ၄၀– ဝိသာခါဥပါသိကာဝတ္ထု

၅၃။ ပန်းပုံကြီး အတွင်းမှာ များစွာသော ပန်းတို့ကို သီကုံးပြုလုပ်သကဲ့သို့ ဖြစ်ပေါ်လာသော သတ္တဝါတို့သည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဒါတည်းဟူသော ပန်းအစုမှ များစွာသော ကုသိုလ်ပန်းကုံးကို ပြုလုပ်ရာ၏။

## ပန်း လေစုန် ၊ ဂုဏ် လေဆန်
## ၄၁– အာနန္ဒတ္ထေရပဉှဝတ္ထု

၅၄။ ထုံသင်းမွှေးပျံ့ ပန်း၏ရနံ့တို့သည် လေတင် လေညာသို့ မရောက်နိုင်ပေ။ စန္ဒကူး၊ တောင်စလပ်၊ ကြက်ရုံး၊ စံပယ်ရနံ့တို့သည်လည်း လေညာသို့ မရောက်နိုင်ကြပေ။ သူတော်ကောင်းတို့၏ သီလတည်းဟူသော ရနံ့သည်ကား လေတင် လေညာသို့ ရောက်နိုင်၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည်ကား အရပ်မျက်နှာ အားလုံးသို့ လှိုင်ပျံ့မွှေးကြိူ၏။

၅၅။ စန္ဒကူးပန်း၊ တောင်စလပ်ပန်း၊ ကြာညိုပန်း၊ မြတ်လေးပန်းတို့သည် ရနံ့ထုံသင်း မွှေးပျံ့ခြင်း ရှိကုန်၏။ ဤပန်းရနံ့ အပေါင်းတို့ထက် သီလတည်းဟူသော ရနံ့သည် အတုမရှိ မြတ်လှပေ၏။

## ပန်းသတင်း ဝန်းကျင် ၊ လူ့သတင်း ပြည်ခွင်
## ၄၂– မဟာကဿပတ္ထေရ ပိဏ္ဍပါတဒါနဝတ္ထု

၅၆။ တောင်စလပ်ပန်း၊ စန္ဒကူးပန်းတို့၏ ရနံ့သည် အနည်းငယ်မျှသာတည်း။ သီလရှိသော ပုဂ္ဂိုလ်တို့၏ သီလတည်းဟူသော ရနံ့သည်ကား ထူကဲလွန်မြတ်သည် ဖြစ်၍ နတ်

ဗြဟ္မာတို့၏ နေရာ ဌာနသို့အထိ သင်းပျံ့ကြိုင်လှိုင်၏။

**ခက်ဆစ်အဖြေ**

**ဗြဟ္မာ** = ကြီးကျယ်မြင့်မြတ်ခြင်း၊ ၎င်းတို့၏ နေရာဌာန ၊

**ဗြဟ္မာနှစ်ဆယ်၊** ၊ ရူပဗြဟ္မာမျိုး ၁၆ ၊ အရူပဗြဟ္မာမျိုး ၄–ပါး ပေါင်း ၂၀– ရှိသည်။

## သူတော်ကောင်း လမ်း လူမိုက် မမှန်းနိုင်

### ၄၃– ဂေါဓိကတ္ထေရဝတ္ထု

၅၇။ သီလနှင့် ပြည့်စုံသော၊ မမေ့ မလျော့ နေလေ့ရှိသော၊ ကောင်းစွာ ဉာဏ်ဖြင့် သိ၍ ကိလေသာမှ လွတ်မြောက်သော သူတို့၏ သွားရာ လမ်းခရီးကို မာရ်နတ်သည် မတွေ့ မမြင်နိုင်ချေ။

**ခက်ဆစ်အဖြေ**

**မာရ်နတ်၊** ၊ အဖျက် အမှောင့်ကို ဖြစ်စေသူ ၊

## အမှိုက်ပေါ် ကြာပေါက် ဂုဏ်ရောက်သည်သာ

### ၄၄– ဂရဟဒိန္နဝတ္ထု

၅၈။ တံမြက်ချေး စရာအရပ်ဖြစ်သော ခရီးလမ်းမရှိ အမှိုက်ပုံပေါ်၌ စင်ကြယ်သန့်ရှင်း ထုံသင်းသော ရနံ့ရှိသော ပဒုမာကြာပန်းသည် ပေါက်ရောက်၍ လာသကဲ့သို့ ။–

၅၉။ ထို့အတူ အမှိုက်ပုံသဖွယ် ဖြစ်သော သတ္တဝါတို့၏ အလယ်၌ ဘုရားရှင်၏ တပည့်သား ဖြစ်သော သူသည် အကန်းသဖွယ်ဖြစ်သော ပုထုဇဉ်တို့ကို ပညာဖြင့် ကျော်လွန်၍ တင့်တယ်၏။

**ခက်ဆစ်အဖြေ**

**ပုထုဇဉ်၊** ၊ ကိလေသာ ထူပြောသူ၊ အရိယာတို့မှ သီးခြားဖြစ်သော လူအများစု ၊

# ၅။ ဗာလဝဂ်

## အားမရှိသူ ယူဇနာရှည်
## တရားမသိသူ သံသရာရှည်

### ၄၅– ပသေနဒီကောသလဝတ္ထု

၆၀။ အိပ်မပျော်သောသူအား ညည့်တာသည် ရှည်လျား၏။ ခရီးပန်းသောသူအား တစ်ယူဇနာခရီးသည် ရှည်လျား၏။ သူတော်ကောင်းတရားကို မသိသော လူမိုက်တို့အား သံသရာသည် ရှည်လျား၏။

**ခက်ဆစ်အဖြေ**

**တစ်ယူဇနာ၊** ၊ ရှစ်မိုင်နှင့် ညီမျှသောခရီး ၊

## သူတော်ချင်းချင်း သတင်းလွေ့လွေ့ ပေါင်းဖက်တွေ့

### ၄၆– မဟာကဿပ သဒ္ဓိဝိဟာရိကဝတ္ထု

၆၁။ တရားကျင့်သောသူသည် မိမိထက် သီလစသော ဂုဏ်ဖြင့် မြင့်မြတ်သူကို လည်းကောင်း၊ မိမိနှင့် ရည်တူအဆင့် ရှိသူကိုလည်းကောင်း မရရှိငြားအံ့။ တစ်ယောက်တည်းသာ စွဲမြဲစွာ ကျင့်သုံးနေထိုင်သင့်သည်။ လူမိုက်တို့နှင့် ပေါင်းသင်းဆက်ဆံသဖြင့် အကျိုး မရှိချေ။

## သေဘော ငွေပေးလို့ မရ
## ၄၇– အာနန္ဒသေဋ္ဌိဝတ္ထု

၆၂။ ငါ့အား သားသမီးတို့သည် ရှိကုန်၏။ ဥစ္စာတို့လည်း ရှိကုန်၏ဟူ၍ မမြဲသော သဘာဝကို မဆင်ခြင်သော လူမိုက်သည် သာယာစွဲလမ်းမှုဖြင့် ပင်ပန်းဆင်းရဲရ၏။ အမှန်အားဖြင့် ငါတည်းဟူသော ကိုယ်ခန္ဓာသည်ပင် ယူငင်၍ ရကောင်းသည် မဟုတ်။ ငါပိုင်သည် မဟုတ်ပေ။ ငါ၏ သားသမီးသည် အဘယ်မှာ ရှိမည်နည်း။

## လူမိုက်က ပညာရှိထင်
## ၄၈– ဂဏ္ဌိကဘေဒက စောရဝတ္ထု

၆၃။ လူမိုက်သည် မိမိမိုက်သည့် အဖြစ်ကို သိ၏။ ထိုသို့သိခြင်းကြောင့် လူမိုက်အဖြစ်မှ ပညာရှိဖြစ်နိုင်၏။ လူမိုက်သည် မိမိကိုယ်ကို ငါပညာရှိဖြစ်သည်ဟု အထင်ရောက်ပါမူကား ထိုသူကို လူမိုက်စစ်စစ်ဟု ခေါ်ဆိုရပေသည်။

## ဟင်းရဲ့ ရသ ယောက်မ မသိ
## ၄၉– ဥဒါယိတ္ထေရဝတ္ထု

၆၄။ ဟင်းမွှေနေကျ ယောက်မသည် ဟင်းအရသာကို မသိသကဲ့သို့ လူမိုက်သည် အသက်ရှည်သမျှ ကာလပတ်လုံး ပညာရှိသူထံ၌ ဆည်းကပ်နေသော်လည်း သူတော်ကောင်းတို့၏ တရားတော်ကို မသိနိုင်ချေ။

## ဟင်း အရသာ လျှာမှ သိ
## ၅၀–တိံသပါဝေယျကဝတ္ထု

၆၅။ လျှာသည် ဟင်း၏ အရသာကို လျင်မြန်စွာ သိရှိသကဲ့သို့ တတ်သိနားလည်မှု ရှိသောသူသည် မိမိထက် တတ်ကျွမ်းသော ပညာရှိကို တစ်ခဏမျှ ပေါင်းဖော်လိုက်ရစေကာမူ သူတော်ကောင်းတို့၏ တရားကို လျင်မြန်စွာ သိရှိနိုင်၏။

## မကောင်းတာပြု မကောင်းမှု ခန္ဓာ
## ၅၁– သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု

၆၆။ အကြင်ကံသည် စပ်ပူပြင်းစွာ မခံသာသော အကျိုးရှိ၏။ ယုတ်မာသော မကောင်းမှုကံကို ပြုကုန်လျက် ပညာမဲ့သော လူမိုက်တို့သည် ရန်သူဖြစ်သော မိမိခန္ဓာကိုယ်ဖြင့် သံသရာ၌ လှည့်လည်ကြကုန်၏။

### ခက်ဆစ်အဖြေ

**ကံ** = ပြုလုပ်ခြင်း၊ အမှုဆောင်ခြင်း ၊

**ကံသုံးပါး**၊ ၊ ကိုယ်ဖြင့် ပြုလုပ်သော ' ကာယကံ '၊ (၂) နှုတ်ဖြင့် ပြောဆိုသော ' ဝစီကံ '၊ (၃) စိတ်ဖြင့် ကြံစည်သော ' မနောကံ ' တို့ ဖြစ်သည်။

**ကောင်းမှုကံ** = အကျိုးစီးပွားကို ဖြစ်စေသောကံ ၊

**မကောင်းမှုကံ** = အကျိုးမဲ့ကို ဖြစ်စေသောကံ ၊

## မကောင်းမှုမှန် ပူပန်ရ

### ၅၂– ကဿပဥပါသကဝတ္ထု

၆၇။ အကြင်ကံကို ပြုလုပ်ပြီးနောက် နောင်တတစ်ဖန် ပူပန်ရ၏။ မျက်ရည်ကျသော မျက်နှာဖြင့် ငိုကြွေးလျက် ကံ၏ အကျိုးတရားကို ခံစားရတတ်၏။ ထိုဆိုးကျိုးကို ဖြစ်စေသော ကံမျိုးကို မပြုလုပ်အပ်ချေ။

## ကောင်းမှုမှန် မပူပန်

### ၅၃– သုမနမာလကာရဝတ္ထု

၆၈။ အကြင်ကံကို ပြုလုပ်ပြီးနောက် နောင်တတစ်ဖန် ပူပန်ရခြင်း မရှိပေ။ ကံ၏ အကျိုးတရားကို နှစ်သက်ဝမ်းမြောက်စွာ ခံစားရ၏။ ထိုကံမျိုးကို ပြုလုပ်ခြင်းသည် ကောင်းပေ၏။

## ဆိုးကျိုး မရခင် ပျားလိုထင်

### ၅၄– ဥပ္ပလဝဏ္ဏာထေရီဝတ္ထု

၆၉။ အကြင်မျှလောက် ကာလပတ်လုံး မကောင်းမှုကံသည် အကျိုး မပေးသေး။ ထိုမျှလောက် ကာလပတ်လုံး လူမိုက်သည် မကောင်းမှုကို ပျားသကာကဲ့သို့ မှတ်ထင်၏။ အကြင်အခါ၌ကား မကောင်းမှုကံသည် အကျိုးပေး၏။ ထိုအခါ၌ ဆင်းရဲခြင်းသို့ ရောက်ရလေ၏။

## အငတ်ခံလို့ နိဗ္ဗာန် မရ

### ၅၅– ဇမ္ဗုကတ္ထေရဝတ္ထု

၇၀။ လူမိုက်သည် လစဉ်လတိုင်း သမန်းမြက်ဖြင့်သာလျှင် ခြိုးခြံစွာ ကျင့်၍ စားသုံး၏။ ဤသို့ စားသုံးကာ ကျင့်ကြံပါသော်လည်း ထိုလူမိုက်သည် အကျင့်တရား သိပြီးသော ပုဂ္ဂိုလ်တို့၏ အကျင့်မျိုးကို တစ်ဆယ့်ခြောက်စိတ် တစ်စိတ်မျှ အဖိုးမထိုက်ချေ။

## ညှစ်စနို့ရည် မချဉ်မီကောင်း

### ၅၆– အဟိပေတဝတ္ထု

၇၁။ ညှစ်သစ်စဖြစ်သော နို့ရည်သည် မချဉ်မသိုး အခိုးမလွှတ်သေးသကဲ့သို့ ပြုပြီးခါစ ဖြစ်သော မကောင်းမှုကံသည် အကျိုးမပေး။ အခိုးမလွှတ်သေး။ မကောင်းကျိုးဟူသောအခိုးများ လွှတ်သည်ရှိသော် ပြာဖုံးသော မီးကျီးခဲကဲ့သို့ ထိုလူမိုက်ကို လောင်ကျွမ်းစေလျက် အစဉ်လိုက်၏။

## ကိုယ့်အတတ် ကိုယ်စူး

### ၅၇– သဋ္ဌိကူဋပေတဝတ္ထု

၇၂။ လူမိုက်၏ အတတ်ပညာသည် ထိုလူမိုက်အား အကျိုးပျက်စီးစေရန်သာ ဖြစ်သည်။ စင်ကြယ်သန့်ရှင်းသော ကုသိုလ်အဖို့ကို ဖျက်ဆီးတတ်၏။ ပညာတည်းဟူသော ဦးခေါင်းကို ပြတ်၍ ကျစေတတ်၏။

## သူတောင်းစား လာဘ်ရှင် ဘဝင်မြင့်
### ၅၈– စိတ္တဂဟပတိဝတ္ထု

၇၃။ ရဟန်းမိုက်သည် အများ၏ အလယ်၌ မိမိ၌ ထင်ရှားမရှိသော ဂုဏ်ကျေးဇူးဖြင့် ချီးမွမ်းခြင်းကိုလည်းကောင်း၊ မိမိအား ခြံရံလျက် နေရာထားခြင်းကိုလည်းကောင်း၊ ကျောင်းကန်နေရာတို့၌ ပိုင်ဆိုင်ခွင့် ရခြင်းကိုလည်းကောင်း၊ ဆွေမျိုးမတော်သော ဒါယကာတို့၏ ပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်းကိုလည်းကောင်း အလိုရှိ၏။

၇၄။ အမှုကြီးငယ်တို့သည် ငါ့ကြောင့်သာလျှင် ပြီးစီးကုန်၏ဟု ရဟန်း ရှင် လူတို့သည် မှတ်ထင်ကြစေကုန်သတည်း။ တစ်စုံတစ်ရာ အမှုကြီးငယ်တို့ ရှိလတ်သော် ငါ၏ အလိုသို့လိုက်၍ ဖြစ်စေကုန်သတည်းဟု မိုက်သော ရဟန်းအား အကြံသည်လည်းကောင်း၊ အလိုရမ္မက်သည်လည်းကောင်း၊ မာန်မာနသည်လည်းကောင်း တိုးပွား၏။

**ခက်ဆစ်အဖြေ**

**မာန** = စိတ်နေမြင့်မောက်ခြင်း ၊

**မာန်သုံးပါး** ၊ (၁) ဟီနမာန်၊ (၂) သဒိသမာန်၊ (၃) သေယျမာန် တို့ ဖြစ်သည်။

## နိဗ္ဗာန်လို လာဘ်ကို ရှောင်
### ၅၉– တိဿသာမဏေရဝတ္ထု

၇၅။ လာဘ်ရကြောင်း အကျင့်သည် တခြားဖြစ်၏။ နိဗ္ဗာန်ရောက်ကြောင်းအကျင့်သည် တခြားဖြစ်၏။ ဤအကျင့် နှစ်မျိုး နှစ်စားကို ခွဲခြားသိ၍ ဗုဒ္ဓဘုရားရှင်၏ တပည့်သားဖြစ်သော ရဟန်းသည် ပူဇော်မှု လာဘ်လာဘကို မနှစ်သက်ရာ။ ဝိဝေကတရားကိုသာလျှင် တိုးပွားစေရာ၏။

**ခက်ဆစ်အဖြေ**

**ဝိဝေက** = ကင်းဆိတ်ခြင်း ၊ ငြိမ်းအေးခြင်း ၊

**ဝိဝေကသုံးပါး** ၊ (၁) ကာမဂုဏ် ကိလေသာတို့မှ ကင်းလွတ်မှု ဟူသော ကိုယ်၏ ကင်းဆိတ်ငြိမ်းအေးမှု ' ကာယဝိဝေက '၊ (၂) ကိလေသာကာမတရားတို့မှ ကင်းလွတ်ခြင်းဟူသော စိတ်၏ ကင်းဆိတ် ငြိမ်းအေးမှု ' စိတ္တဝိဝေက '၊ (၃) ဖလသမာပတ်ကို ဝင်စား၍ နိဗ္ဗာန်ကို အာရုံပြုနေခြင်းဟူသော ငြိမ်းအေးမှု ' ဥပဓိဝိဝေက ' တို့ ဖြစ်သည်။

# ၆။ ပဏ္ဍိတဝဂ်

## အပြစ်ရှာမှ ဆရာကောင်း
### ၆၀– ရာဓဝတ္ထု

၇၆။ အပြစ်ကို ဖော်ပြ၍ နှိမ်ချဆုံးမတတ်သော ပညာရှိမျိုးကို မြေ၌မြှုပ်ထားအပ်သော ရွှေအိုးကို ပြောကြားသူကဲ့သို့ ရှုမြင်ရာ၏။ ဤသို့ အပြစ်ကို ပြ၍ ဆုံးမတတ်သော ပညာရှိမျိုးကို မှီဝဲဆည်းကပ်လော့။ ထိုပညာရှိမျိုးကို မှီဝဲဆည်းကပ်သူအား မြင့်မြတ်လှပေ၏။ ယုတ်မာသူ အဖြစ်သို့ မရောက်နိုင်ချေ။

## ဟုတ်သူကို ယုတ်သူ မကြိုက်

### ၆၁– အသဿဇိပုနဗ္ဗသုကဝတ္ထု

၇၇။ အမှုရောက်သောအခါ ဆုံးမရာ၏။ အမှု မရောက်မီ ကန့်မြင့်ရာ၏။ မကောင်းသော အမှုအရာတို့မှလည်း တားမြစ်ရာ၏။ ဤသို့ ဆုံးမတားမြစ်တတ်သော သူကို သူတော်ကောင်းတို့သည် ချစ်မြတ်နိုးအပ်၏။ သူတော်မဟုတ် သူယုတ်တို့သည်ကား မြတ်နိုး မချစ်ခင်တတ်ကြချေ။

## ယုတ်သူကို ဟုတ်သူ မပေါင်း

### ၆၂– ဆန္နတ္ထေရဝတ္ထု

၇၈။ ယုတ်မာသော အဆွေခင်ပွန်းတို့ကို မှီဝဲပေါင်းသင်းခြင်း မပြုရာ။ ကဲ့ရဲ့ထိုက်သော သူတို့ကို မမှီဝဲရာ။ အကျင့်သီလစသော ဂုဏ်ဖြင့် ကောင်းသော အဆွေခင်ပွန်းတို့ကို မှီဝဲပေါင်းဖော်ရာ၏။ ယောကျ်ားမြတ်တို့ကို မှီဝဲရာ၏။

## တရားနှင့်ပျော် သေသော် မဆင်းရဲ

### ၆၃– မဟာကပ္ပိနတ္ထေရဝတ္ထု

၇၉။ တရားတည်းဟူသော အမြိုက်ရေကို သောက်ရသောသူသည် ကြည်လင်သန့်ရှင်းသော စိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အရိယာသူတော်ကောင်းတို့၏ ဗောဓိပက္ခိယတရား၌ အထူးသဖြင့်ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ အခါခပ်သိမ်း မွေ့လျော်၏။

**ခက်ဆစ်အဖြေ**

**ဗောဓိပက္ခိယတရား** = သစ္စာလေးပါးကို သိတတ်သော မဂ်ဉာဏ်၏ အသင်းအပင်းဖြစ်သောတရား ၊

**ဗောဓိပက္ခိယတရား ၃၇–ပါး၊** ၊ သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ် ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင် ရှစ်ပါး တို့ ဖြစ်သည်။

## ရေကြိုက်တော့ စပါး ၊ လူကြိုက်တော့ တရား

### ၆၄– ပဏ္ဍိတသာမဏေရဝတ္ထု

လယ်သမားတို့သည် မြစ်ချောင်းအင်းအိုင် စသည်၌ရှိသော ရေကို မြောင်းသွယ်လျက် ဆောင်ယူကြကုန်၏။ မြားသမားတို့သည် ကောက်သော မြားကို မီးဖြင့် ဖြောင့်ကုန်၏။ တံစည်းဆရာ ဗိသုကာလက်သမားတို့သည် သစ်သားကို ရွေခုတ်ကုန်၏။ ပညာရှိသူတော်ကောင်းတို့သည် မိမိ၏ ကိုယ်စိတ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

## လေဆောင်လို့ ကျောက်တောင် မပြို

### ၆၅– လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု

၈၁။ တခဲနက်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ တိုက်ခတ်သောလေကြောင့် မတုန်မလှုပ်နိုင်သကဲ့သို့ ထို့အတူ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် ယိမ်းယိုင်တုန်လှုပ်ခြင်း မရှိကုန်။

## ကန်နက်တော့ ရေကြည်
## တရားဖက်တော့ စိတ်ကြည်
### ၆၆– ကာဏမာတာဝတ္ထု

၈၂။ ရေနက်သော ကန်သည် နောက်ကျုခြင်း မရှိဘဲ ကြည်လင်နေဘိသကဲ့သို ထို့အတူ ပညာရှိတို့သည် တရားတော်ကို နာကြားရသဖြင့် အထူးကြည်လင်ကုန်၏။

## ထိန်းနိုင်လျှင် ပညာရှိ ၊ စွန့်နိုင်လျှင် သူတော်ကောင်း
### ၆၇– ပဉ္စသတဘိက္ခုဝတ္ထု

၈၃။ သူတော်ကောင်းတို့သည် သင်္ခါရတရားအစုတို့၌ တပ်မက်မောခြင်းကို စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမဂုဏ်ကို အလိုရှိ၏ဟူ၍ မပြောဆိုကြကုန်။ ပညာရှိတို့သည် ချမ်းသာနှင့် တွေ့ကြုံရသော်လည်း အလွန်ဝမ်းသာမှု မဖြစ်ကြပေ။ ဆင်းရဲနှင့် တွေ့သော်လည်း အလွန်ဆင်းရဲမှု မဖြစ်ကြကုန်။

**ခက်ဆစ်အဖြေ**

**သင်္ခါရ** = ပြုပြင်နေသောတရား ၊

**သင်္ခါရ သုံးပါး၊** ၊ (၁) ပုညာဘိသင်္ခါရ ၊ (၂) အပုညာဘိသင်္ခါရ ၊ (၃) အနေဉ္စာဘိသင်္ခါရ ၊

## စီးပွားရှာ မကောင်းတာ မလုပ်
### ၆၈– ဓမ္မိကတ္ထေရဝတ္ထု

၈၄။ ပညာရှိသူသည် မိမိအတွက်လည်း မကောင်းမှုကို မပြု။ သူတစ်ပါး အတွက်လည်း မကောင်းမှုကို မပြုပေ။ မကောင်းသော အလုပ်ဖြင့် သားသမီးကိုလည်းကောင်း၊ ဥစ္စာကိုလည်းကောင်း၊ တိုင်းပြည်ကိုလည်းကောင်း အလိုမရှိအပ်ပေ။ မိမိ၏ ပြည့်စုံမှုကို မတရားသဖြင့် အလိုမရှိရာ။ ဤသို့သော သူသည် သီလရှိသူ၊ တရားရှိသူ၊ ပညာရှိသူ ဖြစ်ပေ၏။

## တရားလိုက်မှ အမြိုက်နှင့် နီး
### ၆၉– ဓမ္မဿဝနဝတ္ထု

၈၅။ လူသားများစွာတို့တွင် နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ကူးရောက်နိုင်သူတို့သည် အလွန်နည်းပါးလှပေ၏။ နိဗ္ဗာန်ကျွန်းသို့ ကူးသန်းနိုင်သူမှ အပဖြစ်သော သတ္တဝါများစွာတို့သည် သက္ကာယဒိဋ္ဌိဟူသော ဤမှာဘက်ကမ်း၌သာလျှင် အစဉ်သဖြင့် ပြေးလွှားလှုပ်ရှားနေကြကုန်၏။

၈၆။ အချို့သော သူတို့သည်ကား ကောင်းစွာ ဟောထားအပ်သော တရာဓမ္မတို့၌ လိုက်နာကျင့်ကြံကုန်၏။ ထိုသို့ ကျင့်ကြံသောသူတို့သည်ကား သေမင်း၏ နေရာ သံသရာဝဋ်ကို ကူးမြောက်နိုင်၍ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ရောက်ကြကုန်လတ္တံ့။

**ခက်ဆစ်အဖြေ**

**အမြိုက်** = နိဗ္ဗာန် ၊

သ**က္ကာယဒိဋ္ဌိ** = ထင်ရှား ဖြစ်ပေါ်နေသော ရုပ်နာမ်ခန္ဓာတို့၏ သဘာဝကို ကြည်လင်စွာ မသိမှု၊ အတ္တရှိနေသည်ဟု ယုံကြည်မှု ၊

## အစွဲသိမ်းမှ အငြိမ်းမှန်

### ၇၀– ပဋ္ဌသတအာဂန္တုကဘိက္ခုဝတ္ထု

၈၇–၈၈၊ ပညာရှိတို့သည် မည်းညစ်သော မကောင်းမှုတရားကို ပယ်စွန့်၍ တဏှာ တည်းဟူသော တည်ရာမှ ထွက်၍ တဏှာကင်းရာ နိဗ္ဗာန်ကို အာရုံပြုလျက် ဖြူစင်သော ကောင်းမှုတရားကို ပွားရာ၏။ ဝိဝေက သုံးပါးတို့၌ မွေ့လျော်ခြင်းကို အလိုရှိရာ၏။ စိတ်၏ ညစ်ညူးကြောင်း ဖြစ်သော နီဝရဏတရားတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

၈၉။ အကြင်ပုဂ္ဂိုလ်သည် အရဟတ္တမဂ်၏ အကြောင်း ဖြစ်သော ဗောဇ္ဈင်တရားတို့၌ စိတ်ကို ကောင်းစွာ ပွားများကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ဥပါဒါန်ကို စွန့်အန်ရာဖြစ်သော နိဗ္ဗာန်၌ မွေ့လျော်ကုန်၏။ လောက၌ အာသဝေါကင်းကုန်သော တန်ခိုးကြီးသော ပုဂ္ဂိုလ်တို့သည် ငြိမ်းချမ်းကြပေကုန်၏။

### ခက်ဆစ်အဖြေ

**တဏှာ** = စွဲလမ်းမှု ။

**တဏှာသုံးပါး၊** ။ (၁) ကာမဂုဏ်တို့၌ စွဲလမ်းမှု ' ကာမတဏှာ '၊ (၂) ဖြစ်ဆဲဘဝကို စွဲလမ်းမှု ' ဘဝတဏှာ '၊ (၃) ဘဝအထူး၊ ဝါ– ဘဝသစ်ကို စွဲလမ်းမှု ' ဝိဘဝတဏှာ' တို့ ဖြစ်သည်။

**နီဝရဏ** = စိတ်ညစ်ညူးကြောင်း တရားများ ။

**နီဝရဏ ခြောက်ပါး၊** ။ (၁) ကာမစ္ဆန္ဒနီဝရဏ၊ (၂) ဗျာပါဒနီဝရဏ၊ (၃) ထိန မိဒ္ဓနီဝရဏ၊ (၄) ဝိစိကိစ္ဆာနီဝရဏ၊ (၅) ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ၊ (၆) အဝိဇ္ဇာနီဝရဏ တို့ ဖြစ်သည်။

**ဗောဇ္ဈင်** = အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို သိခြင်း၏ အကြောင်းတရားများ ။

**ဗောဇ္ဈင်ခုနစ်ပါး၊** ။ (၁) သတိသမ္ဗောဇ္ဈင်၊ (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ (၃) ဝီရိယသမ္ဗောဇ္ဈင်၊ (၄) ပီတိသမ္ဗောဇ္ဈင်၊ (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ (၆)သမာဓိသမ္ဗောဇ္ဈင်၊ (၇) ဥပေက္ခာသမ္ဗောဇ္ဈင် တို့ ဖြစ်သည်။

**ဥပါဒါန်** = ပြင်းပြစွာ စွဲလမ်းမှု၊ ( တဏှာထက် ပြင်းသော စွဲလမ်းမှု၊ )

ဥပါဒါန်လေးပါး၊ ။ (၁) ကာမဂုဏ်၌ ပြင်းစွာ စွဲလမ်းမှု ' ကာမုပါဒါန် '၊ (၂) အယူဝါဒ၌ ပြင်းစွာစွဲလမ်းမှု ' ဒိဋ္ဌုပါဒါန် '၊ (၃) မှားသော အကျင့်သီလ၌ ပြင်းစွာ စွဲလမ်းမှု 'သီလဗ္ဗတုပါဒါန်'၊ (၄) အတ္တဝါဒ၌ ပြင်းစွာ စွဲလမ်းမှု 'အတ္တဝါဒုပါဒါန်' တို့ ဖြစ်သည်။

**အာသဝ =** မူးယစ် မိန်းမောစေသော တရား ။

**အာသဝ လေးပါး၊** ။ ကာမဂုဏ်၌ မူးယစ်ခြင်း ' ကာမာသဝ '၊ (၂) ဘဝဖြစ်ပေါ်မှု၌ မူးယစ်ခြင်း ' ဘဝါသဝ '၊ (၃) အယူဝါဒ၌ မူယစ်ခြင်း ' ဒိဋ္ဌာသဝ '၊ (၄) သစ္စာလေးပါး အမှန်တရား၌ မသိခြင်း 'အဝိဇ္ဇာသဝ' တို့ ဖြစ်သည်။

# ၇။ အရဟန္တဝဂ်

## အစွဲမသန် မပူပန်

### ၇၁– ဇီဝကပဥှဝတ္ထု

၉၀။ သံသရာခရီး ပြီးဆုံးခဲ့ပြီ ဖြစ်သော၊ စိုးရိမ်ခြင်းမှ ကင်းသော၊ အလုံးစုံသော တရားတို့မှ လွတ်မြောက်ပြီးသော၊ အလုံးစုံသော ဂန္ထလေးပါးကို ပယ်စွန့်ပြီးသော ပုဂ္ဂိုလ်အား စိတ်၏ ပူပန်ခြင်း အလျဉ်းမရှိတော့ချေ။

### ခက်ဆစ်အဖြေ

**ဂန္ထ** = သံသရာဝဋ်မှ မလွတ်အောင် ဖွဲ့နှောင်တတ်သောတရား ။

**ဂန္ထလေးပါး၊** ။ (၁) သူတစ်ပါး၏ ပစ္စည်းဥစ္စာကို မတရားသော နည်းဖြင့် ရယူလိုမှု 'အဘိဇ္ဈာကာယဂန္ထ '၊ (၂) သူတစ်ပါး ဘဝနှင့် စည်းစိမ်ကို ဖျက်ဆီးလိုမှု ' ဗျာပါဒကာယဂန္ထ'၊ (၃) အမှားဝါဒကို ခံ

ယူလျက် ကိုယ့်အယူနှင့်ကိုယ် မှန်ကြသည်ဟု ခံယူသော 'သီလဗ္ဗတပရာမာသကာယဂန္ထ'၊ (၄) အမှားဝါဒကို ခံယူလျက် ငါ့အယူသာ မှန်သည်၊ တစ်ပါးအယူ မှားသည်ဟု ခံယူမှု 'ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ' တို့ ဖြစ်သည်။

## နွံထဲက ကြာ ဟင်္သာ မကြိုက်

### ၇၂– ကဿပတ္ထေရဝတ္ထု

၉၁။ သတိရှိသော ပုဂ္ဂိုလ်တို့သည် တရားဓမ္မ၌ လုံ့လပြုကုန်၏။ ထိုသူတို့သည် ကာမဂုဏ်ဟူသော တည်ရာတို့၌ မွေ့လျော်ခြင်း မရှိကြချေ။ ဟင်္သာတို့သည် ရွံ့ညွန်၌ ရောက်သော ကြာစသည်တို့ကို စွန့်ခွာ၍ ပျံကြကုန်သကဲ့သို့ ထိုပုဂ္ဂိုလ်တို့သည်လည်း တဏှာဟူသော အစွဲစိတ်တို့ကို စွန့်ခွာကြကုန်၏။

## ကောင်းကင်မှန်းကြည့် ငှက်လမ်း မသိ

### ၇၃– ဗေလဋ္ဌသီသတ္ထေရဝတ္ထု

၉၂။ အကြင်ပုဂ္ဂိုလ်တို့သည် သိုမှီး သိမ်းဆည်းခြင်းမရှိ။ အကြင်ပုဂ္ဂိုလ်တို့သည် ပရိညာ သုံးပါးတို့ဖြင့် ပိုင်းခြားလျက် ခဲဖွယ်ဘောဇဉ်ကို သုံးဆောင်၏။ အကြင်ပုဂ္ဂိုလ်တို့သည် ရာဂ စသည်တို့မှ ကင်းဆိတ်သော၊ ရာဂစသော နိမိတ်စသည်မှ ကင်းသော နိဗ္ဗာန်အာရုံ၌ ကျက်စားကုန်၏။ ကောင်းကင်၌ ငှက်တို့၏ သွားရာ လမ်းကို မမြင်နိုင်သကဲ့သို့ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ လားရာဂတိကို မမြင်နိုင်ချေ။

**ခက်ဆစ်အဖြေ**

**ဂတိ** = လားရောက်ရာ ဌာန ၊

**ဂတိငါးပါး၊** ၊ (၁) ငရဲသို့ လားရာ 'နိရယဂတိ '၊ (၂) တိရစ္ဆာန်ဘဝသို့ လားရာ 'တိရစ္ဆာနဂတိ'၊ (၃) လူ့ဘဝသို့ လားရာ 'မနုဿဂတိ'၊ (၄) နတ်ဘဝသို့လားရာ 'ဒေဝဂတိ'၊ (၅) ပြိတ္တာဘဝသို့ လားရာ 'ပေတဂတိ' တို့ ဖြစ်သည်။

**ပရိညာသုံးပါး၊** ၊ (၁) ရုပ်နာမ်တရားတို့၏ လက္ခဏာ သဘာဝများနှင့် အကြောင်း အကျိုးဆက်စပ်မှုကို ပိုင်းခြား၍ သိခြင်း 'ဉာတပရိညာ'၊ (၂) ရုပ်နာမ်တရားတို့၏ မမြဲသော သဘော၊ ဆင်းရဲသော သဘော၊ အတ္တမဲ့သော သဘောကို ပိုင်းခြား၍ သိခြင်း 'တီရဏပရိညာ '၊ (၃) ခန္ဓာငါးပါးတို့၌ တွယ်တာတပ်မက်မှုအစွဲကို ပယ်ခွာခြင်း 'ပဟာနပရိညာ' တို့ ဖြစ်သည်။

## ရဟန္တာလားရာ မသိနိုင်

### ၇၄– အနုရုဒ္ဓတ္ထေရဝတ္ထု

၉၃။ အကြင်ပုဂ္ဂိုလ်အား အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏။ အစာအာဟာရတို့၌လည်း စွဲလမ်းခြင်း မရှိ။ ရာဂစသည်တို့မှ ကင်းဆိတ်သော၊ ရာဂစသော နိမိတ်အာရုံ မရှိသော နိဗ္ဗာန်အာရုံ၌ ကျက်စားကြကုန်၏။ ကောင်းကင်၌ ငှက်တို့၏ ခြေရာကို မသိနိုင်ကုန်သကဲ့သို့ ရဟန္တာတို့၏ ခြေရာသဖွယ်ဖြစ်သော လားရာအရပ်ကို မသိနိုင်ချေ။

## မြင်းထိန်းတော့ ရထား ၊ စိတ်ထိန်းတော့ တရား

### ၇၅– မဟာကစ္စာယနတ္ထေရဝတ္ထု

၉၄။ ရထားထိန်းသူက ကောင်းစွာ ဆုံးမထားပြီးဖြစ်သော မြင်းသည် တည်ငြိမ်စွာ ရှိသကဲ့သို့ အကြင်ပုဂ္ဂိုလ်၏ ဣန္ဒြေတို့သည် တည်ငြိမ်ကုန်၏။ ပယ်ပြီးသေ မာန်ရှိသော၊ အာသ

ဝေါ မရှိသော၊ လောကဓံတရားကြောင့် ဖောက်ပြန် တုန်လှုပ်ခြင်း မရှိသော ရဟန္တာပုဂ္ဂိုလ်အား နတ်တို့သည် ချစ်မြတ်နိုးကုန်၏။

**ခက်ဆစ်အဖြေ**

**လောကဓံ** = လောကသားတို့ တွေ့ကြုံနေရသောတရား ၊

**လောကဓံရှစ်ပါး**၊ ။ (၁) လာဘ်ပေါများခြင်း ' လာဘ '၊ (၂) လာဘ်မရှိခြင်း ' အလာဘ '၊ (၃) အခြံအရံများခြင်း ' ယသ '၊ (၄) အခြံအရံ မရှိခြင်း ' အယသ '၊ (၅) ချီးမွမ်းခံရခြင်း ' ပသံသ '၊ (၆) ကဲ့ရဲ့ခံရခြင်း ' နိန္ဒ '၊ (၇) ချမ်းသာခြင်း ' သုခ '၊ (၈) ဆင်းရဲခြင်း ' ဒုက္ခ ' တို့ ဖြစ်သည်။

## စိတ်တံခါးတိုင် မယိုင်အောင်ကျင့်

### ၇၆– သာရိပုတ္တတ္ထေရဝတ္ထု

၉၅။ အကြင်ပုဂ္ဂိုလ်သည် မြေကြီးနှင့်တူစွာ သည်းခံခြင်း ရှိ၏။ တံခါးတိုင်ကဲ့သို့ မယိမ်းယိုင်သော အကျင့်ရှိ၏။ တာဒိဂုဏ်နှင့် ပြည့်စုံ၍ ကောင်းသော အကျင့်ရှိ၏။ ရွှံ့ညွန်ကင်းသော ရေကန်ကဲ့သို့ ကြည်လင်သော စိတ်ရှိ၏။ ထိုဂုဏ်နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်အား သံသရာကျင်လည်ခြင်းတို့သည် မဖြစ်ကုန်။

**ခက်ဆစ်အဖြေ**

**တာဒိဂုဏ်** = လောကဓံတရား ရှစ်ပါးနှင့် တွေ့ကြုံသောအခါ တုန်လှုပ်ခြင်း မရှိသောဂုဏ် ၊

## ငြိမ်သက်မှု လူ့မှတ်ကျောက်

### ၇၇– ကောသမ္ဗိဝါသီတိဿတ္ထေရဝတ္ထု

၉၆။ တရားတော်ကို ကောင်းစွာသိ၍ ကိလေသာမှ လွတ်သော၊ ငြိမ်သက်သော၊ လောကဓံတရားတို့ကြောင့် တုန်လှုပ်ဖောက်ပြန်ခြင်း မရှိသော ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်နှလုံးသည်လည်းကောင်း၊ ပြောဆိုမှုသည်လည်းကောင်း၊ ပြုလုပ်မှုသည်လည်းကောင်း ငြိမ်သက်လှပေ၏။

## ကောင်း မကောင်း အကြောင်းကို ပယ်

### ၇၈– သာရိပုတ္တတ္ထေရဝတ္ထု

၉၇။ အကြင်သူသည် သူတစ်ပါး စကားဖြင့်သာ ယုံကြည်သူ မဟုတ်။ နိဗ္ဗာန်ကို ကိုယ်တိုင် သိမြင်သူ ဖြစ်သည်။ သံသရာတည်းဟူသော နှောင်အိမ်အစပ်ကို ဖြတ်တတ်သူလည်း ဖြစ်သည်။ ကုသိုလ် အကုသိုလ်ဟု ဆိုအပ်သော ကောင်းမှု မကောင်းမှု ကံ၏ အကျိုးတရားကိုလည်း သတ်ဖြတ်ပြီးသူ ဖြစ်၏။ အလုံးစုံသော တဏှာတရားကို ထွေးအန်ပြီးသူလည်း ဖြစ်၏။ ထိုသူသည် စင်စစ်အားဖြင့် ယောကျ်ားမြတ် ဖြစ်ပေ၏။

## အကြောင်းတော် ပျော်ရာနိဗ္ဗာန်

### ၇၉– ခဒိရဝနိယရေဝတတ္ထေရဝတ္ထု

၉၈။ ရွာ၌ ဖြစ်စေ၊ တောအရပ်၌ ဖြစ်စေ၊ ချိုင့်ဝှမ်း၌ ဖြစ်စေ၊ ကုန်းမြင့်၌ ဖြစ်စေ ရဟန္တာပုဂ္ဂိုလ်တို့ နေထိုင်ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့ နေထိုင်ရာ အရပ်သည် မွေ့လျော်ဖွယ် ရှိလှပေ၏။

## ကာမရှာ တောမှာ မရှိ
### ၈၀– အညတရပိဏ္ဍပါတိကဝတ္ထု

၉၉။ တောရဂုံသည် မွေ့လျော်ဖွယ် ရှိလှ၏။ ကာမဂုဏ်ကို ရှာမှီးသော လူသားတို့သည်ကား တောရဂုံ၌ ခိုလှုံခြင်း မရှိကြကုန်။ ရာဂကင်းသော ပုဂ္ဂိုလ်တို့သည်သာ တောရဂုံ၌ ခိုလှုံမွေ့လျော်နိုင်ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ကို မရှာမှီးကြကုန်။

# ၈။ သဟဿဝဂ်

## အကျိုးမများ စကားမမည်
### ၈၁– တမ္ဗဒါဌိက စောရဃာတကဝတ္ထု

၁၀၀။ အကျိုးမရှိသော ပုဒ်များဖြင့် ပြောဆိုသော စကားသည် ပုဒ်ပေါင်း တစ်ထောင်မျှ ရှိသော်လည်း မမြတ်ပေ။ စကားတစ်ခွန်းကို ကြားနာရပြီးလျှင် ရာဂစသည် ငြိမ်း၏။ ထိုငြိမ်းချမ်းဖွယ်ရာ အနက်ပါသော စကားသည် တစ်ပုဒ်တည်းပင် ဖြစ်သော်လည်း မြတ်လှပေ၏။

## အကျိုးများမှ လူသားကဗျာ
### ၈၂– ဗာဟိယဒါရုစီယဝတ္ထု

၁၀၁။ အကျိုးမဲ့သော ပုဒ်များစွာ ပါရှိသော ဂါထာသည် တစ်ထောင်မျှပင် ဖြစ်သော်လည်း မမြတ်ပေ။ ကြားနာရသောသူအား ကိလေသာ ငြိမ်းအေးသည် ဖြစ်အံ့။ ထိုဂါထာသည် တစ်ဂါထာမျှပင် ဖြစ်သော်လည်း မြတ်လှပေ၏။

**ခက်ဆစ်အဖြေ**

**ဂါထာ** = ပါဠိဘာသာဖြင့် သီကုံးထားသော ကဗျာ ၊
**ပုဒ်** = အက္ခရာ အစုအပေါင်း ၊

## မိမိကိုယ်သာ အောင်နိုင်ရာ
### ၈၃– ကုဏ္ဍလကေသီထေရီဝတ္ထု

၁၀၂။ အကျိုးမဲ့ပုဒ်များ ပါရှိသော ဂါထာတစ်ရာကို ရွတ်ဆိုစေကာမူ မမြတ်ပေ။ ကြားနာရသောသူအား ကိလေသာ ငြိမ်းအေးကြောင်းဖြစ်သော ဂါထာတစ်ပုဒ်ကို ရွတ်ဆိုရခြင်းသည် မြတ်လှပေ၏။

၁၀၃။ အကြင်သူရဲကောင်းသည် စစ်မြေပြင်၌ စစ်သည်အင်အား တစ်သန်းရှိသော လူတို့ကို အောင်နိုင်ရာ၏။ အကြင်သူရဲကောင်းသည် ကိုယ်တွင်းပူဆာ ကိလေသာကို တစ်ကြိမ်မျှ အောင်စွမ်းနိုင်ရာ၏။ ထိုသူရဲကောင်းသည်သာလျှင် စင်စစ် အောင်နိုင်သူတို့တွင် အမြတ်ဆုံးဖြစ်၏။

## အစွဲပြတ်မှ အမြတ်အောင်ခြင်း
### ၈၄– အနတ္ထပုစ္ဆကဗြာဟ္မဏဝတ္ထု

၁၀၄–၁၀၅။ မိမိ၏ ကိုယ်တွင်းပူဆာ ကိလေသာတို့ကို အောင်နိုင်ခြင်းသည် မြတ်၏။ သူတစ်ပါးကို အောင်နိုင်ခြင်းသည် မမြတ်ပေ၊ မိမိကိုယ်ကို ဆုံးမပြီးသော၊ အမြဲစောင့်စည်းအပ်သော အကျင့်ရှိသော၊ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်၏ အောင်မြင်ခြင်းကို နတ်သည်

လည်းကောင်း၊ ဂန္ဓဗ္ဗသည်လည်းကောင်း၊ ဗြဟ္မာနှင့် တကွသော မာရ်မင်းသည်လည်းကောင်း ရှုံးအောင် မပြုနိုင်ချေ။

**ခက်ဆစ်အဖြေ**

**ဂန္ဓဗ္ဗနတ်** = သီချင်းသည်နတ် ၊

**ဗြဟ္မာ** = ကြီးပွား မြင့်မြတ်ခြင်း ၊

**ဗြဟ္မာ ၂၀** ၊ ၊ ရုပဗြဟ္မာ ၁၆ ၊ အရူပဗြဟ္မာ ၄– မျိုး ပေါင်း ၂၀– ဖြစ်သည်။

## လူမိုက်နှင့် နှစ်တစ်ရာ လူလိမ္မာ တစ်ခဏ

## ၈၅– သာရိပုတ္တမာတုလဝတ္ထု

၁၀၆။ အကြင်ပုဂ္ဂိုလ်သည် လစဉ် ငွေအသပြာ တစ်ထောင် အကုန်ခံ၍ နှစ်ပေါင်း တစ်ရာပတ်လုံး တက္ကတွန်းတို့အား ပူဇော်ရာ၏။ အကြင်ပုဂ္ဂိုလ်သည်ကား ဝိပဿနာ ပွားများ စိတ်ရှိသော ပုဂ္ဂိုလ်တို့အား တစ်ကြိမ် တစ်ခါမျှ ပူဇော်ရာ၏။ ထိုနှစ်မျိုးတို့တွင် ဝိပဿနာ ပွားများစိတ်ရှိသော ရဟန်းအား တစ်ခဏမျှ ပူဇော်ခြင်းသည် မြတ်၏။ တက္ကတွန်းတို့အား ပူဇော်ခြင်းသည် မမြတ်ချေ။

**ခက်ဆစ်အဖြေ**

**တက္ကတွန်း** = သာသနာတော် ပြင်ပမှ အယူမှား ၊ အကျင့်မှားသူများ ၊

## မှားမိစ္ဆာ နှစ်တစ်ရာကိုး အကျိုးမရှိ

## ၈၆– သာရိပုတ္တဘာဂိနေယျဝတ္ထု

၁၀၇။ အကြင်ပုဂ္ဂိုလ်သည် အနှစ်တစ်ရာကာလပတ်လုံး တောသို့ မီးကို လုပ်ကျွေးပူဇော်ရာ၏။ အကြင်ပုဂ္ဂိုလ်သည်ကား ဝိပဿနာပွားများစိတ် ရှိသော ရဟန်းတို့အား တစ်ခဏမျှ ပူဇော်၏။ ထိုပူဇော်သူ နှစ်ဦးတို့တွင် ဝိပဿနာကို ပွားစေအပ်သော စိတ်ရှိသော ရဟန်းကို ခဏမျှ ပူဇော်ခြင်းသည်သာလျှင် မြတ်၏။ နှစ်တစ်ရာပတ်လုံး မီးကို ပူဇော်ခြင်းသည် မမြတ်ပေ။

**မီးကို ပူဇော်ခြင်း** = ရှေးခေတ် အိန္ဒိယနိုင်ငံ၌ မီးကိုးကွယ်သော ဘာသာအရ မီးပူဇော်ခြင်း ၊

## တော်သူကို လှူ မြတ်သူကို ရှိခိုး

## ၈၇– သာရိပုတ္တသဟာယကဝတ္ထု

၁၀၈။ လောက၌ ကောင်းမှုကို ငဲ့သည်ဖြစ်၍ ထိမ်းမြားမင်္ဂလာစသည့်အခါ၌ ပြုသော အလှူကိုလည်းကောင်း၊ ပကတိအခါ၌ ပြုသော အလှူကိုလည်းကောင်း၊ ဝါ– ယဇ်ပူဇော်ခြင်းကိုလည်းကောင်း တစ်နှစ်ပတ်လုံး ပူဇော်ရာ၏။ ထိုသို့ ပူဇော်ခြင်းသည် ဖြောင့်မတ်စွာ ကျင့်သော အရိယာပုဂ္ဂိုလ်တိုအား ရှိခိုးပူဇော်ရသော ကုသိုလ်၏ လေးဖို့ တစ်ဖို့မျှ မမီချေ။ အရိယာပုဂ္ဂိုလ်တို့အား ရှိခိုးရသော ကောင်းမှုသည်သာလျှင် မြတ်၏။

**ခက်ဆစ်အဖြေ**

**ယဇ်** = မိစ္ဆာအယူရှိသူတို့၏ ပူဇော်ခြင်း ၊

**ယဇ်ငါးမျိုး၊** ၊ (၁) အဿမေဓယဇ်၊ (၂) ပုရိသမေဓယဇ်၊ (၃) သမ္မာပါသယဇ်၊ (၄) ဝါဇပေယျယဇ်၊ (၅) နိရဂ္ဂဠယဇ် တို့ ဖြစ်သည်။

## ကြီးသူ ရိုခိုး အကျိုးလေးဖြာ

### ၈၈– ဒီဃာဝုကုမာရဝတ္ထု

၁၀၉။ သီလရှိသော ပုဂ္ဂိုလ်အား ရိုသေစွာ ရှိခိုးလေ့ ရှိသော၊ အသက်သိက္ခာ ဂုဏ်ဝါကြီးမြင့်သော သူတို့ကို အရိုအသေပြုသော ပုဂ္ဂိုလ်အား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း ဟူသော အကျိုးလေးပါးတို့ တိုးပွားကြကုန်၏။

## အသက်က တစ်ရာ အကျင့်က ဗလာ

### ၈၉– သံကိစ္စသာမဏေရဝတ္ထု

၁၁၀။ အကြင်သူသည် သီလမရှိဘဲ၊ စိတ်နှလုံးကောင်း မရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ငြားအံ့၊ ထိုသူကို မြတ်သူဟု မဆိုနိုင်ပေ။ သီလရှိသော၊ စျာန်သမာပတ်ကို ပွားများနေသူ၏ တစ်ရက်တာမျှ အသက်ရှည်ခြင်းသည် မြတ်၏။

**ခက်ဆစ်အဖြေ**

**စျာန်သမာပတ်** = လောကီ လောကုတ္တရာစျာန်ကို ရရှိ ပွားများသူ ၊

## အသက်က တစ်ရာ ပညာက မရှိ

### ၉၀– ခါဏုကောဏ္ဍညတ္ထေရဝတ္ထု

၁၁၁။ အကြင်သူသည် ပညာမရှိဘဲ၊ စိတ်နှလုံးကောင်းမရှိဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ငြားအံ့။ ထိုသူကို မြတ်သူဟု မဆိုနိုင်ပေ။ ပညာရှိသော၊ စျာန်သမာပတ်ကို ပွားများနေသူ၏ တစ်ရက်တာမျှ အသက်ရှည်ခြင်းသည် မြတ်၏။

## လူပျင်း အသက်ရှည် တိုင်းပြည် အကျိုး မရှိ

### ၉၁= သပ္ပဒါသဝတ္ထု

၁၁၂။ အကြင်သူသည် ပျင်းရိသည် ဖြစ်၍ လုံ့လ ဝီရိယ မရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ငြားအံ့။ ထိုသူ၏ အသက်ရှည်ခြင်းသည် မမြတ်ပေ။ ဝီရိယအားထုတ်သူ၏ တစ်ရက်တာမျှ အသက်ရှည်ခြင်းသည် မြတ်လှပေ၏။

## ဖြစ်ပျက်ကိုမြင် ပညာရှင်

### ၉၂– ပဋာစာရီဝတ္ထု

၁၁၃။ အကြင်သူသည် ခန္ဓာငါးတို့၏ ဖြစ်ပျက်မှုကို မမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ငြားအံ့။ ထိုသူ၏ အသက်ရှည်ခြင်းသည် မမြတ်ချေ။ ခန္ဓာတို့၏ ဖြစ်ပျက်မှု သဘာဝကို ရှုမြင်သော ပုဂ္ဂိုလ်တို့၏ တစ်ရက်တာမျှ အသက်ရှည်ရခြင်းသည် မြတ်လှပေ၏။

**ခက်ဆစ်အဖြေ**

**ခန္ဓာ** = အပေါင်းအစု ၊

**ခန္ဓာငါးပါး၊** ၊ (၁) ရုပ်တရားအစု ‘ ရူပက္ခန္ဓာ ’၊ (၂) ခံစားမှုအစု ‘ ဝေဒနာက္ခန္ဓာ ’၊ (၃) မှတ်သားမှုအစု ‘ သညာက္ခန္ဓာ ’၊ (၄) စီရင်နှိုးဆော်မှုအစု ‘ သင်္ခါရက္ခန္ဓာ ’၊ (၅) သိမှုအစု ‘ ဝိညာဏက္ခန္ဓာ ’ တို့ ဖြစ်သည်။

## နိဗ္ဗာန်ကိုသိ ပညာရှိ
### ၉၃– ကိသဂေါတမီဝတ္ထု

၁၁၄။ အကြင်သူသည် သေခြင်းကင်းရာ နိဗ္ဗာန်ဓာတ်သဘောကို မမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ငြားအံ့။ ထိုသူ၏ အသက်ရှည်ခြင်းသည် မမြတ်ချေ။ သေခြင်းကင်းရာ နိဗ္ဗာန်ဓာတ်သဘောကို သိမြင်သော ပုဂ္ဂိုလ်၏ တစ်ရက်တာမျှ အသက်ရှင်ရခြင်းသည် မြတ်လှပေ၏။

## တရားတတ်မှ အမြတ်ပုဂ္ဂိုလ်
### ၉၄– ဗဟုပုတ္တိကာဝတ္ထု

၁၁၅။ အကြင်သူသည် မြင့်မြတ်သော လောကုတ္တရာတရား ကိုးပါးကို မမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ငြားအံ့။ ထိုသူ၏ အသက်ရှည်ခြင်းသည် မမြတ်ချေ။ မြတ်သော လောကုတ္တရာတရား ကိုးပါးကို သိသောပုဂ္ဂိုလ်၏ တစ်ရက်တာမျှ အသက်ရှည်ရခြင်းသည် မြတ်လှပေ၏။

**ခက်ဆစ်အဖြေ**

**လောကုတ္တရာတရားကိုးပါး၊** ။ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန် ။

# ၉။ ပါပဝဂ်

## ကောင်းတာပြု မကောင်းမှုပယ်
### ၉၅– စူဠေကသာတကဝတ္ထု

၁၁၆။ ကုသိုလ်ကောင်းမှု ပြုသောသူ၏ စိတ်သည် နှောင့်နှေးတတ်၏။ ထို့ကြောင့် ကုသိုလ်ကောင်းမှုကို အဆောတလျင် ပြုလုပ်ရာ၏။ သတ္တဝါတို့၏ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏။ ထို့ကြောင့် စိတ်ကို မကောင်းမှုမှ တားမြစ်ရာ၏။

## မကောင်းတာ အခါခါ မပြုနှင့်
### ၉၆– သေယျသကဝတ္ထု

၁၁၇။ အကြင်ပုဂ္ဂိုလ်သည် မကောင်းမှုကို အကယ်၍ ပြုမိငြားအံ့။ ထိုမကောင်းမှုကို အဖန်တလဲလဲ မပြုလုပ်ရာ။ ထိုမကောင်းမှုကို ပြုခြင်း၌ အလိုဆန္ဒကို မပြုရာ။ မကောင်းမှုကို ကျယ်ပွားစေခြင်းသည် ဆင်းရဲရောက်ခြင်း အကြောင်းတည်း။

## ကောင်းမှုကံ အဖန်ဖန်ပြု
### ၉၇– လာဇာဒေဝဓီတာဝတ္ထု

၁၁၈။ အကြင်ပုဂ္ဂိုလ်သည် ကောင်းမှုကို အကယ်၍ ပြုမိငြားအံ့။ ထိုကောင်းမှုကို အဖန်တလဲလဲ ပြုလုပ်ရာ၏။ ထိုကောင်းမှု၌ အလိုဆန္ဒကို ပြုရာ၏။ ကောင်းမှုကို ကျယ်ပွားစေခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတည်း။

## ကုသိုလ်ကံရှိန် အချိန်တန်ရ
### ၉၈– အနာထပိဏ္ဍိကသေဋ္ဌိဝတ္ထု

၁၁၉။ မကောင်းမှုကို ပြုသောကံသည် မကောင်းကျိုးကို မပေးသေးသမျှ ကာလပတ်လုံး ကောင်းသော စီးပွားချမ်းသာကို တွေ့ကြုံခံစားရသေး၏။ မကောင်းမှု အကျိုးပေးသော အခါ၌ကား ကြီးစွာသော ဆင်းရဲဒုက္ခကို တွေ့ကြုံခံစားရလေ၏။

၁၂၀။ ကောင်းမှုကို ပြုလုပ်သော ကံသည် ကောင်းကျိုးကို မရရှိသေးသမျှ ကာလပတ်လုံး ကောင်းမှုပြုသူသည် မကောင်းသော အကျိုးတရားကို တွေ့ကြုံ ခံစားရသေး၏။ ကောင်းမှု၏ အကျိုးပေးသောအခါ၌ကား ကောင်းမှု ပြုသူသည် ချမ်းသာသော စည်းစိမ်ဥစ္စာတို့ကို တွေ့ကြုံခံစားရလေ၏။

## ဆိတ်ဖန်များတော့ အနာဖြစ်
### ၉၉– အသံယတပရိက္ခာရဝတ္ထု

၁၂၁။ အနည်းငယ်မျှသော မကောင်းမှုသည် အကျိုးသက်ရောက်လာလိမ့်မည် မဟုတ်ဟူ၍ မကောင်းမှုကို အထင်မသေးရာ။ မိုးရေပေါက်တို့သည် ကျဖန်များသော အခါ ရေအိုးသည် ပြည့်လျှံလာဘိသကဲ့သို့ အနည်းငယ်မျှသော မကောင်းမှုကိုလည်း ပြုလုပ်ဖန် များသည်ရှိသော် လူမိုက်သည် မကောင်းမှုဖြင့် ပြည့်လျှံလာလေ၏။

## ကျဖန်များတော့ အိုးပြည့်
### ၁၀၀– ဗိဠာလ ပဒကသေဋ္ဌိဝတ္ထု

၁၂၂။ အနည်းငယ်မျှသော ကောင်းမှုသည် အကျိုးသက်ရောက်လိမ့်မည် မဟုတ်ဟူ၍ ကောင်းမှုကို အထင်မသေးရာ၊ မိုးပေါက်တို့သည် ကျဖန်များသောအခါ ရေအိုးသည် ပြည့်လျှံလာဘိသကဲ့သို့ ကောင်းမှုကိုလည်း ပြုလုပ်ဖန်များသောအခါ ပညာရှိသည် ကောင်းမှုဖြင့် ပြည့်လျှံလာလေ၏။

## မသေလို အဆိပ်ကို ရှောင်
### ၁၀၁– မဟာဓနဝါဏိဇဝတ္ထု

၁၂၃။ အဖော်နည်း၍ ဥစ္စာများသော ကုန်သည်ကြီးသည် ဘေးဘျမ်းရှိသော ခရီးခဲကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်မသေ နေလိုသောသူသည် လတ်တလောသေစေတတ်သော အဆိပ်ကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသူသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

## အပုံ့ရှိ ဆားထိမခံ
### ၁၀၂– ကုက္ကုဋမိတ္တ နေသာဒဝတ္ထု

၁၂၄။ လက်ဝါးပြင်၌ အနာမရှိလျှင် လက်ဖြင့် အဆိပ်ကို ကိုင်ဆောင်နိုင်၏။ အဆိပ်သည် အနာမရှိသော လက်သို့ အစဉ်မလိုက်ပေ။ စေတနာမပါဘဲ ပြုလုပ်သူအား မကောင်းမှုကံမည်သည် မရှိချေ။

## မကောင်းကြံ ဒဏ်ပြန်ထိ

### ၁၀၃– ကောကသုနခဝတ္ထု

၁၂၅။ အကြင်သူသည် မပြစ်မှားအပ်သော၊ စင်ကြယ်သော၊ ကိလေသာမရှိသော ရဟန္တာပုဂ္ဂိုလ်အား ပြစ်မှားငြားအံ့။ လောညာသို့ ပစ်သော သိမ်မွေ့သော မြူမှုန်သည် ပစ်လွှင့်သူထံသို့ ပြန်ကျလာသကဲ့သို့ မကောင်းမှု ကံသည်လည်း ထိုလူမိုက်ထံသို့သာလျှင် ပြန်ကျလေသည်။

## ကိုယ့်ဝန် ကိုယ်ထမ်း ကိုယ့်လမ်း ကိုယ်သွား

### ၁၀၄– မဏိကာရကုလူပကတိဿဝတ္ထု

၁၂၆။ အချို့သောသူတို့သည် မိခင်၏ ဝမ်းတွင်း၌ ပဋိသန္ဓေ နေကြကုန်၏။ မကောင်းမှုကို ပြုလုပ်သောသူတို့သည် ငရဲသို့ ကျကြကုန်၏။ ကောင်းမှု ပြုသောသူတို့သည် နတ်ပြည်သို့ လားရောက်ရကုန်၏။ အာသဝေါကင်းကုန်သော ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်ပြုကြကုန်၏။

## မကောင်းမှုဘေး ပြေး မလွတ်

### ၁၀၅– တယောဇနေဝတ္ထု

၁၂၇။ မကောင်းမှုကို ပြုလုပ်သောသူသည် ကောင်းကင်၌ ပျံတက်နေသော်လည်း ကောင်း၊ သမုဒ္ဒရာရေပြင်၌ သွားရောက်နေသော်လည်းကောင်း၊ တောင်ခေါင်းတွင်းသို့ ဝင်ရောက်နေသော်လည်းကောင်း မကောင်းမှုမှ မလွတ်ကင်းနိုင်ပေ။ မကောင်းမှုမှ လွတ်အောင် ပုန်းရှောင်နိုင်သော နေရာသည် မရှိသည်သာတည်း။

## သေဘေး ပြေးမလွတ်

### ၁၀၆– သုပ္ပဗုဒ္ဓသကျဝတ္ထု

၁၂၈။ အကြင်သူသည် ကောင်းကင်၌ ပျံတက်နေသော်လည်းကောင်း၊ သမုဒ္ဒရာရေပြင်၌ သွားရောက်နေသော်လည်းကောင်း၊ တောင်ခေါင်းတွင်းသို့ ဝင်ရောက်နေသော်လည်းကောင်း သေမင်း၏ လက်တွင်းမှ မလွတ်ကင်းနိုင်ပေ။ သေမင်း၏ လက်မှ လွတ်မြောက်အောင် ပုန်းရှောင်နိုင်သော နေရာသည် မရှိသည်သာတည်း။

# ၁၀။ ဒဏ္ဍဝဂ်

## ကိုယ်ချင်းစာ မှားတာ မရှိ

### ၁၀၇– ဆဗ္ဗဂ္ဂိယဝတ္ထု

၁၂၉။ အလုံးစုံသော သတ္တဝါတို့သည် ဒဏ်ကို ထိတ်လန့်ကြကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ရွံ့ကြကုန်၏။ မိမိကိုယ်ကို နှိုင်းယှဉ်စရာ ဥပမာပြု၍ သတ္တဝါတို့ကို မညှဉ်းဆဲရာ။ မသတ်ဖြတ်ရာ။

## ကိုယ့်အသက် ကိုယ်ချစ် ၊ သူ့အသက် သူချစ်

### ၁၀၈– ဆဗ္ဗဂ္ဂိယဝတ္ထု

၁၃၀။ အလုံးစုံသော သတ္တဝါတို့သည် ဒဏ်ကို ထိတ်လန့်ကြကုန်၏။ အလုံးစုံသော သူတို့သည် မိမိအသက်ကို ချစ်မြတ်နိုးကြကုန်၏။ မိမိကိုယ်ကို နိုင်းယှဉ်စရာ ဥပမာပြု၍ သတ္တဝါတို့ကို မညှဉ်းဆဲရာ။ မသတ်ဖြတ်ရာ။

## ငရဲ အပ ဝဋ် အမြဲ

### ၁၀၉– သမ္ဗဟုလကုမာရဝတ္ထု

၁၃၁။ အကြင်သူသည် မိမိချမ်းသာရေးကို ရှာဖွေအံ့ဟူ၍ ချမ်းသာကို အလိုရှိကြသည်ချည်း ဖြစ်သော သတ္တဝါတို့ကို တုတ်စသည်ဖြင့် ညှဉ်းဆဲ ပုတ်ခတ်၏။ ထိုသူသည် တမလွန်ဘဝ၌ ချမ်းသာကို မဆောင်ယူနိုင်ကုန်။

၁၃၂။ အကြင်သူသည် မိမိချမ်းသာရေးကို ရှာဖွေအံ့ဟူ၍ ချမ်းသာကို အလိုရှိကြသည်ချည်း ဖြစ်သော သတ္တဝါတို့ကို တုတ်စသည်ဖြင့် ညှဉ်းဆဲ ပုတ်ခတ်ခြင်း မပြုပေ။ ထိုသူသည် တမလွန်ဘဝ၌ ချမ်းသာမှုကို ရရှိပေ၏။

## စကားနည်း ရန်စဲ ၊ စကားများ ရန်ပွား

### ၁၁၀– ကောဏ္ဍဓာနတ္ထေရဝတ္ထု

၁၃၃။ တစ်စုံတစ်ယောက်ကိုမျှ ကြမ်းတမ်းသော စကားကို မဆိုရ။ အဆိုခံရသော သူတို့သည် ကြမ်းတမ်းသော စကားဖြင့် တုံ့ပြန်၍ ဆိုကုန်ရာ၏။ ချုပ်ချယ်သော စကားသည် ဆင်းရဲခြင်း၏ အကြောင်းတည်း။ သူတစ်ပါးကို ဒဏ်ခတ်လျှင် သင့်ထံသို့ အတုံ့အလှည့်ဒဏ်များ ရောက်လာကုန်ရာ၏။

၁၃၄။ အနားကို ဖြတ်ထားသော ခွက်ခွင်း (လင်းကွင်း)သည် အသံမထွက်သကဲ့သို့ အကယ်၍ မိမိကိုယ်ကို ငြိမ်သက်အောင် စောင့်ရှောက်ငြားအံ့။ ထိုသူသည် နိဗ္ဗာန်သို့ ရောက်နိုင်၏။ ချုပ်ချယ်မှု မရှိတော့ချေ။

## နွားကို တံဖျာနှင် ၊ လူကို ဇရာနှင်

### ၁၁၁– ဝိသာခါဒိ ဥပါသိကာ ဥပေါသထကမ္မဝတ္ထု

၁၃၅။ နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို စားကျက်သို့ မောင်းနှင်သကဲ့သို့ ထို့အတူ အိုခြင်းသည်လည်းကောင်း၊ သေခြင်းသည်လည်းကောင်း သတ္တဝါတို့၏ အသက်ကို မောင်းနှင်၏။

## လူမိုက်ကြမ္မာ သေခါမှသိ

### ၁၁၂– အဇဂရပေတဝတ္ထု

၁၃၆။ လူမိုက်သည် ယုတ်မာသော မကောင်းမှုတို့ကို ပြုလုပ်သော အခါ၌ အသိတရား မရှိပေ။ ပညာမဲ့သူသည် မိမိပြုလုပ်သော မကောင်းမှု ကံကြောင့် မီးလောင်သောကဲ့သို့ ပူပန်ရချေ၏။

## သူတော်ကောင်း မကောင်းကြံ ဘေးဒဏ်ထိ

### ၁၁၃– မဟာမောဂ္ဂလာနဝတ္ထု

၁၃၇။ အကြင်သူသည် အပြစ်ဒဏ်ကင်းကုန်သော၊ မပြစ်မှားထိုက်သော ခင်ပွန်းကြီး ၁၀–ပါးတို့အား တုတ်စသည်တို့ဖြင့် ပုတ်ခတ်ပြစ်မှား၏။ ထိုသူသည် ဆင်းရဲကြောင်း ဒဏ် ၁၀–မျိုးတို့တွင် တစ်မျိုးမျိုးသို့ လျင်မြန်စွာ ဆိုက်ရောက်ရ၏။

၁၃၈–၁၃၉။ ပြင်းထန်သော ဝေဒနာကိုလည်းကောင်း၊ ဥစ္စာပစ္စည်း ဆုံးရှုံးခြင်းသို့လည်းကောင်း၊ ကိုယ်အင်္ဂါ ပျက်စီးခြင်းသို့လည်းကောင်း၊ ကြီးလေးသော အနာရောဂါ စွဲကပ်ခြင်းသို့လည်းကောင်း၊ စိတ်ပျံ့လွင့် ရူးသွပ်ခြင်းသို့လည်းကောင်း၊ မင်းဘေး မင်းဒဏ်သင့်ခြင်းသို့လည်းကောင်း၊ ပြင်းထန်သော စွပ်စွဲမှု ခံရခြင်းသို့လည်းကောင်း၊ ဆွေမျိုးများ ပျက်စီးခြင်းသို့လည်းကောင်း၊ စည်းစိမ်ဥစ္စာ အခြွေအရံ ယိုယွင်း ကျဆင်းခြင်းသို့လည်းကောင်း ဆိုက်ရောက်ရ၏။

၁၄၀။ ထို့ပြင် ထိုပြစ်မှားသူ၏ နေအိမ်တို့ကို ပကတိမီးသည်လည်းကောင်း၊ လောင်မီးကျခြင်းသည်လည်းကောင်း ဖြစ်တတ်ပေ၏။ ပညာမဲ့သော ထိုသူသည် သေသည်မှ နောက်၌ ငရဲသို့ ကျရောက်ရလေ၏။

#### ခက်ဆစ်အဖြေ

**ခင်ပွန်းကြီး ၁၀–ပါး၊** ။(၁) ဘုရား၊ (၂) ပစ္စေကဗုဒ္ဓ၊ (၃) ရဟန္တာ၊ (၄) ဘုရားရှင်၏ သာဝကများ၊ (၅) မွေးသည့်မိခင်၊ (၆) မွေးသည့်ဖခင်၊ (၇) အသက်သိက္ခာ ဂုဏ်ဝါကြီးမြတ်သည့် အရိုအသေပြုထိုက်သူများ၊ (၈) ပညာသင်ပေးသော ဆရာ၊ (၉) မိမိအတွက် ကျေးဇူးရှိဖူးသူ၊ (၁၀) မိမိကို တရားဟောပြဖူးသူ တို့ ဖြစ်သည်။

**ဒဏ် ၁၀–ပါး၊** ။(၁) ကြမ်းတမ်းသော ဦးခေါင်းနာစသည် ကပ်ရောက်ခြင်း၊ (၂) စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ (၃) ကိုယ်အင်္ဂါ ပျက်စီးခြင်း၊ (၄) ကြီးလေးသော အနာ ကပ်ရောက်ခြင်း၊ (၅) ရူးသွပ်ခြင်း၊ (၆) မင်းဘေးသင့်ခြင်း၊ (၇) စွပ်စွဲခံရခြင်း၊ (၈) ဆွေမျိုး ပျက်စီးခြင်း၊ (၉) စည်းစိမ်အခြံအရံ ပျက်စီးခြင်း၊ (၁၀) မီးလောင်ခံရခြင်း တို့ဖြစ်သည်။

## ကျင့်စဉ်မှား တရားမမြင်

### ၁၁၄– ဗဟုဘဏ္ဍိကဘိက္ခုဝတ္ထု

၁၄၁။ အဝတ် မဝတ်သော ကျင့်စဉ်သည်လည်းကောင်း၊ ဆံကျစ်ထုံးသော အကျင့်သည်လည်းကောင်း၊ ရွှံ့ညွန်အလိမ်းလိမ်းကပ်သော အကျင့်သည်လည်းကောင်း၊ အစာတော်ခံ၍ ကျင့်သော အကျင့်သည်လည်းကောင်း၊ မြေကြီး၌ အိပ်သော အကျင့်သည်လည်းကောင်း၊ မြူမှုန်အလိမ်းလိမ်း တင်စေသော အကျင့်တို့သည်လည်းကောင်း၊ ဆောင့်ကြောင့်ထိုင်သော အကျင့်တို့သည်လည်းကောင်း ယုံမှားခြင်းမှ မလွတ်ကင်းသောသူကို စင်ကြယ်အောင် မစွမ်းနိုင်ကြကုန်။ မသုတ်သင်နိုင်ကြကုန်။

## မင်္ဂလေးပါးမြင် လူပင်ရဟန်း

### ၁၁၅– သန္တတိမဟာမတ္တဝတ္ထု

၁၄၂။ အကြင်သူသည် ကိလေသာငြိမ်း၏။ စက္ခုစသော ဣန္ဒြေကို ဆုံးမပြီး ဖြစ်၏။ မဂ်လေးပါးဖြင့် မြဲ၏။ မြတ်သော အကျင့်ကို ကျင့်လေ့ရှိ၏။ လက်နက်ကို ပယ်စွန့်လျက် သတ္တဝါအားလုံးတို့၌ မေတ္တာဖြင့် အညီအမျှ ကျင့်၏။ ထိုသူသည် ဝတ်စားတန်ဆာ ဆင်ယင်ထားစေကာမူ မကောင်းမှုမှ အပပြုပြီးသူ ဖြစ်၍ ဗြာဟ္မဏမည်၏။ ကိလေသာကို ဖျက်ဆီးသူဖြစ်၍ ဘိက္ခုလည်း မည်၏။

**ခက်ဆစ်အဖြေ**

**ဗြာဟ္မဏ** = မကောင်းမှုကို ပယ်သတ်ထားသူ ၊

**ဘိက္ခု =** ကိလေသာကို ဖျက်ဆီးသူ ၊

## မြင်းကောင်းတော့ ကြိမ်ချောင်းမလို

### ၁၁၆– ပိလောတိကတိဿတ္ထေရဝတ္ထု

၁၁၆။ ကောင်းသော မြင်းသည် ကြိမ်ချောင်းကို ရှောင်ကြဉ်သကဲ့သို့ အကြင်သူသည် ကဲ့ရဲ့ဖွယ်ကို ရှောင်ကြဉ်၍ အပြစ်ကင်းသည်၏ အဖြစ်ကို သိစေ၏။ ယုတ်မာသော အကြံအစည်တို့ကို အရှက်အကြောက်ဖြင့် တားဖြစ်တတ်၏။ ထိုသို့သော ပုဂ္ဂိုလ်မျိုးသည် လောက၌ တစ်ယောက်တလေသာ ရှိပေသည်။

၁၄၄။ မြင်းကောင်းသည် ကြိမ်ချောင်းဖြင့် ပုတ်ခတ်သည်ရှိသော် လုံ့လအားထုတ်လာသကဲ့သို့ လုံ့လထုတ်ကြလော့။ ထိတ်လန့်ကြကုန်လော့။ သဒ္ဓါတရားဖြင့်လည်းကောင်း၊ စတုပါရိသုဒ္ဓိသီလဖြင့်လည်းကောင်း၊ သမာဓိဖြင့်လည်းကောင်း၊ တရားကို ဆုံးမနိုင်သော ဉာဏ်ဖြင့်လည်းကောင်း၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ ၁၅–ပါးတို့နှင့် ပြည့်စုံကုန်သည် ဖြစ်၍၊ ထင်သော သတိရှိကုန်သည် ဖြစ်၍ အတိုင်းမသိ ရှည်လျားလှသော ဤသံသရာ ဆင်းရဲကို စွန့်လွှတ်နိုင်ကြကုန်လတ္တံ့။

**ခက်ဆစ်အဖြေ**

**စတုပါရိသုဒ္ဓိသီလ** = ထက်ဝန်းကျင် စင်ကြယ်စေရမည့်သီလ ၊

**သီလကြီးမျိုးလေးပါး၊** ၊ (၁) သံသရာဝဋ်မှ လွတ်ကင်းစေသော 'ပါတိမောက္ခသံဝရသီလ '၊ (၂) စက္ခုစသော ဣန္ဒြေကို စောင့်စည်းသော 'ဣန္ဒြိယသံဝရသီလ'၊ (၃) အပြစ်မရှိသော အသက်မွေးဝမ်းကျောင်းမှု 'အာဇီဝပါရိသုဒ္ဓိသီလ'၊ (၄) ပစ္စည်းလေးပါးတို့၌ စင်ကြယ်စွာ မှီဝဲသုံးဆောင်မှု 'ပစ္စယသန္နိဿိတသီလ' တို့ ဖြစ်သည်။

**ဝိဇ္ဇာသုံးပါး၊** ၊ (၁) ရှေးဘဝဖြစ်စဉ်ကို မြင်နိုင်သော 'ပုဗ္ဗေနိဝါသဉာဏ်'၊ (၂) နီးဝေးအာရုံကို မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ် '၊ (၃) အာသဝေါတရားတို့ကို ပယ်ခွာနိုင်သော 'အာသဝက္ခယဉာဏ်' တို့ ဖြစ်သည်။

**ဝိဇ္ဇာရှစ်ပါး၊** ၊ (၁) ပုဗ္ဗေနိဝါသဉာဏ်၊ (၂) ဒိဗ္ဗစက္ခုဉာဏ်၊ (၃) အာသဝက္ခယဉာဏ်၊ (၄) အရာရာကို ဖန်ဆင်းနိုင်သော 'ဣဒ္ဓိဝိဓဉာဏ် '၊ (၅) ဝေးနီးအသံတို့ကို ကြားနိုင်သော 'ဒိဗ္ဗသောတဉာဏ်'၊ (၆) စိတ်အစဉ်ကို လိုက်၍သိသော 'စေတောပရိယဉာဏ် '၊ (၇) စိတ်ကြံစည်သည်ကို ပြီးစီးနိုင်သော 'မနောမယိဒ္ဓိဉာဏ် '၊ (၈) ဉာဏ်စဉ်အမျိုးမျိုးဖြစ်သော 'ဝိပဿနာဉာဏ် ' တို့ ဖြစ်သည်။

**စရဏ ၁၅–ပါး၊** ၊ (၁) သီလသံဝရ၊ (၂) ဣန္ဒြိယေသု ဂုတ္တဒွါရတာ၊ (၃) ဘောဇနေမတ္တညုတာ၊ (၄) ဇာဂရိယာနုယောဂ၊ (၅) သဒ္ဓါ၊ (၆) သတိ၊ (၇) ဟိရီ၊ (၈) ဩတ္တပ္ပ၊ (၉) ဗဟုသစ္စ၊ (၁၀) ဝီရိယ၊ (၁၁) ပညာ၊ (၁၂) ပထမဈာန်၊ (၁၃) ဒုတိယဈာန်၊ (၁၄) တတိယဈာန်၊ (၁၅) စတုတ္ထဈာန် တို့ ဖြစ်သည်။

## သစ်ဖြောင့်တော့ လက်သမား
## လူဖြောင့်တော့ တရား

### ၁၁၇– သုခသာမဏေရဝတ္ထု

၁၄၅။ လယ်သမားတို့သည် ရေကို အလိုရှိရာသို့ သွယ်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကြကုန်၏။ လက်သမားတို့သည် သစ်ကို ဖြောင့်အောင် ရွေကြကုန်၏။ သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကြကုန်၏။

# ၁၁။ ရာဇဝဂ်

## အမိုက်သမား တရားမရှာ
## ၁၁၈– ပဉ္စသတဥပါသိကာဝတ္ထု

၁၄၆။ အမြဲတမ်း ကိလေသာမီး တောက်လောင်၍ နေသည် ဖြစ်ပါလျက် အဘယ် ကြောင့် ဝမ်းမြောက်ဝမ်းသာ နေကြပါကုန်သနည်း၊ အဝိဇ္ဇာဟူသော အမိုက်မှောင်ကြီးသည် ပိတ်ဆီး၍ ထားပါလျက် ပညာတည်းဟူသော ဆီမီးကို အဘယ့်ကြောင့် မရှာမှီးဘဲ နေကြပါ ကုန်သနည်း။

## ခန္ဓာရှု ပန်းပုသဖွယ်
## ၁၁၉– သိရီမာဝတ္ထု

ဆန်းကြယ်စွာ ပြုလုပ်ထားသော ပန်းပုရုပ်တုနှင့်တူသော၊ အရိုးသုံးရာတို့ဖြင့် တည် ဆောက်ထားအပ်သော၊ နာကျင်အပ်သော၊ များစွာကြံစည်အပ်သော ကိုးပေါက်ဒွါရဟူသော အမာဝရှိသော ခန္ဓာကိုယ်ကို ကြည့်ရှုလော့။ ခန္ဓာကိုယ်၏ အမြဲတည်ရှိခြင်းကား မရှိချေတကား။

**ခက်ဆစ်အဖြေ**

**အရိုးသုံးရာ၊** ။ လက်ရိုး ၆၄–ခု၊ ခြေရိုး ၆၄–ခု၊ အသားကို မှီသော အရိုးနု ၆၄–ခု၊ ဖနောင့်ရိုး ၂–ခု၊ ခြေတစ်ဖက်၌ ဖမျက်ရိုး ၂–ခုစီ (၄–ခု)၊ ခြေသလုံးရိုး ၂–ခုစီ၊ ဒူးဆစ်ရိုးတစ်ခုစီ၊ ပေါင်ရိုး ၁–ခုစီ၊ တင်ပါးရိုး၂–ခု၊ ကျောက်ဆူးရိုး (ခါးဆစ်ရိုး) ၁၈–ခု၊ နံရိုး ၂၄–ခု၊ ရင်ရိုး ၁၄–ခု၊ ရင်ညွန့်ရိုး ၁–ခု၊ ညှပ်ရိုး ၂–ခု၊ လက်ပြင်ရိုး ၂–ခု၊ လက်မောင်းရိုး ၂–ခု၊ လက်ဖျံရိုး ၂–ခုစီ (၄–ခု)၊ လည်ရိုး ၇–ခု၊ မေးရိုး ၂–ခု၊ နှာခေါင်းရိုး ၁–ခု၊ မျက်ကွင်းရိုး ၂–ခု၊ နားရိုး ၂–ခု၊ နဖူးရိုး ၁–ခု၊ ဦးထိပ်ရိုး ၁–ခု၊ ဦးခေါင်းခွံရိုး ၉–ခု၊ စုစုပေါင်း ၃၀၀–ရှိ၏။

**ကိုးပေါက် ဒွါရ၊** ။ မျက်စိ ၂–ပေါက်၊ နား ၂–ပေါက်၊ နှာခေါင်း ၂–ပေါက်၊ ပါးစပ်ပေါက်၊ ကျင်ကြီး ပေါက်၊ ကျင်ငယ်ပေါက်၊ ပေါင်း ၉–ပေါက် ဖြစ်သည်။

## အပုပ်ကောင် သရုပ်ဆောင်
## ၁၂၀– ဥတ္တရာထေရီဝတ္ထု

၁၄၈။ ဤရုပ်ခန္ဓာသည် ဆွေးမြေ့ ဟောင်းမြင်း အိုမင်းတတ်၏။ ကိုးဆယ့်ခြောက် ဖြာသော ရောဂါတို့၏ တည်ရာလည်း ဖြစ်၏။ ယိုယွင်းပျက်စီးတတ်၏ ။ အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိသောကြောင့် ကိုယ်ခန္ဓာသည် ပုပ်သည်ဖြစ်၍ ပျက်စီးလတ့ံ။

**ခက်ဆစ်အဖြေ**

**၉၆–ပါး ရောဂါ၊** ။ သည်းခြေကြောင့် ဖြစ်သောအနာ ၃၂–ပါး၊ သလိပ်ကြောင့် ဖြစ်သောအနာ ၃၂–ပါး၊ လေကြောင့် ဖြစ်သော အနာ ၃၂–ပါး၊ ပေါင်း ၉၆–ပါးဖြစ်သည်။ (အကျဉ်း)။

## အရိုးစုမြင် ခင်မင်ဖွယ် မရှိ
## ၁၂၁– သမ္ဗဟုလအဓိမာနိကာဝတ္ထု

၁၄၉။ တန်ဆောင်မုန်းလ၌ စွန့်ပစ်ထားအပ်သော ဘူးသီးခြောက်ကဲ့သို့ စွန့်ပစ်အပ် ကုန်သော၊ ခို၏ အဆင်းကဲ့သို့ မွဲပြာဖြူဖွေးသော အရိုးတို့ကို မြင်၍ အဘယ်မှာ မွေ့လျော်ဖွယ် ရှိနိုင်ပါမည်နည်း။

## ရုပ်ခန္ဓာ တဏှာဆောက်
## ၁၂၂– ရူပနန္ဒာထေရီဝတ္ထု

၁၅၀။ တဏှာဟူသော လက်သမားသည် အရိုးစုတို့ကို စိုက်ထူ၍ အသွေးအသား တို့ဖြင့် လိမ်းကျံလျက် ကိုယ်ခန္ဓာတည်းဟူသော မြို့ကို တည်ဆောက်ထား၏။ ထိုမြို့၌ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ မာနထောင်လွှားခြင်း၊ ကျေးဇူးကို ချေဖျက်ခြင်းသည်သာလျှင် တည်ရှိ၏။

## ရထား ဆွေးသော်လည်း တရား မဆွေး
## ၁၂၃– မလ္လိကာဒေဝီဝတ္ထု

၁၅၁။ ကောင်းစွာ ဆန်းကြယ်ကုန်သော မင်းစီးရထားတို့သည် စင်စစ် ဆွေးမြေ့ကြ ကုန်၏။ ခန္ဓာကိုယ်သည်လည်း ထို့အတူပင် ရင့်ရော် ဆွေးမြေ့ရ၏။ သူတော်ကောင်းတို့၏ တရား သည်ကား ဆွေးမြေ့ခြင်းသို့ မရောက်ပေ။ ဤသို့ သူတော်ကောင်းတို့သည် သူတော်ကောင်း အချင်းချင်းနှင့် အတူတကွ ဟောပြောကြကုန်၏။

## ပညာ မပွား လူနွား
## ၁၂၄– လာလုဒါယိတ္ထေရဝတ္ထု

၁၅၂။ အကြားအမြင်နည်းသော ဤယောကျ်ားသည် နွားလားကဲ့သို့ အချည်းနှီး ကြီးထွားလာ၏။ ထိုယောကျ်ားအား အသားတို့သည်သာလျှင် တိုးပွားလာ၏။ ပညာမှာမူကား တိုးပွားခြင်း မရှိချေ။

## တဏှာမြင်တော့ အမျှင်ပြတ်
## ၁၂၅– အာနန္ဒပုစ္ဆိတဥဒါနဝတ္ထု

၁၅၃။ ခန္ဓာအိမ်ကို အကြိမ်များစွာ ဆောက်လုပ်လာသော တဏှာယောကျ်ား လက်သမားကို ဉာဏ်ဖြင့် မွေ့၍ ရှာဖွေသောငါသည် တဏှာယောကျ်ား လက်သမားကို ဉာဏ်ဖြင့် မမြင်နိုင်သောကြောင့်သာလျှင် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ခဲ့ရပေပြီ။ ဘဝအဖန်ဖန် ဖြစ်ပေါ်ခဲ့ရခြင်းသည် ဆင်းရဲလှချေ၏။

၁၅၄။ ခန္ဓာအိမ်ကို အကြိမ်များစွာ ဆောက်လုပ်တတ်သော တဏှာယောကျ်ား အို– လက်သမား၊ ယခု ငါသည် သင့်ကို ပညာစက္ခုဖြင့် သိမြင်ခဲ့ပေပြီ။ တစ်ဖန် ခန္ဓာအိမ်အမျိုးမျိုး၊ ဘဝဖြစ်ပေါ်မှု အစားစားကို သင် မဆောက်ရတော့လတ္တံ့။ ကိလေသာတည်းဟူသော အခြင် ရနယ်အားလုံးကို ငါချိုးဖဲ့အပ်ပြီ။ အဝိဇ္ဇာတည်းဟူသော အိမ်အထွတ်ကို ငါဖျက်ဆီးအပ်ပြီ။ ငါ ၏ စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ပြီ။ တဏှာကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်ခဲ့လေပြီ။

## ငါးမရှိတဲ့ အိုင်မှာ ကြိုးကြာက တောင်ပံကြိုး
## ၁၂၆– မဟာဓနသေဋ္ဌိဝတ္ထု

၁၅၅။ လူမိုက်တို့သည် အရွယ်ရှိစဉ်ကာလက မြတ်သော အကျင့်ကို မကျင့်လိုက်မိ ၍၊ ဥစ္စာကိုလည်း မရလိုက်မိ၍ အရွယ်လွန်သော အခါ၌ ငါးကုန်ခန်းသော ညွန်အိုင်ဝယ် အတောင်ပံကြိုးသော ကြိုးကြာအိုငှက်ကဲ့သို့ ကြံမှိုင်၍သာ နေရကုန်၏။

၁၅၆။ လူမိုက်တို့သည် အရွယ်ရှိစဉ်ကာလက မြတ်သော အကျင့်ကို မကျင့်လိုက်မိ၍၊ ဥစ္စာကိုလည်း မရလိုက်မိ၍ အရွယ်လွန်သောအခါ၌ လေးညို့လွတ်ပြီးသော မြားတို့ကဲ့သို့ ရှေးကခံစားရသော သုခချမ်းသာတို့ကို အောက်မေ့ညည်းတွားရ၍သာ နေကြရကုန်၏။

## ၁၂။ အတ္တဝဂ်

### ကိုယ့်ကိုယ်ကို ချစ် တရားမပစ်နှင့်

### ၁၂၇– ဗောဓိရာဇကုမာရဝတ္ထု

၁၅၇။ မိမိကိုယ်ကို ချစ်ခင်အပ်သည်ဟု သိပါမူ မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏။ ပညာရှိသည် အရွယ်သုံးပါးတို့တွင် တစ်ပါးပါးသော အရွယ်၌ မိမိကိုယ်ကို ကြိုးစား၍ သုတ်သင်ရာ၏။

**ခက်ဆစ်အဖြေ**

**အရွယ်သုံးပါး**၊ ၊ (၁) ပဌမအရွယ် ၊ အသက် ၂၀–ဝန်းကျင်၌ ဥစ္စာရကြောင်း ပညာများကို ရှာမှီးရန်အရွယ်၊ (၂) ဒုတိယအရွယ်၊ အသက် ၅၅–နှစ် ဝန်းကျင်အထိ ပစ္စည်းဥစ္စာ ရှာဖွေဆည်းပူးရန် အရွယ်၊ (၃) တတိယအရွယ်၊ အသက် ၅၅–နှစ် ဝန်းကျင်မှ စ၍ တရားဓမ္မကို လေ့လာလိုက်စားရန် အရွယ်၊

### သူများ ပြောချင် ကိုယ်အလျင် ကျင့်

### ၁၂၈– သကျပုတ္တဥပါနန္ဒဝတ္ထု

၁၅၈။ မိမိကိုယ်ကိုသာလျှင် ကောင်းမြတ်သော အကျင့်၌ ရှေးဦးစွာ တည်စေရာ၏။ ထို့နောင်မှ သူတစ်ပါးကို သုံးမရာ၏။ ပညာရှိသည် သူတစ်ပါးတို့ ကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ။

### အသိရှိလျက် အကျင့်ခက်

### ၁၂၉– ပဓာနိကတိဿတ္ထေရဝတ္ထု

၁၅၉။ သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင်လည်း လိုက်နာကျင့်သုံးအပ်၏။ မိမိကိုယ်တိုင် ယဉ်ကျေးမှသာ သူတစ်ပါးကို သုံးမရာ၏။ မိမိကိုယ်တိုင် ယဉ်ကျေးအောင် ဆုံးမခြင်းသည် ခဲယဉ်းတတ်လေသည်။

### ကိုယ့်ကိုယ်သည်သာ ကိုယ့်ကိုးကွယ်ရာ

### ၁၃၀– ကုမာရကဿပမာတုဝတ္ထု

၁၆၀။ မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာ ဖြစ်၏။ တစ်ပါးသောသူသည် မိမိ၏ ကိုးကွယ်ရာ အဘယ်မှာ ဖြစ်နိုင်ပါမည်နည်း။ မိမိကိုယ်ကို ကောင်းစွာ ယဉ်ကျေးစေခြင်းဖြင့် အရဟတ္တဖိုလ်ဟူသော ကိုးကွယ်ရာကို ရရှိနိုင်ပေသည်။

## အကုသိုလ် လူကိုဖျက်
### ၁၃၁– မဟာကာလ ဥပါသကဝတ္ထု

၁၆၁။ ကျောက်မှဖြစ်သော စိန်သည် မိမိမှီရာကျောက်ကို ထွင်းဖောက် ဖျက်ဆီးသကဲ့သို့ မိမိပြုအပ်သော၊ မိမိကိုယ်မှ ဖြစ်သော၊ မိမိကိုယ်လျှင် ဖြစ်ကြောင်းရှိသော မကောင်းမှုသည် မိမိတည်းဟူသော ပညာမဲ့သူကို ဖျက်ဆီးတတ်၏။

## သစ်ပင်ကို နွယ်ပတ် ၊ လူကို တဏှာပတ်
### ၁၃၂– ဒေဝဒတ္တဝတ္ထု

၁၆၂။ မာလောနွယ်သည် မိမိမှီရာ သစ်ပင်ကို လွှမ်းမိုးရစ်ပတ်၍ လဲကျစေသကဲ့သို့ သီလမရှိသောသူ၏ အဖြစ်တည်းသော တဏှာ၏ လွှမ်းမိုးခြင်းခံရသူသည် ရန်သူအလိုရှိသလို ပြုသည့်အတိုင်း မိမိပျက်စီးခြင်းကို မိမိကိုယ်တိုင်ပင် ပြုလုပ်၏။

## အကျိုးရှိတာထက် အကျိုးမဲ့တာ သွက်
### ၁၃၃– သံဃဘေဒက ပရိသက္ကနဝတ္ထု

၁၆၃။ သူတော်ကောင်းသည် ကောင်းသောအမှုကို ပြုလွယ်၏။ သူယုတ်မာသည် ကောင်းသော အမှုကို ပြုခဲ၏။ သူယုတ်မာသည် မကောင်းသော အမှုကို ပြုလွယ်၏။ သူတော်ကောင်းတို့သည် မကောင်းမှုကို ပြုခဲ၏။

၁၆၄။ မကောင်းသော သဘောလည်းရှိသော၊ မိမိ၏ အကျိုးစီးပွားမဲ့လည်း ဖြစ်ကုန်သော အမှုတို့ကို ပြုလွယ်ကုန်၏။ မိမိ၏ အကျိုးစီးပွားလည်းဖြစ်သော၊ ကောင်းလည်းကောင်းသော အမှုတို့ကို ပြုရန် ခက်ခဲတတ်ချေ၏။

## အယူမှားတော့ တရားဖျက်
## အသီးများတော့ ဝါးပျက်
### ၁၃၄– ကာလတ္ထေရဝတ္ထု

၁၆၅။ ပညာမဲ့သောသူသည် ယုတ်မာသော မိစ္ဆာအယူကို အမှီပြု၍ တရားသဖြင့် အသက်မွေးကုန်သော၊ ပူဇော်အထူးကို ခံထိုက်သော အရိယာပုဂ္ဂိုလ်တို့၏ အသုံးအမတော်ကို တားမြစ်၏။ ထိုမကောင်းသော အယူသည် ဝါးသီးတို့သည် ဝါးပင်ကို သတ်ရန် သီးလာကြသကဲ့သို့ မိမိကိုယ်ကို သတ်ခြင်း ဖျက်ဆီးခြင်းအလို့ငှာ ဖြစ်ပေ၏။

## အဖြူနှင့် အမဲ အမြဲမတူ
### ၁၃၅– စူဠကာလဥပါသကဝတ္ထု

၁၆၆။ မကောင်းမှုကို မိမိပြုလျှင် မိမိသာလျှင် ညစ်နွမ်း၏။ မကောင်းမှုကို မိမိမပြုလျှင် မိမိသည်သာလျှင် စင်ကြယ်၏။ စင်ကြယ်သော ကုသိုလ်နှင့် မစင်ကြယ်သော အကုသိုလ်တို့သည် ရောနှောခြင်း မရှိ။ အသီးအခြားစီ ဖြစ်၏။ တစ်ပါးသည် အခြားတစ်ပါးကို စင်ကြယ်အောင် ပြုလုပ် မပေးနိုင်ချေ။

## သူများအတွက် ကိုယ်အကျိုး အပျက်စေနှင့်
### ၁၃၆– အတ္တဒတ္ထတ္ထေရဝတ္ထု

၁၆၇။ သူတစ်ပါး၏ များစွာသော အကျိုးစီးပွားကြောင့် မိမိအကျိုးစီးပွားကို မဆုတ်ယုတ်စေရာ။ မိမိ၏ အကျိုးစီးပွားကို သိ၍ မိမိ၏ အကျိုးစီးပွားကို တိုးတက်အောင် ပြုလုပ်ရာ၏။

# ၁၃။ လောကဝဂ်

## အမှားအလုပ်လဲ မတွယ်လေနှင့် တရားမဟုတ်လဲ မကျယ်လေနှင့်
### ၁၃၇– ဒဟရဘိက္ခုဝတ္ထု

၁၆၈။ ယုတ်မာသော တရားကို မေ့လျော့သဖြင့်လည်း မမှီဝဲရာ။ မိစ္ဆာအယူကိုလည်း မမှီဝဲရာ၊ လောကကို ကျယ်ပွားစေသည် မဖြစ်ရာ။

## မကောင်းတာပြု နေမှု မချမ်းသာ
### ၁၃၈– သုဒ္ဓေါဒနဝတ္ထု

၁၆၉။ သူတစ်ပါး၏ အိမ်သို့ ရပ်၍ ဆွမ်းခံသော ကျင့်ဝတ်၌ မမေ့လျော့စေရာ။ ကောင်းစွာ ကျင့်အပ်သော တရားကို ကျင့်ရာ၏။ တရားကို ကျင့်သောသူသည် ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း ချမ်းသာစွာ နေရ၏။

၁၇၀။ ကောင်းသော တရားကို ကျင့်အပ်၏။ မကောင်းသော တရားကို မကျင့်ရာ။ တရားကို ကျင့်သောသူသည် ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း ချမ်းသာစွာ နေရ၏။

## တံလျှပ်ကိုမြင် ရေမထင်နှင့်
### ၁၃၉– ပဉ္စသတဝိပဿကဘိက္ခုဝတ္ထု

၁၇၁။ ရေပွက်ကို ဖြစ်၍ ပျက်သည်ဟု ရှုရာသကဲ့သို့ ခန္ဓာငါးပါးဟူသော လောကကို ဖြစ်၍ ပျက်သည်ဟု ရှုရာ၏။ တံလျှပ်ကို ရေထင်သည့်အတိုင်း မဟုတ်ဟူ၍ ရှုရာသကဲ့သို့ ခန္ဓာတည်းဟူသော လောကကို ထင်သည့်အတိုင်း မဟုတ်ဟူ၍ ရှုရာ၏။ ဤသို့ ရှုမြင်သော ပုဂ္ဂိုလ်ကို သေမင်းသည် မမြင်နိုင်ချေ။

## လောကအရှိ အငြိကိုပယ်
### ၁၄၀– အဘယရာဇကုမာရဝတ္ထု

၁၇၂။ လာကြကုန်လော့။ ရတနာခုနစ်ပါးတို့ဖြင့် ဆန်းကြယ်စွာ စီခြယ်ထားသော မင်းစီးရထားလျှင် ဥပမာရှိသော ဤလောကကို ရှုကြကုန်လော့။ အဝတ်တန်ဆာတို့ဖြင့် ခြယ်လှယ်ထားသော ဤလောကကို ကြည့်ကြလော့။ မိုက်မဲသူတို့သည် ဤလောက၌ နစ်မြုပ်ကြကုန်၏။ ပညာရှိတို့သည်ကား ဤလောက၌ ကပ်ငြိတွယ်တာခြင်း မရှိကြကုန်။

### ခက်ဆစ်အဖြေ

**ရတနာခုနစ်ပါး၊** ။ (၁) ရွှေ၊ (၂) ငွေ၊ (၃) ပုလဲ၊ (၄) ပတ္တမြား၊ (၅) ကြောင်မျက်ရွဲ၊ (၆) စိန်၊ (၇) သန္တာ တို့ ဖြစ်သည်။

## အမှားမြင် တိမ်စင်လ

### ၁၄၁– သမ္မဇ္ဇနတ္ထေရဝတ္ထု

၁၇၃။ အကြင်သူသည် ရှေးဦးအစ၌ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခဲ့၍ နောင်အခါ၌မူ မမေ့လျော့ပေ။ တိမ်တိုက်မှ လွတ်ကင်းသော လမင်းသည် ဤလောကကို ထွန်းလင်းတောက်ပစေသကဲ့သို့ ထိုသူသည်လည်း ဤသင်္ခါရလောကကို ဉာဏ်တန်ဆောင်ဖြင့် တောက်ပစေ၏။

### ခက်ဆစ်အဖြေ

**သင်္ခါရလောက** = ပြုပြင်စီရင်ပေးနေသော သဘာဝတရား ၊

**လောကသုံးပါး၊** ။၁(၁) သတ္တလောက၊ (၂) သင်္ခါရလောက၊ (၃) ဩကာသလောက တို့ဖြစ်သည်။

## ဘုန်းကြီးလက်အောက် ဘုန်းငယ်ပျောက်

### ၁၄၂– အင်္ဂုလိမာလတ္ထေရဝတ္ထု

၁၇၄။ အကြင်သူသည် ပြုခဲ့သော မကောင်းမှုကံကို အရဟတ္တမဂ်ကုသိုလ်ဖြင့် ဖုံးအုပ်နိုင်၏။ တိမ်တိုက်မှလွတ်ကင်းသော လမင်းသည် ဤလောကကို ထွန်းလင်းတောက်ပစေသကဲ့သို့ ထိုသူသည်လည်း ဤသင်္ခါရလောကကို ဉာဏ်တန်ဆောင်ဖြင့် တောက်ပစေ၏။

## ပိုက်ကထွက် ငှက်ကံကောင်း

### ၁၄၃– ပေသကာရဓီတုဝတ္ထု

၁၇၅။ ဤလူသားတို့သည် ပညာမရှိ အကန်းအတိသာ များကြကုန်၏။ ဤလောက၌ အနည်းငယ်မျှသော သူတို့သည်သာ ပညာဖြင့် ရှုမြင်နိုင်၏။ ပိုက်ကွန်မိသော ငှက်တို့သည် အနည်းငယ်မျှသာ ပိုက်ကွန်မှ လွတ်ထွက်နိုင်သကဲ့သို့ အနည်းငယ်မျှသော လူတို့သည်သာ ကွန်ရက်မှ လွတ်ထွက်၍ နတ်ရွာ နိဗ္ဗာန်ကို ရရှိနိုင်ကြကုန်၏။

## ငှက်မှန်လျှင် ခြေကျင်မလျှောက်

### ၁၄၄– တိံသဘိက္ခုဝတ္ထု

၁၇၆။ ဟင်္သာတို့သည် နေမင်း၏ လမ်းကြောင်း ဖြစ်သော ကောင်းကင်၌ ပျံသန်းကြကုန်၏။ တန်ခိုးရှိသော ပုဂ္ဂိုလ်တို့သည် ကောင်းကင်၌ သွားလာကြကုန်၏။ ပညာရှိတို့သည် စစ်သည်ဗိုလ်ပါနှင့် တကွသော မာရ်မင်းကို အောင်နိုင်၍ လောကမှ ထွက်ကုန်၏။

## အယုတ်တရား မုသားအခြေခံ

### ၁၄၆– စိဉ္စမာဏဝိကာဝတ္ထု

၁၇၇။ သစ္စာတရားကို ဖျက်ကွယ်ပြု၍ မုသားစကားကို ဆိုလေ့ရှိသော၊ နောင်ဘဝအတွက် ဆင်ခြင်စဉ်းစားခြင်း အလျဉ်းမရှိသော သူအား မပြုနိုင်သော မကောင်းမှုဟူ၍ မရှိချေ။

## လူ့ဗာလ ဒါနကိုပယ်
### ၁၄၆– အသဒိသဒါနဝတ္ထု

၁၇၈။ ဝန်တိုသောသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် ပေးကမ်းမှု အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိတို့သည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်ကြကုန်၏။ ထိုသို့ ဝမ်းမြောက်ခြင်းကြောင့်သာလျှင် ပညာရှိတို့သည် တမလွန်ဘဝ၌ ချမ်းသာကြရကုန်၏။

## မဂ်ဖိုလ်ရမှ ဘဝမြတ်သူ
### ၁၄၇– အနာထပိဏ္ဍိကဿပုတ္တဝတ္ထု

၁၇၉။ မြေအပြင်တစ်ခုလုံး၌ ဧကရာဇ်မင်း ပြုလုပ်ရသည်ထက်လည်းကောင်း၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့ သွားရသည်ထက်လည်းကောင်း၊ အလုံးစုံသော လောကကို အစိုးရသည်ထက် လည်းကောင်း သောတာပတ္တိဖိုလ်သည် မြတ်၏။

**ခက်ဆစ်အဖြေ**

**သောတာပတ္တိဖိုလ် =** အယူမှားမှုနှင့် ယုံမှားမှုတို့ကို ပယ်၍ အရိယာပုဂ္ဂိုလ်တို့ အသိုင်းအဝိုင်းသို့ ရှေးဦးစွာ ရောက်ရှိလာသောပုဂ္ဂိုလ်၊ တစ်နည်း– ယုံမှားမရှိ အမြင်မှန်ရသူ ။

# ၁၄။ ဗုဒ္ဓဝဂ်

## ကိလေသာ နှစ်ခါ မပယ်ရ
### ၁၄၈– မာရဓီတရဝတ္ထု

၁၈၀။ အကြင်မြတ်စွာဘုရားသည် အောင်ပြီးသော ကိလေသာကို တစ်ဖန်ပြန်၍ အောင်ရန် မလိုတော့ပြီ။ လောက၌ မြတ်စွာဘုရား၏ အောင်ပြီးသော ကိလေသာနောက်သို့ တစ်စုံတစ်ခုမျှ လိုက်ပါမလာတော့ပေ။ အပိုင်းအခြားမရှိ ကျက်စားနိုင်သော ဉာဏ်တော်ရှိသော ထိုမြတ်စွာဘုရားကို အဘယ်ခရီးလမ်းကြောင်းဖြင့် သင်တို့လိုရာသို့ ခေါ်ဆောင်နိုင်ချိမ့်မည်နည်း။

၁၈၁။ အကြင်မြတ်စွာဘုရားအား တစ်စုံတစ်ခုသော လောကသို့ ခေါ်ဆောင်ရန် ပိုက်ကွန်ပမာ ကပ်ငြိတတ်သော တဏှာမရှိတော့ပေ။ အပိုင်းအခြားမရှိ ကျက်စားနိုင်သော ဉာဏ်တော်ရှိသော ထိုမြတ်စွာဘုရားရှင်ကို အဘယ်ခရီးလမ်းကြောင်းဖြင့် သင်တို့လိုရာသို့ ခေါ်ဆောင်နိုင်ချိမ့်မည်နည်း။

## သစ္စာအစစ် နတ်ချစ်ဆေး
### ၁၄၉– ဒေဝေါရောဟနဝတ္ထု

၁၈၂။ အကြင်ပညာရှိတို့သည် ဈာန်၌ လေ့လာအားထုတ်ကုန်၏။ ကာမဂုဏ်မှ ထွက်မြောက်ခြင်း၊ ကိလေသာ ငြိမ်းခြင်း၌ မွေ့လျော်ကုန်၏။ သစ္စာလေးပါးကို သိကုန်သော၊ လွန်ကဲသော သတိတရားရှိသော ထိုပညာရှိတို့အား နတ်ဗြဟ္မာတို့သည် ချစ်မြတ်နိုးကုန်၏။

**ခက်ဆစ်အဖြေ**

**သစ္စာလေးပါး၊** ။ (၁) တွယ်တာစွဲလမ်းစိတ်ကြောင့် ဖြစ်ပေါ်လာသော ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှု ‘ ဒုက္ခသစ္စာ ’၊ (၂) တွယ်တာစွဲလမ်းမှု စိတ်ဓာတ်ဟူသော ‘ သမုဒယသစ္စာ ’၊ (၃) စွဲလမ်းမှု စိတ်

ဓာတ်ချုပ်ငြိမ်းခြင်းဟူသော ‘ နိရောဓသစ္စာ ’၊ (၄) စွဲလမ်းမှုစိတ်ဓာတ် ငြိမ်းကြောင်းအသိ(မဂ်ဉာဏ်) ဟူသော ‘ မဂ္ဂသစ္စာ ’တို့ ဖြစ်သည်။

## လူသားအတွက် အခက်လေးဖြာ

### ၁၅၀– ဧရကပတ္တနာဂရာဇဝတ္ထု

၁၈၃။ လူသားအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်းတို့၏ တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့၏ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

## အတိုင်းအရှည်သိ ဘေးမရှိ

### ၁၅၁– အာနန္ဒပဥှဝတ္ထု

၁၈၄။ အလုံးစုံသော မကောင်းမှုကို မပြုလုပ်ခြင်း၊ ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံစေခြင်း၊ မိမိစိတ်ကို ဖြူစင်စေခြင်း၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

၁၈၅။ သည်းခံခြင်းဟု ဆိုအပ်သော ခန္တီတရားသည် မြတ်သော အကျင့်တည်း။ နိဗ္ဗာန်ကို မြတ်၏ဟူ၍ ဘုရားရှင်တို့ ဟောတော်မူကုန်၏။ ရဟန်းတို့မည်သည် သူတစ်ပါးကို ညှဉ်းဆဲခြင်း မရှိပေ။ သူတစ်ပါးကို ညှဉ်းဆဲသောသူသည်လည်း ရဟန်းမဟုတ်ပေ။

၁၈၆။ သူတစ်ပါးကို မကဲ့ရဲ့ မစွပ်စွဲခြင်း၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်ခြင်း၊ စားသောက်ဖွယ်တို့၌ အတိုင်းအရှည်ကို သိခြင်း၊ ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာတို့၌ နေထိုင်ခြင်း၊ စိတ်ကို အစိုးရခြင်းဟူသော သမာဓိတရား၌ လုံ့လပြု၍အားထုတ်ခြင်း၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

**ခက်ဆစ်အဖြေ**

**ပါတိမောက္ခသံဝရသီလ** = ရဟန်းတို့ စောင့်ထိန်းရသော ၂၂၇–သွယ်သော သီလ ၊
**ခန္တီ** = သည်းခံခြင်း ၊
**သမာဓိ** စိတ်တည်ကြည်ခြင်း ၊

## ချမ်းသာ တစ်ခဏ ဆင်းရဲ တစ်ဘဝ

### ၁၅၂– အနဘိရတိဘိက္ခုဝတ္ထု

၁၈၇–၁၈၈။ အသပြာမိုး ရွာသွန်းပေးသဖြင့်လည်း ကာမဂုဏ်တို့၌ ရောင့်ရဲတင်းတိမ်မှုကို မရရှိနိုင်ပေ။ ကာမဂုဏ်တို့သည် သာယာဖွယ်သဘော နည်းကုန်၏။ ဆင်းရဲခြင်း၏ အကြောင်းသာ ဖြစ်ကုန်၏။ ဤသို့ သိမြင်သဖြင့် မြတ်စွာဘုရား၏ တပည့်ဖြစ်သော ပညာရှိသည် နတ်တို့၌ ဖြစ်သော ကာမဂုဏ်တို့၌လည်း မွေ့လျော်ခြင်း မရှိတော့။ တဏှာကင်းရာ နိဗ္ဗာန်၌သာလျှင် မွေ့လျော်တော့၏။

## ကိုးကွယ်မှုမှား တရားမရ

### ၁၅၃– အဂ္ဂိဒတ္တဗြာဟ္မဏဝတ္ထု

၁၈၉။ ဘေးကို ကြောက်ရွံ့ထိတ်လန့်ကိုသော လူသားတို့သည် တောင်ကိုလည်းကောင်း၊ တောကိုလည်းကောင်း၊ အဓိကရုသစ်ပင်တို့ကိုလည်းကောင်း၊ ကိုးကွယ်ရာဟူ၍ဆည်းကပ်ကြကုန်၏။

၁၉၀။ ဤသို့ ကိုးကွယ်ခြင်းသည် ဘေးရန်ကင်းသော ကိုးကွယ်မှု မဟုတ်ပေ။ ဤ

တော တောင် သစ်ပင်အပေါင်းတို့သည် မြင့်မြတ်သော ကိုးကွယ်ရာ မဟုတ်ပေ။ ဤကိုးကွယ်မှုကို စွဲ၍ ဆင်းရဲမှ မလွတ်မြောက်နိုင်ပေ။

၁၉၁–၁၉၂။ အကြင်သူသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်၏။ အကြင်သူသည် ဒုက္ခ၊ ဒုက္ခ၏ဖြစ်ကြောင်း၊ ဒုက္ခ၏ လွတ်မြောက်ရာ၊ ဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ရောက်စေတတ်သော အင်္ဂါရှစ်ပါးရှိသော မဂ္ဂသစ္စာဟူသော အရိယသစ္စာလေးပါးကို မဂ်ပညာဖြင့် ကောင်းစွာသိနိုင်၏။

၁၉၃။ ဤသို့ ရတနာသုံးပါးကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်းဖြစ်၏။ ရတနာသုံးပါးသည်သာ မြတ်သော ကိုးကွယ်ရာ ဖြစ်၏။ ရတနာသုံးပါးကို ကိုးကွယ်ခြင်းကို အစွဲပြု၍ ခပ်သိမ်းသော ဆင်းရဲမှ လွတ်မြောက်ရ၏။

**ခက်ဆစ်အဖြေ**

**မဂ္ဂင်ရှစ်ပါး၊** ။ (၁) မှန်စွာ ရှုမြင်ခြင်း ' သမ္မာဒိဋ္ဌိ '၊ (၂) မှန်စွာ ကြံစည်ခြင်း ' သမ္မာသင်္ကပ္ပ '၊ (၃) မှန်စွာ ပြောဆိုခြင်း ' သမ္မာဝါစာ '၊ (၄) မှန်စွာ ပြုလုပ်ခြင်း ' သမ္မာကမ္မန္တ '၊ (၅) မှန်စွာ အသက်မွေးခြင်း ' သမ္မာအာဇီဝ '၊ (၆) မှန်စွာ လုံ့လထုတ်ခြင်း ' သမ္မာဝါယာမ '၊ (၇) မှန်စွာ အောက်မေ့ခြင်း ' သမ္မာသတိ '၊ (၈) မှန်စွာ စိတ်တည်ကြည်ခြင်း 'သမ္မာသမာဓိ ' တို့ ဖြစ်သည်။

## တစ်မျိုးပေါက် တစ်ယောက်ထွန်း

### ၁၅၄– အာနန္ဒတ္ထေရ ပုစ္ဆိတပဥှဝတ္ထု

၁၉၄။ ယောကျာ်းအာဇာနည်သည် ပေါ်ပေါက်ခဲ၏။ ထိုယောကျာ်းအာဇာနည်သည် မျိုးရိုးများစွာတို့၌ ပေါ်ပေါက်နိုင်သည်မဟုတ်။ အကြင်မျိုးရိုး၌ ပညာရှိသော ယောကျာ်းမြတ်အာဇာနည် ပေါ်ပေါက်လာ၏။ ထိုအမျိုးသည် ချမ်းသာခြင်းကို ရရှိ၏။

**ခက်ဆစ်အဖြေ**

**အာဇာနည်** = မကြောက်မရွံ့ နောက်မတွန့်တတ်သူ၊ ကြောင်းကျိုးအမှန် ဝေဖန်တတ်သူ ၊

**အာဇာနည် ခြောက်မျိုး၊** ။ (၁) ဆင်အာဇာနည်၊ (၂) မြင်းအာဇာနည်၊ (၃) နွားလားအာဇာနည်၊ (၄) ခြင်္သေ့အာဇာနည်၊ (၅) ယောကျာ်းအာဇာနည်၊ (၆) ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်သည်။

## သူတော်တရား လူ့နားချမ်းသာ

### ၁၅၅– သမ္ဗဟုလဘိက္ခုဝတ္ထု

၁၉၅။ ဘုရားရှင်တို့ ပွင့်ထွန်းလာခြင်းသည် ချမ်းသာ၏။ သူတော်ကောင်းတရားကို ကြားနာရခြင်းသည် ချမ်းသာ၏။ သံဃာတို့၏ ညီညွတ်ခြင်းသည် ချမ်းသာ၏။ ညီညွတ်သော ရဟာန်းတို့၏ အကျင့်သည် ချမ်းသာ၏။

# ၁၅။ သုခဝဂ်

## ရန်တွင်းမှာ ရန်ကင်းအောင်နေ

### ၁၅၆– ဉာတိကလဟ ဝူပသမဝတ္ထု

၁၉၆။ ငါတို့သည် ရန်ပြုတတ်သူ၏ အလယ်၌ ရန်မပြုဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကြကုန်၏တကား။ ငါတို့သည် ရန်သူတို့၏ အလယ်၌ ရန်ကင်းအောင် နေနိုင်ကြကုန်၏။

၁၉၇။ ငါတို့သည် ကိလေသာနှိပ်စက်ခံရသော သူတို့၏ အလယ်၌ ကိလေသာ

အနှိပ်စက် မခံရဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကြကုန်၏။ ငါတို့သည် ကိလေသာ အနှိပ်စက်ခံရသော သူတို့၏ အလယ်၌ ကိလေသာ အနှိပ်စက်မခံရဘဲ နေနိုင်ကြကုန်၏။

၁၉၈။ ငါတို့သည် ကာမဂုဏ်ကို လုံ့လစိုက်ထုတ်သော သူတို့၏ အလယ်၌ ကာမဂုဏ်ကို လုံ့လမစိုက်ဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကြကုန်၏။ ငါတို့သည် ကာမဂုဏ်ကို လုံ့လစိုက်သူတို့၏ အလယ်၌ ကာမဂုဏ်ကို လုံ့လမစိုက်ဘဲ နေနိုင်ကြကုန်၏။

## ပီတိစား အားရှိ

### ၁၅၇– မာရဝတ္ထု

၁၉၉။ ငါတို့သည် စိုးရိမ်ကြောင့်ကြခြင်း မရှိသည်ဖြစ်၍ အလွန်ချမ်းသာစွာအသက်မွေးနိုင်ကြကုန်၏။ အဘဿရဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့ကဲ့သို့ ပီတိဟူသော အစာကို စားသုံး၍ နေကြကုန်၏။

#### ခက်ဆစ်အဖြေ

**အဘဿရဗြဟ္မာ** = တိမ်တိုက်မှ လျှပ်စစ်တွေ ကွန့်မြူးသကဲ့သို့ ခန္ဓာမှ ကိုယ်ရောင်ကိုယ်ဝါ တလျှပ်လျှပ်ထွက်နေသော ဗြဟ္မာ ၊
**ပီတိအရသာ** = နှစ်သက်မှုအရသာ ၊

## အရှုံးပေး နှလုံးအေး

### ၁၅၈– ကောသလပရာဇယဝတ္ထု

၂၀၀။ အောင်နိုင်သောသူသည် ရန်ကို ပွားစေ၏။ ရှုံးနိမ့်သောသူသည် ဆင်းရဲငြိုငြင်စွာ နေရ၏။ ကိလေသာ ငြိမ်းပြီးသောသူသည် အောင်ခြင်း ရှုံးခြင်းကို စွန့်ပယ်၍ ချမ်းသာစွာ နေရ၏။

## အပူကြီး ရာဂ ၊ အပြစ်ကြီး ဒေါသ

### ၁၅၉– ကုဒါရိကာဝတ္ထု

၂၀၁။ ရာဂနှင့်တူသော မီးသည် မရှိ။ ဒေါသနှင့် တူသော အပြစ်သည် မရှိ။ ခန္ဓာနှင့်တူသော ဆင်းရဲခြင်းအကြောင်းသည် မရှိ။ နိဗ္ဗာန်ထက် လွန်ကဲသော ချမ်းသာသည် မရှိ။

## ဆာလောင်တာ ရောဂါ ၊ ပြုပြင်တာ ဒုက္ခ

### ၁၆၀– ဧကဥပါသကဝတ္ထု

၂၀၂။ ဆာဆောင်မွတ်သိပ်ခြင်းသည် လွန်ကဲသော ရောဂါမည်၏။ သင်္ခါရတရားတို့သည် လွန်ကဲသော ဒုက္ခမည်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာ မည်၏။ ဤသို့ ဟုတ်တိုင်းမှန်စွာ သိ၍ အလွန်ကဲဆုံး ချမ်းသာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

## ရောင့်ရဲတာ မြတ်ဥစ္စာ ၊ ခင်မင်ရာ ဆွေမျိုး

### ၁၆၁– ပသေနဒီကောသလဝတ္ထု

၂၀၃။ အနာရောဂါ ကင်းခြင်းသည် မြတ်သော လာဘ်တည်း။ ရောင့်ရဲနိုင်ခြင်းသည် မြတ်သော ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သောသူသည် မြတ်သော ဆွေမျိုးတည်း။ နိဗ္ဗာန်သည် မြတ်သော ချမ်းသာတည်း။

## တရားရေအေး အမြိုက်ဆေး
### ၁၆၂– တိဿတ္ထေရဝတ္ထု

၂၀၄။ တရားတည်းဟူသော ပီတိအရသာကို သောက်ရသောသူသည် ဆိတ်ငြိမ်ရာ၌ ရသော တရားအရသာကိုလည်းကောင်း၊ ကိလေသာငြိမ်းရာ နိဗ္ဗာန်အရသာကိုလည်းကောင်း သောက်ရသောကြောင့် ပူပန်မှု ကင်း၏။ မကောင်းမှုမှလည်း ကင်း၏။

## လူမိုက်ကို ကြဉ် သူတော်စင် ပေါင်း
### ၁၆၃– သက္ကပဉ္စာနဝတ္ထု

၂၀၅။ သူတော်ကောင်းတို့ကို ဖူးမြင်ရခြင်းသည် ကောင်း၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ လူမိုက်တို့ကို မမြင်ရခြင်းသည် အမြဲပင် ချမ်းသာလှပေ၏။

၂၀၆။ လူမိုက်နှင့် ပေါင်းသင်း၍ လှည့်လည်သွားလာနေရခြင်းသည် ရှည်မြင့်စွာသော ကာလပတ်လုံး စိုးရိမ်ရ၏။ လူမိုက်နှင့် အတူတကွ နေရခြင်းသည် ရန်သူနှင့် အတူတကွ နေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲ၏။

၂၀၇–၂၀၈။ ပညာရှိတို့နှင့် ပေါင်းသင်းရခြင်းသည်သာလျှင် ဆွေမျိုးတို့နှင့် ပေါင်းသင်းရသကဲ့သို့ ချမ်းသာ၏။ ထို့ကြောင့် တည်ကြည်သော၊ အကြားအမြင်များသော၊ မဂ်ဖိုလ်တည်းဟူသော ဝန်ကို ဆောင်သော ၊ ဖြူစင်သော အကျင့်ရှိသော သူတော်ကောင်းကို လမင်းသည် နက္ခတ်တို့သွားရာ လမ်းကြောင်းကို ကပ်သကဲ့သို့ ဆည်းကပ်ရာ၏။

# ၁၆။ ပိယဝဂ်

## အချစ်ကိုလည်း ပယ် ၊ အမုန်းကိုလည်း ဖယ်
### ၁၆၄– တယောဇနေပဗ္ဗဇိတဝတ္ထု

၂၀၉။ မိမိကိုယ်တိုင်မှ အာမထုတ်သင့်ရာ၌ အားထုတ်ပြီး အားထုတ်သင့်ရာ၌ အားမထုတ်ဘဲ အကျိုးစီးပွားကို စွန့်လွှတ်၍ ချစ်မြတ်နိုးသော အာရုံကို စွဲယူသောသူသည် ကိုယ်တိုင်အားထုတ်၍ ရနိုင်သော အကျိုးစီးပွားကို ငါရမူ ကောင်းလေစွဟု တောင့်တရ၏။

၂၁၀။ ချစ်သောသူတို့နှင့် မပေါင်းသင်းနှင့်။ မုန်းသောသူတို့နှင့်လည်း တစ်ရံတစ်ဆစ်မျှ မပေါင်းသင်းနှင့်။ ချစ်သောသူတို့ကို မမြင်ရခြင်းသည်လည်း ဆင်းရဲ၏။ မုန်းသောသူတို့ကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏။

၂၁၁။ ထို့ကြောင့် သက်ရှိ သက်မဲ့ဖြစ်သော မည်သည့်အရာဝတ္ထုကိုမျှ ချစ်ခင်ခြင်း မပြုရာ။ ချစ်သူနှင့် ကွေကွင်းရခြင်းသည် မကောင်းသည်သာတည်း။ အကြင်သူအား ချစ်ခြင်း၊ မုန်းခြင်းမရှိ။ ထိုသူအား စိတ်ကို ထုံးနှောင်ရစ်ဖွဲ့ခြင်း မရှိတော့ချေ။

## အချစ်ကြောင့် ဆွေး ၊ အချစ်ကြောင့် ဘေး
### ၁၆၅– ကုမ္ဘိကဝတ္ထု

၂၁၂။ အချစ်ဟူသော စိတ်ကြောင့် စိုးရိမ်ပူဆွေးခြင်း ဖြစ်ပေါ်လာရ၏။ အချစ်ဟူသော စိတ်ကြောင့် ကြောက်ရွံ့ခြင်း ဖြစ်ပေါ်လာရ၏။ ချစ်ခင်သော စိတ်မှ ကင်းလွတ်သောသူအား အဘယ်မှာလျှင် ပူဆွေးခြင်း၊ ကြောက်ရွံ့ခြင်း ရှိပါတော့အံ့နည်း။

## မြတ်နိုးလို့ ဆွေး ၊ မြတ်နိုးလို့ ဘေး
### ၁၆၆– ဝိသာခါဒိယိကာမဝတ္ထု

၂၁၃။ မြတ်နိုးခြင်းဟူသော စိတ်ကြောင့် စိုးရိမ်ပူဆွေးခြင်း ဖြစ်ပေါ်လာရ၏။ မြတ်နိုးစိတ်ကြောင့် ကြောက်ရွံ့ခြင်း ဖြစ်ပေါ်လာရ၏။ မြတ်နိုးသော စိတ်မှ ကင်းသောသူအား အဘယ်မှာလျှင် ပူဆွေးခြင်း၊ စိုးရိမ်ခြင်း ရှိပါတော့အံ့နည်း။

## မွေ့လျော်လို့ ဆွေး ၊ မွေ့လျော်လို့ ဘေး
### ၁၆၇– လိစ္ဆဝီဝတ္ထု

၂၁၄။ မွေ့လျော်ခြင်းဟူသော စိတ်ကြောင့် စိုးရိမ်ပူဆွေးခြင်း ဖြစ်ပေါ်လာရ၏။ မွေ့လျော်လိုစိတ်ကြောင့် ကြောက်ရွံ့ခြင်း ဖြစ်ပေါ်လာရ၏။ မွေ့လျော်လိုသော စိတ်ဓာတ်မှ ကင်းသောသူအား အဘယ်မှာလျှင် ပူဆွေးခြင်း၊ စိုးရိမ်ခြင်း ရှိပါတော့အံ့နည်း။

## ကာမကြောင့် ဆွေး ၊ ကာမကြောင့် ဘေး
### ၁၆၈– အနိတ္ထိဂန္ဓကုမာရဝတ္ထု

၂၁၅။ ကာမဂုဏ်ဟူသော စိတ်ဓာတ်ကြောင့် စိုးရိမ်ပူဆွေးခြင်း ဖြစ်ပေါ်လာရ၏။ ကာမဂုဏ်စိတ်ကြောင့် ကြောက်ရွံ့ခြင်း ဖြစ်ပေါ်လာရ၏။ ကာမဂုဏ်အစွဲစိတ်မှ ကင်းသောသူအား အဘယ်မှာလျှင် စိုးရိမ်ခြင်း၊ ပူဆွေးခြင်း ရှိပါတော့အံ့နည်း။

## တဏှာကြောင့် ဆွေး ၊ တဏှာကြောင့် ဘေး
### ၁၆၉– အညတရ ဗြာဟ္မဏဝတ္ထု

၂၁၆။ တဏှာဟူသော အစွဲစိတ်ကြောင့် စိုးရိမ်ပူဆွေးခြင်း ဖြစ်ပေါ်လာရ၏။ တဏှာစိတ်ကြောင့် ကြောက်ရွံ့ခြင်း ဖြစ်ပေါ်လာရ၏။ တဏှာဟူသော အစွဲစိတ် ကင်းလွတ်သောသူအား အဘယ်မှာလျှင် ပူဆွေးခြင်း၊ စိုးရိမ်ခြင်း ရှိပါတော့အံ့နည်း။

## စရိုက်ကောင်းသူ ခင် ၊ သစ္စာရှင်ကို ချစ်
### ၁၇၀– ပဉ္စသတဒါရကဝတ္ထု

၂၁၇။ အကျင့်သီလနှင့် ပြည့်စုံသော၊ ဉာဏ်ပညာ၏ တည်ရာ တရားတော်နှင့် ပြည့်စုံသော ၊ သစ္စာလေးပါး တရားကို ဟောကြားတတ်သော၊ မိမိပြုရမည့် အမှုကိစ္စကို သိနားလည်သောသူအား လူအပေါင်းတို့သည် ချစ်မြတ်နိုးကုန်၏။

## ကာမ ပျက်တော့ ဘဝဂ် ချမ်းသာ
### ၁၇၁– ဧကအနာဂါမိတ္ထေရဝတ္ထု

၂၁၈။ တဏှာကင်းရာ နိဗ္ဗာန်တရားကို လိုလားသောစိတ် ကြီးသည်ဖြစ်၍ ကာမ ၁၁–ဘုံတို့၌လည်း ကပ်ငြိခြင်း မရှိသောသူကို အထက် အကနိဋ္ဌဘုံသို့ သွားအံ့ဟူ၍ ဆိုအပ်၏။

**ခက်ဆစ်အဖြေ**

**ကာမ ၁၁–ဘုံ၊** ၊ အပါယ်လေးဘုံ၊ ကာမသုဂတိ ခုနစ်ဘုံ တို့ ဖြစ်သည်။

**အကနိဋ္ဌဘုံ =** စည်းစိမ်ချမ်းသာ ကြီးသော အထက်တန်းစား ဗြဟ္မာ့ဘုံ ၊

## ချမ်းသာသူ ခရီးထွက် ပြန်ရက် လူမျှော်

### ၁၇၂– နန္ဒိယဝတ္ထု

၂၁၉။ ကြာမြင့်စွာ ကွဲကွာနေ၍ ရပ်ဝေးမှ ချမ်းသာစွာ ပြန်ရောက်လာသော သူကို ဆွေမျိုးတို့သည်လည်းကောင်း၊ အဆွေခင်ပွန်းတို့သည်လည်းကောင်း၊ နှလုံး အကျွမ်းဝင်သူတို့ သည်လည်းကောင်း အလွန်နှစ်လို ဝမ်းမြောက်ကြကုန်၏။

၂၂၀။ ထိုနည်းတူစွာပင် ဤပစ္စုပ္ပန်ဘဝမှ တမလွန်ဘဝသို့ သွားသော ကုသိုလ် ကောင်းမှု ပြုလုပ်ခဲ့သောသူကိုလည်း ကောင်းမှုတို့သည် ရောက်လာသော ချစ်လှစွာသော ဆွေမျိုးတို့ကဲ့သို့ ကြိုဆို ချီးမြှောက်ကြကုန်၏။

## ၁၇။ ကောဓဝဂ်

## ရန်လည်း မများနှင့် ၊ မာန်လည်း မထားနှင့်

### ၁၇၃– ရောဟိနီခတ္တိယဝတ္ထု

၂၂၁။ အမျက်ဒေါသကို စွန့်ရာ၏။ မာနကို ပယ်သတ်ရာ၏။ သံယောဇဉ်တို့ကို ကျော်လွှားရာ၏။ နာမ်ရုပ်၌ မငြိတွယ်သော ကြောင့်ကြမရှိသော သူတို့ထံသို့ ဆင်းရဲဒုက္ခတို့ သည် ကျရောက်မလာကြချေ။

## ရထားမနိုင် ကြိုးမကိုင်နှင့်

### ၁၇၄– အညတရဘိက္ခုဝတ္ထု

၂၂၂။ ရထားထိန်းသည် အလွန်လျင်မြန်စွာ ပြေးသွားနေသော မြင်းရထားကို ထိန်းမြစ်နိုင် သကဲ့သို့ အကြင်သူသည် ဖြစ်ပေါ်လာသော အမျက်ဒေါသကို ထိန်းမြစ်နိုင်၏။ ထိုသူကို ရထားထိန်းဟု ငါဘုရား ဟော၏။ ပကတိရထားထိန်းသည်ကား ရထားကြိုးကိုင်သာ မည်ပေ ၏။

## ဝန်တိုသူပေး ကိုယ့်အရေးအောင်

### ၁၇၅– ဥတ္တရာဥပါသိကာဝတ္ထု

၂၂၃။ အမျက်ဒေါသ ထွက်သောသူကို အမျက်မထွက်ခြင်းဖြင့် အောင်နိုင်ရာ၏။ မကောင်းသော စိတ်ရှိသောသူကို ကောင်းသောစိတ်ဖြင့် အောင်နိုင်ရာ၏။ နှမြောတွန့်တိုသော သူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏။ မဟုတ်မမှန် ပြောသောသူကို ဟုတ်မှန်စွာ ပြောဆို ခြင်းဖြင့် အောင်နိုင်ရာ၏။

## ပေးကမ်းခြင်း အောင်မြင်ရာ

### ၁၇၆–မဟာမောဂ္ဂလာနဝတ္ထု

၂၂၄။ မှန်ကန်သော စကားကို ပြောဆိုရာ၏။ အမျက်ဒေါသ မထွက်ရာ။ သူတစ်ပါး တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးကမ်းရာ၏။ ဤအကြောင်း သုံးပါး တို့ကြောင့် နတ်တို့၏ အထံသို့ ရောက်ရာ၏။

## စောင့်စည်းသူ နိဗ္ဗူရ
### ၁၇၇– ဗုဒ္ဓပိတုဖြဟ္မဏဝတ္ထု

၂၂၅။ အကြင်သူသည် သူတစ်ပါးကို မညှဥ်းဆဲတတ်ကုန်။ ကိုယ်ဖြင့် အမြဲတမ်း စောင့်စည်းတတ်ကုန်၏။ ထိုသူတော်ကောင်းတို့သည် ရွေ့လျောခြင်း မရှိသော အကြင်နိဗ္ဗာန်သို့ ရောက်၍ မစိုးရိမ်ရတော့ပေ။

## နိဗ္ဗာန်အာရုံ အာသဝကုန်
### ၁၇၈– ပုဏ္ဏဒါသီဝတ္ထု

၂၂၆။ အခါခပ်သိမ်း နိုးကြားတတ်ကုန်သော၊ နေ့ညဥ့်ပတ်လုံး သိက္ခာသုံးပါးတို့ကို ကျင့်ကုန်သော၊ နိဗ္ဗာန်သို့ စိတ်ညွတ်သော ပုဂ္ဂိုလ်တို့အား အာသဝတရားတို့ ချုပ်ငြိမ်းကုန်၏။

**ခက်ဆစ်အဖြေ**

**သိက္ခာသုံးပါး၊** ။ (၁) မှန်သောစကား ပြောခြင်း၊ မှန်သော အလုပ်ကို လုပ်ခြင်း၊ မှန်ကန်စွာ အသက်မွေးခြင်းဟူသော ' သီလသိက္ခာ '၊ (၂) မှန်သော အားထုတ်မှု၊ မှန်သော အောက်မေ့မှု၊ မှန်သော တည်ကြည်မှုဟူသော ' သမာဓိသိက္ခာ '၊ (၃) မှန်သော သိမြင်မှု၊ မှန်သော ကြံစည်မှုဟူသော ' ပညာသိက္ခာ ' တို့ ဖြစ်သည်။

## လောကဓံတရား ရှောင်ရှားမရ
### ၁၇၉– အတုလဥပါသကဝတ္ထု

၂၂၇။ အို– အတုလ၊ ကဲ့ရဲ့ခြင်းသည် ရှေးရိုးစဉ်လာ သဘောပင်တည်း။ ဤကဲ့ရဲ့ခြင်းသည် ယခုကာလမှ ဖြစ်ပေါ်လာသည်မဟုတ်။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကြကုန်၏။ များစွာ ပြောဟောသော သူကိုလည်း ကဲ့ရဲ့ကြကုန်၏။ လောက၌ ကဲ့ရဲ့လွတ်သောသူဟူ၍ မရှိချေ။

၂၂၈။ စင်စစ် ကဲ့ရဲ့မှုကိုသာ ခံယူသူဟူ၍လည်းကောင်း၊ ချီးမွမ်းမှုကိုသာ ခံယူသူဟူ၍လည်းကောင်း ရှေးယခင်ကလည်း မရှိခဲ့ဖူး။ နောင်တွင်လည်း ရှိလာမည် မဟုတ်။ ယခုမျက်မှောက်၌လည်း မရှိပေ။

၂၂၉– ၂၃၀။ မကျိုး မပြတ်သော သီလရှိသော၊ ထက်မြက်သော ဉာဏ်လည်း ရှိသော၊ ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ပြည့်စုံသော အကြင်ပုဂ္ဂိုလ်ကို ပညာရှိတို့သည် စိစစ်၍ နေ့စဉ်နေ့တိုင်း ချီးမွမ်းကုန်၏။ ထိုပုဂ္ဂိုလ်ကို ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ အဘယ်သူသည် ကဲ့ရဲ့ခြင်းငှာ ထိုက်ပါမည်နည်း။ ထိုသူကို နတ်တို့လည်း ချီးမွမ်းကုန်၏။ ဗြဟ္မာတို့လည်း ချီးမွမ်းကြကုန်၏။

**ခက်ဆစ်အဖြေ**

**ဇမ္ဗူရာဇ်ရွှေ** = ဇမ္ဗူသပြေသီးမှ ဖြစ်သော ရွှေ ၊
**ရွှေလေးမျိုး၊** ။ (၁) စာမိရွှေ ဝါ– ဂီဝါရွှေ၊ (၂) သာတကုမ္ဘရွှေ ဝါ– နိတုံရွှေ၊ (၃) ဇမ္ဗူရာဇ်ရွှေ၊ (၄) သိင်္ဂိနိက်ရွှေ တို့ ဖြစ်သည်။
ထို့ပြင် ရွှေခုနစ်မျိုး၊ ရွှေမျိုး ၂၀–ဟုလည်း ရှိသေး၏။

## ဒုစရိုက်ကို ကြဉ် ၊ သုစရိုက်ကို ယှဉ်
### ၁၈၀– ဆဗ္ဗဂ္ဂိယဝတ္ထု

၂၃၁။ ကိုယ်၏ ပျက်စီးခြင်းဟု ဆိုအပ်သော ကာယဒုစရိုက် သုံးပါးကို စောင့်ရှောက်ရာ၏။ ကာယကံနှင့် ဆိုင်သော မကောင်းမှုကို စောင့်ရှောက်ရာ၏။ ကာယဒုစရိုက်ကို

ပယ်စွန့်၍ ကာယသုစရိုက်ကို ကျင့်သုံးရာ၏။

၂၃၂။ နှုတ်၏ ပျက်စီးခြင်းဟု ဆိုအပ်သော ဝစီဒုစရိုက်လေးပါးကို စောင့်ရှောက်ရာ၏။ ဝစီကံနှင့် ဆိုင်သော မကောင်းမှုကို စောင့်ရှောက်ရာ၏။ ဝစီဒုစရိုက်ကို ပယ်စွန့်၍ ဝစီသုစရိုက်ကို ကျင့်သုံးရာ၏။

၂၃၃။ စိတ်၏ ပျက်စီးခြင်းဟု ဆိုအပ်သော မနောဒုစရိုက်သုံးပါးကို စောင့်ရှောက်ရာ၏။ မနောကံနှင့် ဆိုင်သော မကောင်းမှုကို စောင့်ရှောက်ရာ၏။ မနောဒုစရိုက်ကို ပယ်စွန့်၍ မနောသုစရိုက်ကို ကျင့်သုံးရာ၏။

၂၃၄။ ပညာရှိတို့သည် ကိုယ်ကို စောင့်စည်း၏။ နှုတ်ကို စောင့်စည်း၏။ စိတ်ကို စောင့်စည်း၏။ ထိုပညာရှိတို့သည် ကောင်းစွာ ထက်ဝန်းကျင်မှ စောင့်စည်းကြကုန်၏။

**ခက်ဆစ်အဖြေ**

**ဒုစရိုက်** = အပါယ်လေးပါးသို့ ရောက်စေတတ်သော အကျင့်ဆိုး ၊

**ကာယဒုစရိုက်** = ကိုယ်ဖြင့် ပြုလုပ်အပ်သော စရိုက်ဆိုး ၊

**ကာယဒုစရိုက်သုံးပါး၊** ၊ (၁) သူ့အသက်ကို သတ်ခြင်း 'ပါဏာတိပါတ'၊ (၂) သူတစ်ပါးဥစ္စာကို မတရား ယူခြင်း 'အဒိန္နာဒါန '၊ (၃) သူ့လင် သူ့မယားနှင့် ဖောက်ပြားခြင်း 'ကာမေသု မိစ္ဆာစာရ 'တို့ ဖြစ်သည်။

**ဝစီဒုစရိုက် =** နှုတ်ဖြင့် ပြောဆိုအပ်သော စရိုက်ဆိုး၊

**ဝစီဒုစရိုက်လေးပါး၊** ၊ (၁) မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း 'မုသာဝါဒ '၊ (၂) ကုန်းတိုက်စကားပြောခြင်း 'ပိသုဏာဝါစာ '၊ (၃) ကြမ်းတမ်းစွာ ပြောဆိုခြင်း 'ဖရုသဝါစာ '၊ (၄) သိန်ဖျင်းသော စကားကို ပြောဆိုခြင်း 'သမ္ဖပ္ပလာပဝါစာ 'တို့ ဖြစ်သည်။

**မနောဒုစရိုက်** = စိတ်ဖြင့် ကြံစည်သော စရိုက်ဆိုး ၊

**မနောဒုစရိုက်သုံးပါး၊** ၊ (၁) သူတစ်ပါး ပစ္စည်းကို မတရားသော နည်းလမ်းဖြင့် ရယူရန် ကြံစည်ခြင်း 'အဘိဇ္ဈာ '၊ (၂) သူတစ်ပါး အကျိုးပျက်စီးစေရန် ကြံစည်ခြင်း 'ဗျာပါဒ '၊ (၃) အယူဝါဒမှားယွင်းခြင်း 'မိစ္ဆာဒိဋ္ဌိ 'တို့ ဖြစ်သည်။

**သုစရိုက်** = သုဂတိဘဝကောင်းကို ရစေနိုင်သော စရိုက်ကောင်းများ ၊

**သုစရိုက်၁၀–ပါး၊** ၊ အထက်က ဖော်ပြခဲ့သော ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါး၊ မနောဒုစရိုက်သုံးပါးတို့ကို ရှောင်ကြဉ်၍ ကျင့်သုံးလျှင် သုစရိုက် ၁၀–ပါး ဖြစ်သည်။

# ၁၈။ မလဝဂ်

## မသေခင် ပြင်ဆင်ထား

### ၁၈၁– ဂေါဃာတကပုတ္တဝတ္ထု

၂၃၅။ ယခုအခါ၌ သင်သည် ဖက်ရွက်ဖျော့ကဲ့သို့ ဖြစ်ခဲ့ပေပြီ။ သေမင်းတမန်တို့သည်လည်း သင်၏ အနီး၌ တည်လာကြကုန်ပြီ။ ဆုတ်ယုတ်ခြင်း၏ ဖြစ်စဉ်လည်း တည်ခဲ့ပြီ။ သင့်အား ကောင်းမှုရိက္ခာလည်း မရှိသေးပါတကား။

၂၃၆။ သင်သည် မိမိ၏ မှီရာ ကျွန်းကြီးသဖွယ် ဖြစ်သော ကုသိုလ်ကောင်းမှုကို ပြုလော။ လျင်မြန်စွာ လုံ့လပြု၍ ပညာရှိ ဖြစ်လော။ အညစ်အကြေးကို ဖယ်ထုတ်၍ ကိလေသာမရှိသည် ဖြစ်၍ အရိယာတို့ နေထိုင်ရာဖြစ်သော သုဒ္ဓါဝါသဘုံသို့ ကပ်ပါလော့။

၂၃၇။ ယခုအခါ၌ သင်၏ အရွယ်သည် ဆုတ်ယုတ်ခဲ့ပေပြီ။ သေမင်း၏ အထံသို့ သွားချိန်နီးခဲ့ပေပြီ။ ခရီးအကြား၌ ရပ်နားနေရန် သင့်မှာ အခွင့်အရေး မရှိတော့ပြီ။ သင့်အား ကောင်းမှုတည်းဟူသော ရိက္ခာလည်း မရှိချေတကား။

၂၃၈။ သင်သည် မိမိ၏ မှီရာကျွန်းသဖွယ်ဖြစ်သော ကုသိုလ်ကောင်းမှုကို ပြုလော။ လျင်မြန်စွာ လုံ့လပြု၍ ပညာရှိဖြစ်လော့။ အညစ်အကြေးကို ဖယ်ထုတ်၍၊ ကိလေသာ ကင်းသည်ဖြစ်၍ တစ်ဖန် ပဋိသန္ဓေနေခြင်း၊ အိုခြင်းသို့ မရောက်တော့လင့်။

**ခက်ဆစ်အဖြေ**

**သုဒ္ဓါဝါသဘုံ** = စင်ကြယ်သော အနာဂါမ်၊ ရဟန္တာတို့ နေရာဌာန ၊

**သုဒ္ဓါဝါသငါးဘုံ၊** ၊ (၁) အဝိဟာဘုံ၊ (၂) အတပ္ပာဘုံ၊ (၃) သုဒဿာဘုံ၊ (၄) သုဒဿီဘုံ၊ (၅) အကနိဋ္ဌာဘုံ တို့ ဖြစ်သည်။

**ပဋိသန္ဓေ** = ဘဝသစ်နှင့် ဘဝဟောင်းကို ဆက်စပ်ပေးခြင်း ၊

## ငွေညစ်လျှင် လှော်၊ လူညစ်လျှင် လျှော်

### ၁၇၂– အညတရ ဗြာဟ္မဏဝတ္ထု

၂၃၉။ ပန်းထိမ်သည်သည် ငွေ၏ အညစ်အကြေးကို တဖြည်းဖြည်း လှော်ထုတ်သကဲ့သို့ ပညာရှိသည် အစဉ်သဖြင့် အတန်ငယ် အတန်ငယ် အခွင့်ရတိုင်း မိမိသန္တာန်၌ ရှိသော ကိလေသာ အညစ်အကြေးကို တဖြည်းဖြည်းလှော်ထုတ်ရာ၏။

## သံကို သံဖျက် သံချေးတက်

### ၁၈၃– တိဿတ္ထေရဝတ္ထု

၂၄၀။ သံချေးသည် သံမှပင် ဖြစ်ပေါ်လာ၏။ သံချေးသည် ထိုသံကိုပင် ပြန်၍ စားသကဲ့သို့ ထို့အတူ မိမိပြုသော အကုသိုလ်တရားတို့သည် မိမိအားသာလျှင် ဒုဂ္ဂတိဘဝသို့ ရောက်အောင် ပို့ဆောင်၏။

## အဆင်းလှလျက် အပျင်းဖျက်

### ၁၈၄– လာဠုဒါယီဝတ္ထု

၂၄၁။ စာပေကျမ်းဂန် အတတ်ပညာတို့သည် သင်အံ ရွတ်ပြန်ခြင်း မပြုလျှင် အညစ်အကြေးဖြစ်ကုန်၏။ နေအိမ်တို့သည် မပြုမပြင်ခြင်းဟူသော အညစ်အကြေးရှိကုန်၏။ ပျင်းရိခြင်းသည် အဆင်းလှခြင်း၏ အညစ်အကြေးဖြစ်ကုန်၏။ မေ့လျော့ခြင်းသည် စောင့်ရှောက်ခြင်း၏ အညစ်အကြေး ဖြစ်ကုန်၏။

## အညစ်ကြေးတကာ အဝိဇ္ဇာ အသာဆုံး

### ၁၈၅– အညတရ ကုလပုတ္တဝတ္ထု

၂၄၂။ လင်ကို လွန်ကျူး၍ ကျင့်ခြင်းသည် မိန်းမ၏ အညစ်အကြေးမည်၏။ ဝန်တိုခြင်းသည် ပေးကမ်းခြင်း၏ အညစ်အကြေးမည်၏။ အကုသိုလ်တရားတို့သည် ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း စင်စစ်အားဖြင့် အညစ်အကြေးတို့ မည်ကုန်၏။

၂၄၃။ ထိုအညစ်အကြေးတို့ထက် လွန်ကဲသော အညစ်အကြေးကား အမှန်တရားကို မသိသော အဝိဇ္ဇာပင်တည်း။ ရဟန်းတို့သည် ဤအလွန်ကဲဆုံးဖြစ်သော အဝိဇ္ဇာအညစ်အကြေးကို ပယ်သတ်၍ အညစ်အကြေး ကင်းကြစေကုန်လော့။

## အရှက်နည်းတော့ ကျီးရဲနှင့်တူ
### ၁၈၆– စူဠသာရိဘိက္ခုဝတ္ထု

၂၄၄။ အရှက်မရှိသောသူသည် ကျီးရဲနှင့် တူစွာ ကျင့်သဖြင့်လည်းကောင်း၊ သူတစ်ပါးဂုဏ်ကို ဖျက်ဆီးသဖြင့်လည်းကောင်း၊ သူတစ်ပါး ပြုသည်ကို မိမိပြုယောင် ပြုသဖြင့်လည်းကောင်း၊ ကြမ်းကြုတ်သဖြင့်လည်းကောင်း၊ ညစ်ညူးသော အကျင့်ဖြင့်လည်းကောင်း အသက်မွေးသဖြင့် အသက်မွေးရန် လွယ်ကူ၏။

၂၄၅။ အရှက် အကြောက်ရှိသောသူသည် စင်ကြယ်မှုကို အမြဲရှာသဖြင့်လည်းကောင်း၊ မတွန့်တိုသဖြင့်လည်းကောင်း၊ မကြမ်းကြုတ်သဖြင့်လည်းကောင်း၊ စင်ကြယ်စွာ အသက်မွေးသဖြင့်လည်းကောင်း၊ သင့် မသင့်ကို ရှုဆင်ခြင်သဖြင့်လည်းကောင်း အသက်မွေးသောကြောင့် အသက်မွေးရန် ခဲယဉ်း၏။

## ငါးပါးသီလ ဘဝအခြေခံ
### ၁၈၇– ပဉ္စဥပါသကာဝတ္ထု

၂၄၆–၂၄၇။ လောက၌ အကြင်သူသည် သူတစ်ပါး အသက်ကို သတ်၏။ မဟုတ်မမှန်သော စကားကိုလည်း ပြောဆို၏။ အရှင်မပေးသော သူတစ်ပါးဥစ္စာကိုလည်း ခိုးယူ၏။ သူတစ်ပါး သားမယားကိုလည်း ဖောက်ပြား ကျူးလွန်၏။ သေရည်အရက်ကိုလည်း သောက်စား၏။ ထိုသူသည် ဤဘဝ၌ပင်လျှင် မိမိ၏ အရင်းအမြစ်ကို တူးဖြို၏။

၂၄၈။ အို–ယောကျ်ား၊ ယုတ်ညံ့သောသူတို့သည် စောင့်စည်းခြင်း သဘောမရှိကြဟူ၍ သိလေလော့။ လောဘသည်လည်းကောင်း၊ ဒေါသသည်လည်းကောင်း၊ သင့်ကို ကြာမြင့်စွာ ဆင်းရဲစေရန် မပြုလုပ်ပါစေနှင့်။

## သူတစ်ပါး မနာလို ကိုယ် အကျိုး မရှိ
### ၁၈၈– တိဿဒဟရဝတ္ထု

၂၄၉။ လူတို့သည် မိမိကြည်ညိုရာ၌ အလှူဒါနကို ပြုလုပ်၍ ပေးလှူကြကုန်၏။ စားသောက်ဖွယ်စသည်ကို သူတစ်ပါးအား ပေးလှူရာ၌ မျက်နှာ မသာမယာဖြစ်နေသူသည် နေ့အခါ၌လည်းကောင်း၊ ညဥ့်အခါ၌လည်းကောင်း၊ စိတ်တည်ကြည်မှုကို မရရှိနိုင်ပေ။

၂၅၀။ အကြင်သူသည် သူတစ်ပါး ပေးလှူရာ၌ ကဲ့ရဲ့ခြင်းကို ပယ်ဖြတ်၏။ အမြစ်ပါ ပယ်နုတ်၏။ ထိုသူသည် နေ့အခါ၌လည်းကောင်း၊ ညဥ့်အခါ၌လည်းကောင်း စိတ်တည်ကြည်မှုကို ရရှိပေသည်။

## ကွန်ရက်က အဝိဇ္ဇာ ၊ တဏှာက မြစ်
### ၁၈၉– ပဉ္စဥပါသကာဝတ္ထု

၂၅၁။ ရာဂနှင့် တူသော မီးသည် မရှိ။ ဒေါသနှင့် တူသော ဖမ်းစားတတ်သူသည် မရှိ။ မောဟနှင့် တူသော ကွန်ရက်သည် မရှိ။ တဏှာနှင့်တူသော မြစ်သည် မရှိ။

## သူ့အပြစ်ကို လွှင့် ကိုယ့်အပြစ်ကို ဖုံး
### ၁၉၀– မေဏ္ဍကသေဋ္ဌိဝတ္ထု

၂၅၂။ သူတစ်ပါး၏ အပြစ်ကို မြင်လွယ်၏။ မိမိအပြစ်ကိုကား မြင်နိုင်ခဲ၏။ ထိုပုဂ္ဂိုလ်သည် သူတစ်ပါး၏ အပြစ်ကို ဖွဲကို လွှင့်သကဲ့သို့ လွှင့်ပြန့်စေ၏။ မိမိအပြစ်တို့ကိုမူကား ငှက်မုဆိုးသည် သစ်ရွက် သစ်ခက်တို့ဖြင့် ဖုံးလွှမ်းသကဲ့သို့ မိမိအပြစ်ကို ဖုံးလွှမ်း၏။

## အတင်းပြော အာသဝေါမကုန်နိုင်
### ၁၉၁– ဥဇ္ဈာနသညိတ္ထေရဝတ္ထု

၂၅၃။ သူတစ်ပါး အပြစ်ကို အဖန်တလဲလဲ ရှု၍ အမြဲတမ်း ကဲ့ရဲ့နေတတ်သူအား အာသဝေါတရားတို့သည် တိုးပွားကုန်၏။ ထိုသူသည် အာသဝေါကုန်ခြင်းမှ ဝေးကွာလှ၏။

## ကောင်းကင်မှာ ခြေရာ မရှိ
## သင်္ခါရမှာ မြဲတာ မရှိ
### ၁၉၂– သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု

၂၅၄။ ကောင်းကင်မှာ ခြေရာ မရှိပေ။ သာသနာပအခါ၌လည်း မဂ်ဖိုလ်ရသော ရဟန်းမရှိပေ။ သတ္တဝါအပေါင်းတို့သည် သံသရာကို ချဲ့ထွင်တတ်သော တရားတို့၌ မွေ့လျော်တတ်ကုန်၏။ ဘုရားရှင်တို့သည် ပပဉ္စတရား သုံးပါးမှ ကင်းကုန်၏။

၂၅၅။ ကောင်းကင်ပြင်မှာလည်း ခြေရာ မရှိပေ။ သာသနာပအခါ၌လည်း မဂ်ဖိုလ်ရသော ရဟန်းမရှိပေ။ သင်္ခါရတရားတို့သည်လည်း မြဲသည်ဟူ၍ မရှိပေ။ ဘုရားရှင်တို့သည်လည်း တုန်လှုပ်ခြင်းဟူ၍ မရှိပေ။

**ခက်ဆစ်အဖြေ**

**ပပဉ္စတရားသုံးပါး၊** ၊ (၁) စွဲမက်မှု 'တဏှာ'၊ (၂) ထောင်လွှားမှု 'မာန '၊ (၃) အယူမှားမှု 'ဒိဋ္ဌိ' တို့ ဖြစ်သည်။

# ၁၉။ ဓမ္မဋ္ဌဝဂ်

## လာဘ်စားလျှင် တရားရှင် မဟုတ်
### ၁၉၃– ဝိနိစ္ဆယမဟာမတ္တဝတ္ထု

၂၅၆။ ဆုံးဖြတ်အပ်သော မှုခင်းတစ်ခုကို ချွတ်ယွင်းသောအားဖြင့် ဆုံးဖြတ်၏။ ဤသို့ တံစိုးစား၍ ဆုံးဖြတ်ခြင်းကြောင့် တရား၌ တည်သော တရားသူကြီး မဖြစ်ချေ။ ပညာရှိသည် ဟုတ်မှန်သောအကျိုး၊ မဟုတ်မှန်သော အကျိုးနှစ်ပါးကို ကြည့်၍ ဆုံးဖြတ်ရာ၏။

၂၅၇။ မချွတ်မယွင်းသောအားဖြင့် တရားနှင့်အညီ သူတစ်ပါးတို့၏ မှုခင်းကို ဆုံးဖြတ်သော ပညာရှိကို တရားစောင့်သောသူ၊ တရား၌တည်သော တရားသူကြီးဟူ၍ ဆိုအပ်ပေသည်။

## စကားများ၍ ပညာရှိ မဟုတ်

### ၁၉၄– ဆဗ္ဗဂ္ဂိယဝတ္ထု

၂၅၈။ စကားတွေ ဖောင်နေအောင် ပြောခြင်းဖြင့် ပညာရှိ မဖြစ်နိုင်ပေ။ ဘေးရန်ကင်းရှင်းသော၊ ကြောက်ရွံ့ခြင်း မရှိသောသူကို ပညာရှိဟု ဆိုအပ်၏။

## စကားတတ်တိုင်း မြတ်သူ မဟုတ်

### ၁၉၅–ဧကုဒါနတ္ထေရခီဏာသဝဝတ္ထု

၂၅၉။ စကားများစွာ ဗီကာပတ်ကုံး ပြောတတ်ကာမျှဖြင့် တရားကို ဆောင်သူဟု မဆိုအပ်ပေ။ အကြင်ပုဂ္ဂိုလ်သည် အနည်းငယ်မျှသော တရားစကားကို ကြားရရုံမျှဖြင့် တရားသဘာဝကို နားလည်၏။ တရားကိုလည်း မေ့လျော့ခြင်း မရှိပေ။ ထိုပုဂ္ဂိုလ်သည်သာလျှင် တရားကို ဆောင်သောသူ မည်၏။

## အသက်သာကြီး အချည်းနှီး

### ၁၉၆– လကုဏ္ဍက ဘဒ္ဒိယတ္ထေရဝတ္ထု

၂၆၀။ ရဟန်း၏ ဦးခေါင်းမှ ဆံပင်တို့သည် ဖွေးဖွေးဖြူ၏။ ဤသို့ ဦးခေါင်းဖြူခါမျှဖြင့် ထိုရဟန်းသည် ကြီးရင့်သူ မမည်ပေ။ ထိုရဟန်း၏ အရွယ်ကြီးရင့်ခြင်းကို အကျိုးမဲ့ ရင့်အိုခြင်းဟု ဆိုအပ်၏။

၂၆၁။ အကြင်ပုဂ္ဂိုလ်သည် သစ္စာကို သိ၏။ တရားလည်း ရှိ၏။ ညှဉ်းဆဲခြင်းလည်း မရှိ။ သီလကိုလည်း စောင့်စည်း၏။ စက္ခုစသော ဣန္ဒြေတို့ကိုလည်း ဆုံးမ၏။ ကိလေသာ အညစ်အကြေးတို့ကို ထွေးအန်ပြီးသော ပညာရှိကိုသာလျှင် ကြီးရင့်သူဟု ဆိုအပ်လေသည်။

## လူ့စဉ်းလဲ အမြဲရှောင်

### ၁၉၇– သမ္ဗဟုလဘိက္ခုဝတ္ထု

၂၆၂။ ငြူစူတတ်သော၊ ဝန်တိုတတ်သော၊ ကောက်ကျစ် စဉ်းလဲတတ်သောသူသည် ကောင်းသော စကားကို ပြောတတ်ခါမျှဖြင့်လည်းကောင်း၊ ကောင်းသော သဘောရှိသူဟု မဆိုအပ်ပေ။

၂၆၃။ အကြင်သူသည် ငြူစူခြင်း၊ ဝန်တိုခြင်း၊ စဉ်းလဲခြင်းကို ပယ်ဖြတ်၏။ အမြစ်ပြတ်အောင် ပယ်နုတ်ပြီး ဖြစ်၏။ အပြစ်များကို ထွေးအန်ပြီးသောသူကို ကောင်းမြတ်သော သဘောရှိသူဟု ဆိုအပ်ပေသည်။

## ခေါင်းတုံးမြင်တိုင်း ဘုန်းကြီး မဟုတ်

### ၁၉၈– ဟတ္ထကဝတ္ထု

၂၆၄။ ခေါင်းတုံးရိတ်ထားကာမျှဖြင့် ရဟန်းမဖြစ်ပေ။ ကျင့်ဝတ် ကျင့်စဉ်မရှိသော၊ ချွတ်ယွင်းသော စကားကို ပြောဆိုတတ်သော၊ အလိုရမ္မက်ကြီးသောသူသည် အဘယ်မှာလျှင် ရဟန်းဖြစ်နိုင်ပါအံ့နည်း။

၂၆၅။ အကြင်ပုဂ္ဂိုလ်သည် အငယ်စား အကြီးစားဖြစ်သော မကောင်းမှုတို့ကို အချင်းခပ်သိမ်း ငြိမ်းစေ၏။ ဤသို့ မကောင်းမှုတို့ကို ငြိမ်းစေတတ်သောကြောင့်သာလျှင် ရဟန်းဟူ၍ ဆိုအပ်ပေသည်။

## သီလဝန်ထမ်း ရဟန်းအစစ်
## ၁၉၉– အညတရဘိက္ခုဝတ္ထု

၂၆၆။ သူတစ်ပါးထံမှ တောင်းရမ်းအလှူခံ၍ စားတတ်ကာမျှဖြင့် ရဟန်းမဖြစ်သေး။ တရားနှင့် မညီညွတ်သော အကျင့်ကို ကျင့်သုံးနေသဖြင့်လည်း ရဟန်းမမည်ပေ။

၂၆၇။ ဤလောက၌ အကြင်သူသည် ကောင်းမှု မကောင်းမှုတို့ကို ခဝါချ၍ မြတ်သော အကျင့်ကို ဆင်ခြင်ဉာဏ်ဖြင့် ကျင့်၏။ ထိုသူကို ရဟန်းဟု ဆိုအပ်၏။

## ပညာမရှိ မုနိ မမည်
## ၂၀၀– တိတ္ထိယဝတ္ထု

၂၆၈–၂၆၉။ အသိပညာ ချို့တည့်သောသူသည် တွေဝေသော သဘောရှိ၍ ဆိတ်ဆိတ်နေကာမျှဖြင့် မုနိမမည်ပေ။ အကြင်ပညာရှိသည်ကား ချိန်ခွင်ကို ကိုင်၍ ချိန်စက်သကဲ့သို့ ကောင်းမှုတည်းဟူသော အမြတ်တရားကို ယူငင်၍ မကောင်းမှုတည်းဟူသော အကုသိုလ်တရားတို့ကို ရှောင်ကြဉ်၏။ ထိုပညာရှိသည် မုနိမည်၏။ အကြင်သူသည် မိမိအကျိုးဟူသော အတ္တဟိတ၊ သူတစ်ပါးအကျိုးဟူသော ပရဟိတသဘောတို့ကို သိတတ်၏။ ထို့ကြောင့်လည်း မုနိဟု ဆိုရ၏။

### ခက်ဆစ်အဖြေ

**မုနိငါးပါး၊** ။ (၁) အဂါရမုနိ၊ (၂) အနာဂါရမုနိ၊ (၃) သေက္ခမုနိ၊ (၄) အသေက္ခမုနိ၊ (၅) ပစ္စေက မုနိ တို့ဖြစ်သည်။

## ညှဉ်းဆဲတာ အရိယာမဟုတ်
## ၂၀၁–အရိယဗာဠိသိကဝတ္ထု

၂၇၀။ အခြေအနေ တစ်ခုခုကို အကြောင်းပြု၍ သတ္တဝါတို့ကို ညှဉ်းဆဲ၏။ ထိုသို့ ညှဉ်းဆဲခြင်းကြောင့် အရိယာမဖြစ်ပေ။ သတ္တဝါတို့ကို မညှဉ်းဆဲ မသတ်ဖြတ်ခြင်းကြောင့် အရိယာဟူ၍ ဆိုအပ်ပေသည်။

## အာသဝေါကုန်မှ စိတ်ချရ
## ၂၀၂– သမ္ဗဟုလ သီလာဒိသမ္ပန္နဘိက္ခုဝတ္ထု

၂၇၁–၂၇၂။ အကျင့်သီလ ရှိကာမျှဖြင့်လည်းကောင်း၊ အကြားအမြင်နှင့် ပြည့်စုံကာမျှဖြင့်လည်းကောင်း၊ သမာဓိရခါမျှဖြင့်လည်းကောင်း၊ ဆိတ်ငြိမ်ရာ၌ နေကာမျှဖြင့်လည်း ကောင်း၊ ပုထုဇဉ်တို့ မမှီဝဲအပ်သော အနာဂါမိဖိုလ်ချမ်းသာကို ရောက်၏ဟူ၍လည်းကောင်း ရဟန်းသည် အာသဝေါကုန်ရာ အရဟတ္တဖိုလ်သို့ မရောက်သည်ရှိသော် နိဗ္ဗာန်ချမ်းသာ၌ အပြည့်အဝ အကျိုးဝင်ခြင်းသို့ မရောက်ရှိသေးချေ။

# ၂၀။ မဂ္ဂဝဂ်

## ခြေနှစ်ချောင်းသွား ဘုရား အမြတ်ဆုံး
## ၂၀၃– ပဉ္စသတဘိက္ခုဝတ္ထု

၂၇၃။ လမ်းကြောင်းများထဲတွင် အင်္ဂါရှစ်ပါးရှိသော မဂ်လမ်းကြောင်းသည် အမြတ်ဆုံး ဖြစ်၏။ သစ္စာတရားတို့တွင် အရိယသစ္စာလေးပါးသည် အမြတ်ဆုံး ဖြစ်၏။ တရားအားလုံးတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံး ဖြစ်၏။ အခြေနှစ်ချောင်း ရှိသူတို့တွင် ဘုရားသည် အမြတ်ဆုံး ဖြစ်၏။

၂၇၄။ ဉာဏ်အမြင် စင်ကြယ်ရေးအတွက် အင်္ဂါရှစ်ပါးရှိသော မဂ်လမ်းကြောင်းသည်သာလျှင် ခရီးလမ်းမှန်ဖြစ်၏။ မဂ်လမ်းကြောင်းမှတစ်ပါး အခြားလမ်းကြောင်း မရှိပေ။ သင်တို့သည် မဂ္ဂင်ခရီးကိုသာလျှင် သွားကြကုန်လော့။ ဤမဂ်ခရီးသည် မာရ်မင်း မမြင်နိုင်သော လမ်းကြောင်းပေတည်း။

၂၇၅။ သင်တို့သည် ဤမဂ်လမ်းကြောင်းကို လျှောက်သွားကြသည်ရှိသော် ဆင်းရဲ၏ အဆုံးကို ရရှိကြကုန်လတ့်။ ငါဘုရားသည် ရာဂစသော ဆူးငြောင့်ကင်းရာ လမ်းကြောင်းကို ကိုယ်တိုင်သိ၍ သင်တို့အား မဂ်လမ်းကြောင်းကို ဟောကြားအပ်ပြီ။

၂၇၆။ သင်တို့သည် ကိုယ်တိုင် ကျိုးကုတ် အားထုတ်ကြကုန်လော့။ ဘုရားရှင်တို့သည် လမ်းကြောင်းမှန်ကို ညွှန်ပြရုံသာ ဟောပြကြကုန်၏။ ကျင့်ကြံကုန်သော၊ ကိလေသာတို့ကို လောင်ကျွမ်းစေသော သူတို့သည်သာ မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်ကြရကုန်၏။

## မမြဲတာမြင် ကိလေသာ စင်ကြောင်း
## ၂၀၄– အနိစ္စလက္ခဏာဝတ္ထု

၂၇၇။ အလုံးစုံသော သင်္ခါရတရားတို့သည် အမြဲမရှိကုန်ဟူ၍ အကြင်အခါ၌ ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ၌ အလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့ကုန်၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းပေတည်း။

## ဆင်းရဲတာမြင် ကိလေသာစင်ကြောင်း
## ၂၀၅– ဒုက္ခလက္ခဏာဝတ္ထု

၂၇၈။ အလုံးစုံသော သင်္ခါရတရားတို့သည် ဆင်းရဲကုန်၏ဟူ၍ အကြင်အခါ၌ ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ၌ အလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းပေတည်း။

## အနတ္တမြင် ကိလေသာစင်ကြောင်း
## ၂၀၆– အနတ္တလက္ခဏာဝတ္ထု

၂၇၉။ အလုံးစုံသော တရားတို့သည် အတ္တမဟုတ်ကုန်ဟူ၍ အကြင်အခါ၌ ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ၌ အလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းပေတည်း။

## လူပျင်းခွန်အား အလကား
### ၂၀၇– ပဓာနကမ္မိက တိဿတ္ထေရဝတ္ထု

၂၈၀။ ပျိုမျစ်နုထွား၍ ခွန်အားဗလနှင့် ပြည့်စုံပါလျက် လုံ့လပြုသင့်သော အခါ၌ လုံ့လမပြုဘဲ ပျင်းရိထိုင်းမှိုင်းသော၊ စိတ်အကြံများပြား၍နေသော၊ ဝီရိယမရှိ ပျင်းရိသောသူ သည် ပညာဖြင့်သာ သိမြင်နိုင်သော အရိယမဂ်ကို မရရှိနိုင်ချေ။

## ကံသုံးပါး လူသားကျင့်ဝတ်
### ၂၀၈– သူကရပေတဝတ္ထု

၂၈၁။ ဝစီဒုစရိုက်ကို ရှောင်ကြဉ်ခြင်းဖြင့် နှုတ်ကို စောင့်စည်းရာ၏။ မနောဒုစရိုက် ကို ရှောင်ကြဉ်ခြင်းဖြင့် စိတ်ကို စောင့်စည်းရာ၏။ ကာယဒုစရိုက်ကို ရှောင်ကြဉ်ခြင်းဖြင့် ကိုယ် ကို စောင့်စည်းရာ၏။ ထိုကမ္မပထတရားတို့ကို သုတ်သင်ပြီးလျှင် ဘုရားရှင်တို့ ဟောတော်မူ အပ်သော မဂ်ကို ပြီးစေရာ၏။

#### ခက်ဆစ်အဖြေ

**ကမ္မပထတရား** = ပဋိသန္ဓေအကျိုးပေးကြောင်း ကုသိုလ်ကံ ၁၀–ပါး ၊
ကုသိုလ်ကာယကံ သုံးပါး၊ ကုသိုလ်ဝစီကံ လေးပါး၊ ကုသိုလ်မနောကံ သုံးပါး တို့ ဖြစ်သည်။

## လုံ့လများ ပညာပွား ၊ လုံ့လနည်း ပညာမွဲ
### ၂၀၉– ပေါဋ္ဌိလတ္ထေရဝတ္ထု

၂၈၂။ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ခြင်းကြောင့် ပညာဖြစ်ပေါ်လာ၏။ ပွားများအားထုတ်ခြင်း မပြုသောကြောင့် ပညာကုန်ခမ်း၏။ ပညာပွားများခြင်း၊ ပညာဆုတ် ယုတ်ခြင်းဟူသော တရားနှစ်ပါးကို သိ၍ ပညာတိုးပွားသော လမ်းကြောင်းဖြင့် မိမိကိုယ်ကို သိမ်းသွင်းရာ၏။

#### ခက်ဆစ်အဖြေ

**ကမ္မဋ္ဌာန်း** = ယောဂီပုဂ္ဂိုလ်တို့၏ စီးဖြန်းပွားများရာဌာန ၊
**ကမ္မဋ္ဌာန်းနှစ်မျိုး၊** ၊ (၁) အာရုံတစ်ခုခု အပေါ်၌ စိတ်ကို စူးစိုက်၍ လေ့ကျင့်ရသော ‘ သမထကမ္မ ဋ္ဌာန်း ’ ၊ (၂) သဘာဝတရားတို့ကို တွေးခေါ်၍ သိမြင်ရသော ‘ ဝိပဿနာကမ္မဋ္ဌာန်း ’ တို့ဖြစ်သည်။
**သမထကမ္မဋ္ဌာန်း ၄၀၊** ၊ (၁) ကသိုဏ်း ၁၀–ပါး၊ (၂) အသုဘ ၁၀–ပါး၊ (၃) အနုဿတိ ၁၀–ပါး၊ (၄) ဗြဟ္မဝိဟာရ လေးပါး၊ (၅) အာဟာရေ ပဋိကူလသညာ တစ်ပါး၊ (၆) စတုဓာတုဝဝတ္ထာန်တစ် ပါး၊ (၇) အရူပလေးပါး တို့ဖြစ်သည်။
**ဝိပဿနာကမ္မဋ္ဌာန်း သုံးပါး၊** ၊ သဘာဝတရားတို့၏ မမြဲမှုကို ရှုဆင်ခြင်ခြင်း ‘ အနိစ္စလက္ခဏာ ’၊ (၂)သဘာဝတရားတို့၏ ဆင်းရဲနေမှုကို ရှုမြင်ခြင်း ‘ ဒုက္ခလက္ခဏာ ’ ၊ (၃) သဘာဝလောက၌ အတ္တ မရှိမှုကို ရှုမြင်ခြင်း ‘ အနတ္တလက္ခဏာ ’ တို့ ဖြစ်သည်။

## နို့စို့ချင် မိခင်နောက်လိုက်
### ၂၁၀– သမ္ဗဟုလ မဟလ္လကဘိက္ခုဝတ္ထု

၂၈၃။ ရဟန်းတို့– တဏှာတည်းဟူသော တောကို ခုတ်ဖြတ်ကြကုန်လော့၊ ပကတိ ဖြစ်သော သစ်ပင်ကို မဖြတ်ကြကုန်လင့်။ တဏှာတည်းဟူသော တောကြောင့် ဘေးမျိုးစုံနှင့် တွေ့ကြုံနေကြရကုန်၏။ တဏှာတည်းဟူသော တောကြီး တောငယ်တို့ကို ခုတ်ပယ်ရှင်းလင်းပြီး လျှင် တဏှာတောမှ ထွက်မြောက်ကြကုန်လော့။

၂၈၄။ နို့မခွဲသေးသော နွားကလေးသည် နို့စို့ရန်အလို့ငှာ အမိနွားမနောက်သို့ ကပ်၍ လိုက်နေဘိသကဲ့သို့ ယောကျ်ားသည် အနည်းငယ်မျှသော ကိလေသာတော မပြတ်သေးသမျှ ကာလပတ်လုံး ထိုယောကျ်ားသည် ကပ်ငြိသော စိတ်ဖြင့်သာလျှင် သံသရာသို့ ကပ်ရောက်ရလေ၏။

## ကြာရိုးသဖွယ် အချစ်နယ်

### ၂၁၂– သာရိပုတ္တသဒ္ဓိဝိဟာရိကဘိက္ခုဝတ္ထု

၂၈၅။ သရဒဥတုဟု ဆိုအပ်သော တန်ဆောင်မုန်းလရာသီ၌ ပွင့်သည့် ကုမုဒြာကို လက်ဖြင့် ချိုးဖြတ်သကဲ့သို့ မိမိ၏ စွဲလမ်းမှုအချစ်စိတ်ကို ဖြတ်တောက်လေလော့။ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို ဟောကြားတော်မူ၏။ နိဗ္ဗာန်ရောက်ကြောင်း မဂ်တရားကိုသာ ပွားများပါလော့။

## သေမည့်နေရာ ဘယ်မှာ မသိနိုင်

### ၂၁၂–မဟာဓနဝါဏိဇဝတ္ထု

၂၈၆။ ဤအရပ်၌ မိုးလေးလပတ်လုံး နေမည်။ ဤအရပ်၌ နွေလေးလပတ်လုံး နေမည်ဟု လူမိုက်သည် အမျိုးမျိုး တွေးတော ကြံစည်နေ၏။ သို့ရာတွင် မိမိသေမည့် အန္တရာယ်ကိုကား တွေး၍ မကြည့်တတ်ပေ။

## မိုးကြီးတော့ ရွာဖျက် ၊ အစွဲကြီးတော့ တဏှာဖက်

### ၂၁၃– ကိသာဂေါတမီဝတ္ထု

၂၈၇။ သမီးသား ကျွဲနွားဥစ္စာ ရတနာတို့ဖြင့် ယစ်မူးမေ့မောလျက် ကာမဂုဏ်တို့၌ ကပ်ငြိတွယ်တာစိတ် ကြီးသောသူကို ကြီးစွာသော ရေအလျဉ်သည် အပ်ပျော်နေသော ရွာကို လွှမ်းမိုး တိုက်ယူ၍ သွားသကဲ့သို့ သေမင်းသည် ဆောင်ယူ၍ သွားလေ၏။

## သေမင်းဆိုး ဆွေမျိုး မကယ်နိုင်

### ၂၁၄–ပဋာစာရီဝတ္ထု

၂၈၈။ သေမင်း နှိပ်စက်ခံရသောသူအား မိမိကိုယ်ကို စောင့်ရှောက်ကယ်တင်ခြင်းငှာ သားသမီးတို့လည်း မရှိကုန်။ မိဘတို့လည်း မရှိကုန်။ အဆွေခင်ပွန်းတို့လည်း မရှိကုန်။ ဆွေမျိုးတို့တွင်လည်း စောင့်ရှောက်နိုင်သူဟူ၍ မရှိချေ။

၂၈၉။ ပညာရှိတို့သည် ဤအကြောင်းကို သိ၍ သီလကို စောင့်စီးလျက် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ခရီးကိုလျင်မြန်စွာသာလျှင် သုတ်သင်ရာ၏။

# ၂၁။ ပကိဏ္ဏကဝဂ်

## ထောင်မြင်လျှင် ရာစွန့်

### ၂၁၅– အတ္တနောပုဗ္ဗကမ္မဝတ္ထု

၂၉၀။ အနည်းငယ်မျှသော ချမ်းသာကို စွန့်လွှတ်ခြင်းကြောင့် ကြီးကျယ်ပြန့်ပြော

သော ချမ်းသာကို ရအံ့သည်ကိုမြင်ပါခဲ့မူ ကြီးကျယ်ပြန့်ပြောသော ချမ်းသာကို မြင်သော ပညာ ရှိသည် အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ရာ၏။

## ကိုယ့် သာစေ ၊ သူ့ နာစေ
## ၂၁၆– ကုက္ကုတတ္ထေရဂါထာဝဏ္ဏနာ

၂၉၁။ သူတစ်ပါးအား ဆင်းရဲဒုက္ခကို ဖြစ်စေလျက် မိမိအတွက် ချမ်းသာကို အလို ရှိသောသူသည် ရန်ကို ရန်ချင်း ရောယှက်ခြင်းဖြင့် ရောယှက်သည်ဖြစ်၍ ရန်မှ မလွတ်နိုင်ချေ။

## ပကာသနနေသော အာသဝေါပွား
## ၂၁၇– ဘဒ္ဒိယဝတ္ထု

၂၉၂။ ရဟန်းသည် မိမိပြုလုပ်ရမည့် ဂန္ထဓုရ၊ ဝိပဿနာဓုရအလုပ်ကို ပယ်စွန့်၍ ရဟန်းတို့ ပြုဖွယ်မဟုတ်သော ဖဒင်ဟောခြင်း၊ ယတြာချေခြင်း၊ ခတ်ရိုက်ခတ်ဆင် ပြုလုပ်ခြင်း၊ အင်္ဂရတ်ထိုးခြင်းစသော အလုပ်တို့ကို ပြုလုပ်ကြကုန်ငြားအံ့။ မာနဟူသော ကျူရိုးကို ထောင်ကုန်သော၊ မေ့လျော့ကုန်သော ထိုရဟန်းတို့အား အာသဝေါတရားတို့သည် တိုးပွားကုန်၏။

၂၉၃။ အကြင်သူတို့သည် ကာယဂတာသတိကို အမြဲတစေ ကောင်းစွာ အားထုတ်ကြကုန်၏။ မိမိကိစ္စမဟုတ်သော ပြင်ပအလုပ်တို့ကို မပြုလုပ်ကြကုန်။ ပြုလုပ်သင့်သည်တို့ကိုသာ ပြုလုပ်ကြကုန်၏။ သတိတရားနှင့် အမြော်အမြင်ရှိသူတို့အား အာသဝေါတရားတို့သည် ချုပ်ငြိမ်းကုန်၏။

### ခက်ဆစ်အဖြေ

**ဂန္ထဓုရ** = စာပေကျမ်းဂန် သင်အံခြင်း၊ ပို့ချခြင်း၊ ရေးသားပြုစုခြင်း ၊

**ဝိပဿနာဓုရ** = တရားဘာဝနာ ပွားများဆင်ခြင်ခြင်း ၊

**ကာယဂတာသတိ** = မိမိခန္ဓာကိုယ်ရှိ ၃၂–ကောဋ္ဌာသအစုကို အဖန်ဖန် သုံးသပ်ဆင်ခြင်မှု ၊

## မင်းကို သတ်မှ မြတ်သောသူ
## ၂၁၈– လကုဏ္ဍကဘဒ္ဒိယဝတ္ထု

၂၉၄။ အမိနှင့်တူသော တဏှာကိုလည်းကောင်း၊ အဘနှင့်တူသော မာနကိုလည်း ကောင်း၊ ရေမြေသေဌ်နင်း မင်းနှစ်ပါးနှင့်တူသော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့ကိုလည်းကောင်း၊ အခွန်သိမ်းတတ်သော အမတ်နှင့်တကွ တိုင်းကားပြည်ရွာနှင့်တူသော အာယတန ၁၂–ပါးတို့ကို သတ်သောကြောင့် ဆင်းရဲကင်းသော ရဟန္တာပုဂ္ဂိုလ် ဖြစ်ရပေ၏။

၂၉၅။ အမိနှင့်တူသော တဏှာကိုလည်းကောင်း၊ အဘနှင့်တူသော မာနကိုလည်း ကောင်း၊ ရေမြေသေဌ်နင်း မင်းနှစ်ပါးနှင့်တူသော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့ကိုလည်းကောင်း၊ တစ်နည်း ပုဏ္ဏားနှစ်ယောက်နှင့်တူသော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့ကိုလည်းကောင်း၊ ကျားရဲ ခရီးနှင့်တူသော ဝိစိကိစ္ဆာလျှင် ငါးခုမြောက်ရှိသော နီဝရဏကို သတ်တတ်သောကြောင့် ဆင်းရဲကင်းသောပုဂ္ဂိုလ် ဖြစ်ရလေ၏။

### ခက်ဆစ်အဖြေ

**သဿတဒိဋ္ဌိ** = သတ္တဝါတို့၏ ဖြစ်တည်နေမှုကို မြဲသည်ဟု ယူဆမှု ၊

**ဥစ္ဆေဒဒိဋ္ဌိ** = သတ္တဝါတို့၏ ဖြစ်တည်နေမှုကို ပြတ်နေသည်ဟု ယူဆမှု၊ သို့မဟုတ် ပြတ်သွားသည်ဟု ယူဆမှု ၊

**အာယတန ၁၂–ပါး၊** ။ (၁) မျက်စိအကြည်ရုပ် ' စက္ခုပသာဒ '၊ (၂) နားအကြည်ရုပ် ' သောတပသာဒ '၊ (၃) နှာခေါင်းအကြည်ရုပ် ' ဃာနပသာဒ '၊ (၄) လျှာအကြည်ရုပ် ' ဇိဝှာပသာဒ '၊ (၅) ကိုယ်အကြည်ရုပ် ' ကာယပသာဒ '၊ (၆) အဆင်းအာရုံ ' ရူပါယတန '၊ (၇) အသံအာရုံ ' သဒ္ဒါယတန'၊ (၈) အနံ့အာရုံ ' ဂန္ဓာယတန '၊ (၉) အရသာအာရုံ ' ရသာယတန '၊ (၁၀) အတွေ့အထိအာရုံ ' ဖောဋ္ဌဗ္ဗာယတန '၊ (၁၁) အသိစိတ် ' မနာယတန '၊ (၁၂) စေတသိက် ၅၂–ခု၊ သုခုမရုပ် ၁၆–ခု၊ နိဗ္ဗာန် ' ဓမ္မာယတန 'တို့ ဖြစ်သည်။

**နီဝရဏ** = မင်္ဂဖိုလ်စသော တရားတို့ကို ပိတ်ပင်တားဆီးတတ်သော တရားများ ။

**နီဝရဏ ခြောက်ပါး၊** ။ (၁) ကာမဂုဏ်ကို စွဲလမ်းခြင်း ' ကာမစ္ဆန္ဒ နီဝရဏ '၊ (၂) ပြစ်မှား ကြမ်းတမ်းခြင်း ' ဗျာပါဒနီဝရဏ '၊ (၃) ထိုင်းမှိုင်း ငိုက်မျည်းခြင်း ' ထိနမိဒ္ဓနီဝရဏ '၊ (၄) ပျံ့လွင့်ခြင်း၊ ပူပန်ခြင်း ' ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ '၊ (၅) တရားမှန်၌ ယုံမှားတွေဝေခြင်း ' ဝိစိကိစ္ဆာနီဝရဏ '၊ (၆)အမှန်တရားကို မသိတတ်ခြင်း ' အဝိဇ္ဇာနီဝရဏ 'တို့ ဖြစ်သည်။

## သတိဆို ပိုသည်မရှိ

### ၂၁၉– ဒါရုသာကဋိကပုတ္တဝတ္ထု

၂၉၆။ နေ့ရောညဉ့်ပါ အခါမလပ်ဘဲ ဘုရားဂုဏ်တော်ကို သတိပြု၍ နေကြကုန်သော ဂေါတမဘုရားရှင်၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြပေကုန်၏။

၂၉၇။ နေ့ရောညဉ့်ပါ အခါမလပ်ဘဲ တရားဂုဏ်တော်ကို သတိပြု၍ နေကြကုန်သော ဂေါတမဘုရားရှင်၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြပေကုန်၏။

၂၉၈။ နေ့ရောညဉ့်ပါ အခါမလပ်ဘဲ သံဃာ့ဂုဏ်တော်ကို သတိပြု၍ နေကြကုန်သော ဂေါတမဘုရားရှင်၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြပေကုန်၏။

၂၉၉။ နေ့ရောညဉ့်ပါ အခါမလပ်ဘဲ ကာယဂတာသတိကို ပွားများကုန်သော ဂေါတမဘုရားရှင်၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြပေကုန်၏။

၃၀၀။ နေ့ရောညဉ့်ပါ အခါမလပ်ဘဲ ကရုဏာဘာဝနာ၌ မွေ့လျော်သော စိတ်ရှိကုန်သော ဂေါတမဘုရားရှင်၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြပေကုန်၏။

၃၀၁။ နေ့ရောညဉ့်ပါ အခါမလပ်ဘဲ မေတ္တာဘာဝနာ၌ မွေ့လျော်ကုန်သော ဂေါတမဘုရားရှင်၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြပေကုန်၏။

#### ခက်ဆစ်အဖြေ

**ကရုဏာဘာဝနာ** = သတ္တဝါတို့ကို သနားကြင်နာမှု ဖြစ်ပေါ်ခြင်း ။

**မေတ္တာဘာဝနာ** = သတ္တဝါတို့ကို ချမ်းသာစေလိုခြင်း ။

## ရဟန်းဘဝ ဒုလ္လဘ

### ၂၂၀– ဝဇ္ဇီပုတ္တကဝတ္ထု

၃၀၂။ အဝါရေ ဆင်မြန်းသော ရဟန်းဘဝကို ပြုနိုင်ခဲ၏။ သူတော်မြတ်တို့၏ အကျင့်၌ မွေ့လျော်နိုင်ခဲ၏။ အိမ်၌ မပြည့်မစုံ နေရခြင်းသည် ဆင်းရဲ၏။ သဘောထား မတူသူတို့နှင့် မညီမညွတ်နေရခြင်းသည် ဆင်းရဲ၏။ သံသရာခရီးကို သွားရခြင်းသည် ဆင်းရဲသို့

ကျရောက်တတ်၏။ ထို့ကြောင့် သံသရာခရီးသည် မဖြစ်ပါစေနှင့်။ ဆင်းရဲခြင်းသို့ ကျရောက်သူ မဖြစ်ပါစေနှင့်။

## ရောက်လေရာ မျက်နှာပွင့်

### ၂၂၁– စိတ္တဂဟပတိဝတ္ထု

၃၀၃။ သဒ္ဓါတရားလည်းရှိသော၊ အကျင့်သီလနှင့်လည်း ပြည့်စုံသော၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသည်ဖြစ်၍ အကျော်တစောရှိသော ပုဂ္ဂိုလ်သည် ရောက်လေရာရာ အရပ်တို့၌ ပူဇော်အထူးကို ခံကြရ၏။

## ည ပစ်တဲ့ မြား မထင်ရှား

### ၂၂၂– စူဠသုဘဒ္ဒါဝတ္ထု

၃၀၄။ ဟိမဝန္တာတောင်သည် အဝေး၌ တည်ရှိနေသော်လည်း ထင်ရှားစွာ ရှုမြင်နေရသကဲ့သို့ သူတော်ကောင်းတို့သည် အဝေး၌ပင် နေပါသော်လည်း ထင်ရှားကြကုန်၏။ ညအခါ၌ ပစ်လွှတ်သော မြားသည် မထင်ရှားသကဲ့သို့ လူယုတ်မာတို့သည် အနီး၌ တည်ရှိနေသော်လည်း မထင်ရှားကြချေ။

## တစ်ယောက်တည်း ကျင့် တရားနှင့် နေ

### ၂၂၃– ဧကဝိဟာရိတ္ထေရဝတ္ထု

၃၀၅။ ပျင်းရိသော စိတ်ကို ပယ်ဖျောက်၍ တစ်ယောက်တည်း နေခြင်း၊ တစ်ယောက်တည်း အိပ်ခြင်းကို ပြုရာ၏။ တစ်ယောက်တည်း လှည့်လည်သွားလာလျက် မိမိကိုယ်ကို ဆုံးမကာ တောဝနာ၌ မွေ့လျော်နေထိုင်ရာ၏။

# ၂၂။ နိရယဝဂ်

## မကောင်းသူ ကံတူ အကျိုးပေး

### ၂၂၄– သုန္ဒရီပရိဗ္ဗာဇိကာဝတ္ထု

၃၀၆။ မဟုတ်မမှန် ပြောဆိုလေ့ရှိသောသူသည်လည်းကောင်း၊ မိမိပြုလုပ်ပါလျက် မပြုလုပ်ဟု ပြောဆိုသူသည်လည်းကောင်း၊ ငရဲသို့ ကျရောက်ရ၏။ ထိုအလေ့အကျင့်ရှိသော သူနှစ်ယောက်တို့သည် ယုတ်ညံ့သော အမှုရှိသောကြောင့် တမလွန်ဘဝ၌ ငရဲခံရချင်း တူကြကုန်၏။

**ခက်ဆစ်အဖြေ**

**ငရဲ** = ချမ်းသာမှ ကင်းသော နေရာ ၊
**ငရဲရှစ်ဌာန၊** ၊ (၁) သိဉ္စိုဝ်းငရဲ၊ (၂) ကာလသုတ်ငရဲ၊ (၃) သံဃာတငရဲ၊ (၄) ဇာလရောရုဝငရဲ၊ (၅) ဓူမရောရုဝငရဲ၊ (၆) တာပနငရဲ၊ (၇) ပတာပနငရဲ၊ (၈) အဝီစိငရဲတို့ ဖြစ်သည်။

## အကုသိုလ်ညစ် အဝတ် မကယ်နိုင်

### ၂၂၅– ဒုစ္စရိတဖလဝတ္ထု

၃၀၇။ သင်္ကန်းကို လည်၌ဝတ်ဆင်လျက် ယုတ်မာသော အကျင့်တို့ကို ကျင့်ကုန်

သော၊ ကိုယ် နှုတ် နှလုံးကို မစောင့်စည်းကုန်သော သူယုတ်မာတို့သည် ယုတ်မာသော မကောင်းမှု ကံတို့ကြောင့် ငရဲ၌ ဖြစ်ကြရကုန်၏။

## အကျင့်မဲ့ရဟန်း ဆွမ်းမစားထိုက်
## ၂၂၆– ဝဂ္ဂုမုဒါတီရိယဘိက္ခုဝတ္ထု

၃၀၈။ ကိုယ် နှုတ် နှလုံးကို မစောင့်စည်းသော၊ အကျင့်သီလမရှိသော ရဟန်းသည် တိုင်းသူပြည်သားတို့ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော ဆွမ်းကို စားရခြင်းထက် မီးလျှံကဲ့သို့ ပူလောင်နေသော သံတွေခဲကို စားရခြင်းက ပို၍ မြတ်သေး၏။

## ကာမမှား လေးပါးဒုက္ခ တွေ့ကြုံရ
## ၂၂၇– ခေမကသေဋ္ဌိပုတ္တဝတ္ထု

၃၀၉။ သူတစ်ပါးမယားကို ပြစ်မှားကျူးလွန်မှီဝဲသော ပုဂ္ဂိုလ်သည် ဆင်းရဲကြောင်း လေးပါးသို့ ကျရောက်ရပေ၏။ ယင်းလေးပါးတို့ကား အကုသိုလ်ကို ရခြင်း၊ အလိုရှိတိုင်း ချမ်းသာစွာ မအိပ်စက်ရခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ငရဲခံရခြင်းတို့ ဖြစ်သည်။

၃၁၀။ အကုသိုလ်ကံလည်း ရ၏။ ယုတ်ညံ့သော လားရာဂတိသို့လည်း ရောက်ရ၏။ ကြောက်ရွံ့ထိတ်လန့်သော ယောကျ်ား၏ ကြောက်ရွံ့ထိတ်လန့်သော မိန်းမနှင့် ပျော်ပါးရခြင်းသည် အနည်းငယ်မျှသာတည်း။ မင်းသည်လည်း ကြီးလေးသော အပြစ်ဒဏ်ကို ပေး၏။ ထို့ကြောင့် ယောကျ်ားသည် သူတစ်ပါးမယားကို မကျူးလွန် မမှီဝဲရာ။

## သမန်းမြက်က လက်ရှ ၊ ရဟန်းပျက်က ငရဲကျ
## ၂၂၈– ဒုဗ္ဗစဘိက္ခုဝတ္ထု

၃၁၁။ ကောင်းစွာ မကိုင်တွယ်အပ်သော သမန်းမြက်သည် ကိုင်သောလက်ကို စူးရှဘိသကဲ့သို့ ကောင်းစွာ မကျင့်သုံးသော ရဟန်းသည်လည်း ထိုရဟန်းကိုသာလျှင် ငရဲသို့ ဆွဲချ၏။

၃၁၂။ လျော့ရဲရဲ ပြုလုပ်အပ်သော ကိစ္စသည်လည်းကောင်း၊ ညစ်နွမ်းသော အကျင့်သည်လည်းကောင်း၊ အခြားရဟန်းတို့ သံသယဖြစ်ဖွယ် အကျင့်ကို ကျင့်သော ရဟန်းသည်လည်းကောင်း၊ အကျိုးကြီးမြတ်ခြင်း မရှိပေ။

၃၁၃။ အမှုကိစ္စကို ပြုလုပ်သောအခါ စေ့စပ်သေချာစွာ ပြုလုပ်ရာ၏။ ထိုအမှုကိစ္စကို စွဲမြဲစွာ အားထုတ်ရာ၏။ လျော့ရဲရဲ ပြုလုပ်သော ရဟန်း၏ အဖြစ်သည် ကိလေသာမြူကို ထပ်လောင်းကြဲဖြန့်တတ်ချေ၏။

## မကောင်းမှုကို ရှောင် ကောင်းမှုကို ဆောင်
## ၂၂၉– ဣဿာပကတိတ္ထိဝတ္ထု

၃၁၄။ မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ မကောင်းမှုသည် နောင်အခါ၌ ပူပန်စေတတ်၏။ ကောင်းမှုကို ပြုခြင်းသည်သာလျှင် မြတ်၏။ ယင်းကောင်းမှုကြောင့် နောင်တ တစ်ဖန် မပူပန်ရပေ။

## တိုင်းစွန် နယ်မကျူးစေနှင့်
## လူမွန် အပါယ် မကူးစေနှင့်
### ၂၃၀– သမ္ဗဟုလဘိက္ခုဝတ္ထု

၃၁၅။ တိုင်းစွန်ပြည်ဖျားဖြစ်သော မြို့ရွာကို အတွင်းရော အပြင်ပါ နယ်ကျူးမှုမရှိအောင် စောင့်ရှောက်ရာသကဲ့သို့ မိမိကိုယ်ကို အတွင်းဖြစ်သော စက္ခု သောတစသည်၊ အပဖြစ်သော ရူပ သဒ္ဒစသည်နှင့်တကွ လုံခြုံအောင် စောင့်ရှောက်ကြရာ၏။ အခွင့်ကောင်း၊အခြေအနေကောင်းတို့သည် သင့်အား ကျော်လွန်၍ မသွားပါစေနှင့်။ အခွင့်ကောင်းကို ကျော်လွန်သူသည် ငရဲသို့ ကျရောက်ကုန်သဖြင့် စိုးရိမ်ကြရကုန်၏။

## အယူလွဲ ငရဲရောက်
### ၂၃၁– နိဂဏ္ဌဝတ္ထု

၃၁၆။ အကြင်သတ္တဝါတို့သည် ရှက်စရာ မဟုတ်သည်၌ ရှက်တတ်၏။ ရှက်စရာဟုတ်သည်ကိုမူ မရှက်တတ်ပေ။ မှားသော အယူကိုလည်း စွဲကိုင်ထား၏။ ထိုသတ္တဝါတို့သည် မကောင်းသော ဂတိသို့ သွားကြရကုန်၏။

၃၁၇။ အကြင်သတ္တဝါတို့သည် ဘေးမဟုတ်သည်၌ ဘေးဟု ရှုလေ့ရှိ၏။ ဘေးဟုတ်သည်၌မူ ဘေးမဟုတ်ဟု ရှုလေ့ရှိ၏။ မှားသော အယူကိုလည်း စွဲကိုင်ထား၏။ ထိုသတ္တဝါတို့သည် မကောင်းသော ဂတိသို့ သွားရောက်ကြရကုန်၏။

**ခက်ဆစ်အဖြေ**

**ဂတိ** = လားရာ ၊ ရောက်ရာ ၊
**ဂတိငါးပါး၊** ၊ (၁) ငရဲသို့ လားရာ ‘ နိရယဂတိ ’၊ (၂) တိရစ္ဆာန်ဘဝသို့ လားရာ ‘ တိရစ္ဆာနဂတိ ’၊ (၃) လူ့ဘဝသို့ လားရာ ‘ မနုဿဂတိ ’၊ (၄) နတ်ဘဝသို့ လားရာ ’ ဒေဝဂတိ ’၊ (၅) ပြိတ္တာဘဝသို့ လားရာ ‘ ပေတဂတိ ’ တို့ ဖြစ်သည်။

## အယူမှန် နိဗ္ဗာန်ရောက်
### ၂၃၂– တိတ္ထိယသာဝကဝတ္ထု

၃၁၈။ အကြင်သတ္တဝါတို့သည် အပြစ်မရှိသည်ကို အပြစ်ဟု ရှုမြင်တတ်၏။ အပြစ်ရှိသည်ကိုမူ အပြစ်မရှိဟု ရှုမြင်တတ်၏။ မှားသော အယူကို စွဲကိုင်ထား၏။ ထိုသတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ သွားကြရကုန်၏။

၃၁၉။ အကြင်သတ္တဝါတို့သည် အပြစ်ရှိသည်ကို အပြစ်ရှိသည်ဟုလည်းကောင်း၊ အပြစ်မရှိသည်ကို အပြစ်မရှိဟုလည်းကောင်း သိကြ၏။ ကောင်းသော အယူကို ယူတတ်၏။ ထိုသတ္တဝါတို့သည် ကောင်းသော ဘဝသို့ သွားရောက်ကြရကုန်၏။

# ၂၃။ နာဂဝဂ်

## ဆင်ပြောင်မှန် မြားရန် မကြောက်
### ၂၃၃– အတ္တဒန္တဝတ္ထု

၃၂၀။ စစ်မြေပြင်၌ ရောက်ရှိနေသော ဆင်ပြောင်ကြီးသည် မိမိအပေါ် ကျရောက်လာမည့် လေးမှ ပစ်လွှတ်လိုက်သော မြားကို မတုန်မလှုပ် သည်းခံနေဘိသကဲ့သို့ ငါဘုရားသည်

ကျူးလွန်စော်ကားသော မထီမဲ့မြင်စကားကို သည်းခံအံ့။ လူအများသည် သီလမရှိသူများဖြစ်သတည်း။

၃၂၁။ ယဉ်ကျေးလိမ္မာသော ဆင်မြင်းတို့ကိုသာလျှင် ပွဲသဘင်သို့ ဆောင်ယူကြကုန်၏။ မင်းသည် ယဉ်ကျေးပြီးသော ဆင်မြင်းစသည်တို့ကိုသာ စီးနင်း၏။ ကျူးလွန်စော်ကားသော စကားကို သည်းခံနိုင်သော သူသည် ယဉ်ကျေးပြီးဖြစ်၍ လူတို့တွင် အမြတ်ဆုံး ဖြစ်ပေ၏။

၃၂၂။ အဿထိုရ်မြင်းသည်လည်းကောင်း၊ အာဇာနီမြင်းသည်လည်းကောင်း၊ သိန္ဓောမြင်းသည်လည်းကောင်း၊ ကြိုးကြာသံလို မည်တတ်သော ဆင်ပြောင်ကြီးတို့သည်လည်းကောင်း ယဉ်ကျေးမှသာလျှင် မြတ်ကုန်၏။ ကိုယ်ရော စိတ်ပါ ယဉ်ကျေးသောသူသည် ထိုမြင်းကောင်း ဆင်ကောင်းတို့ထက် မြတ်၏။

## မြင့်နှင့် ပျံလို့ နိဗ္ဗာန် မရောက်
## စိတ်နှင့် ကြံမှ နိဗ္ဗာန်ရောက်
## ၂၃၄– ဟတ္ထာစရိယပုဗ္ဗဘိက္ခုဝတ္ထု

၃၂၃။ ကောင်းစွာ ယဉ်ကျေးသော စိတ်ဖြင့် မရောက်ဖူးသော နိဗ္ဗာန်သို့ ရောက်နိုင်ရာ၏။ ဆင်ယာဉ် မြင်းယာဉ်တို့ဖြင့် မရောက်ဖူးသော နိဗ္ဗာန်သို့ သွားရောက်၍ မရနိုင်သည်သာတည်း။ ယဉ်ကျေးသောသူသည် ယဉ်ကျေးခြင်းကြောင့် မရောက်ဖူးသာ နိဗ္ဗာန်သို့ ရောက်ရ၏။

## မေထုန်ဆာ အစာမစားနိုင်
## ၂၃၅– ပရိဇိဏ္ဏဗြာဟ္မဏဝတ္ထု

၃၂၄။ ပြင်းထန်စွာ အမုန်ယစ်သဖြင့် နှိမ်နင်းရန် ခက်ခဲသော ဓနပါလမည်သော ဆင်သည် အနှောင်အဖွဲ့ ခံရသောကြောင့် အစာအာဟာရကို မစားနိုင်။ ဆင်သည် မိမိနေရာ ဆင်တော၌သာ မွေ့လျော်ပျော်ပါး နေလို၏။

## အစားထူသော် လူဝက်
## ၂၃၆– ပသေနဒီကောသလဝတ္ထု

၃၂၅။ နုံ့သော ပုဂ္ဂိုလ်သည် မျောက်မျဉ်းအိပ်လေ့ရှိ၏။ အစားလည်း ကြီး၏။ ငိုက်မျဉ်းလေ့ ရှိ၏။ အစာကျွေး၍ မွေးအပ်သော ဝက်ကြီးကဲ့သို့ တလူးလူးလည်း အိပ်လေ့ရှိ၏။ အနိစ္စစသော လက္ခဏာတို့ကို နှလုံးမသွင်းမိသောကြောင့် အဖန်တလဲလဲ အမိဝမ်း၌ ပဋိသန္ဓေနေရ၏။

## ဆင်မနိုင် ချွန်းနှင့်အုပ် ၊ စိတ်မနိုင် တရားနှင့် ချုပ်
## ၂၃၇–သာနုသာမဏေရဝတ္ထု

၃၂၆။ ဤစိတ်သည် ဘဝများစွာ သံသရာက လိုရာအာရုံကို လိုက်စားလျက် အလိုရှိရာ ကောင်းနိုးရာရာတို့၌ လည့်လည်ကျက်စားခဲ့ပေပြီ။ ချွန်းကိုင်ထားသော ဆင်ထိန်းသည် အမုန်ယစ်သော ဆင်ကို နှိပ်ကွပ်သကဲ့သို့ ယခုအခါ၌ ငါသည် ထိုစိတ်ကို အသင့်အားဖြင့် နှလုံးသွင်း၍ နှိပ်ကွပ်ပေအံ့။

## ဆင်နွံနစ် အားနှင့် နုတ်၊ လူ တဏှာနစ် တရားနှင့် နုတ်

### ၂၃၈– ပါဝေယျကဟတ္ထိဝတ္ထု

၃၂၇။ မမေ့မလျော့သော အကျင့်တရား၌ မွေ့လျော်ကြကုန်လော့။ မိမိစိတ်ကို စောင့်စည်းကြကုန်လော့။ ညွှန်၌ ကျွံနစ်သော ဆင်သည် မိမိကိုယ်ကို ညွှန်ထဲမှ နုတ်ယူသကဲ့သို့ သင်တို့သည် ကိလေသာတည်းဟူသော ညွှန်ပျောင်းမှ မိမိကိုယ်ကို ထုတ်ဆောင်ကြကုန်လော့။

## စိတ်ထားတူ အကူရ

### ၂၃၉– သမ္ဗဟုလဘိက္ခုဝတ္ထု

၃၂၈။ ပညာရင့်သော၊ ကောင်းသော နေထိုင်ခြင်းရှိသော၊ သမာဓိတည်ကြည်သော အတူကျင့်ဘက် အဆွေခင်ပွန်းကို ရငြားအံ့။ ထိုအဆွေခင်ပွန်းကောင်းနှင့်အတူ ဝမ်းမြောက်စွာ သတိရှိသည် ဖြစ်၍ ထင်ရှားသော ဘေးရန်၊ မထင်ရှားသော ဘေးရန်တို့ကို နှိပ်စက်၍ ကျင့်ရာ၏။

၃၂၉။ ပညာရင့်သော၊ ကောင်းသော နေထိုင်ခြင်း ရှိသော။ သမာဓိတည်ကြည်သော အတူကျင့်ဘက် အဆွေခင်ပွန်းကို မရသည် ဖြစ်အံ့။ မင်းသည် မိမိတိုင်းနိုင်ငံကို စွန့်ပစ်ကာ တစ်ယောက်တည်း နေသကဲ့သို့လည်းကောင်း၊ ပါလိလေယျဆင်မင်းသည် ဆင်အုပ်ကိုခွဲ၍ တောဝနာထဲ၌ တစ်ကောင်တည်း နေသကဲ့သို့လည်းကောင်း တစ်ဦးတည်းသာလျှင် ကျင့်သုံး နေထိုင်ရာ၏။

၃၃၀။ တစ်ဦးတည်း ကျင့်သုံးရခြင်းသည် မြတ်၏။ သူမိုက်နှင့် အဆွေခင်ပွန်းပြုရခြင်းသည် အကျိုးမရှိပေ။ တောထဲ၌ တစ်စီးတည်းနေသော ဆင်ကြီးသည် ကြောင့်ကြမှု မရှိဘဲ ချမ်းသာစွာ နေရဘိသကဲ့သို့ တစ်ဦးတည်း ချမ်းသာစွာ နေရာ၏။ မကောင်းမှုကို မပြုလုပ်ကြရာ။

## ချမ်းသာအစု ကောင်းမှုထိုထို

### ၂၄၀– မာရဝတ္ထု

၃၃၁။ အမှုကိစ္စဖြစ်ပေါ်လာသောအခါ အဆွေခင်ပွန်း ရှိခြင်းသည် ချမ်းသာ၏။ ရသမျှသော ပစ္စည်းဖြင့် ရောင့်ရဲနှစ်သိမ့်နိုင်ခြင်းသည် ချမ်းသာ၏။ သေခါနီးကာလ၌ ကုသိုလ်ကောင်းမှု ရှိခြင်းသည် ချမ်းသာ၏။ ဆင်းရဲခြင်း အားလုံးကို ပယ်ခြင်းသည် ချမ်းသာ၏။

၃၃၂။ လောက၌ အမိကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်း ဖြစ်၏။ အဘကို ပြုစုလုပ်ကျွေးခြင်းသည်လည်း ချမ်းသာကြောင်း ဖြစ်၏။ ရဟန်းတို့အား လှူဒါန်းခြင်းသည် ချမ်းသာကြောင်း ဖြစ်၏။ ထို့ပြင် မကောင်းမှုမှ အပပြုပြီးသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ကို ပြုစုလုပ်ကျွေးရခြင်းသည် ချမ်းသာကြောင်း ဖြစ်၏။

၃၃၃။ သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရား တည်တံ့ခိုင်မြဲခြင်းသည်လည်း ချမ်းသာ၏။ ပညာကို ရခြင်းသည်လည်း ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည်လည်း ချမ်းသာ၏။

# ၂၄။ တဏှာဝဂ်

## တဏှာခြောက်သွယ် မာလောနွယ်
## ၂၄၁– ကပိလမစ္ဆဝတ္ထု

၃၃၄။ မေ့မေ့လျော့လျော့ နေထိုင်လေ့ရှိသော သတ္တဝါတို့အား ခြောက်ဒွါရ၌ ဖြစ်သော တဏှာသည် မာလောနွယ်ကဲ့သို တိုးပွား၏။ သစ်သီးကို အလိုရှိသော မျောက်သည် တောအတွင်း၌ သစ်ပင် တစ်ပင်မှ တစ်ပင်သို့ ကူးပြောင်းနေသကဲ့သို့ တဏှာပွားသော ပုဂ္ဂိုလ်သည်လည်း တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းနေရ၏။

၃၃၅။ လောက၌ ကပ်ငြိတွယ်တာတတ်သော ယုတ်မာသော တဏှာသည် အကြင် ပုဂ္ဂိုလ်ကို ညှဉ်းဆဲ၏။ ထိုတဏှာညှဉ်းဆဲသော ပုဂ္ဂိုလ်အား ပြိတ်မြက်သည် မိုးရွာသော အခါ၌ တိုးပွားသကဲ့သို့ စိုးရိမ်ကြောင့်ကြမှုတို့သည် တိုးပွားကုန်၏။

၃၃၆။ ရေပေါက်တို့သည် ကြာရွက်ပေါ်မှ လျှောကျဘိသကဲ့သို့ လောက၌ လွန်ဆန် နိုင်ခဲသော ယုတ်မာသော ထိုတဏှာကို ညှဉ်းဆဲနိုင်ခဲ့ပါလျှင် ထိုပုဂ္ဂိုလ်ထံမှ စိုးရိမ်ကြောင့်ကြခြင်း တို့သည် လျှောကျကုန်၏။

၃၃၇။ ထို့ကြောင့် သင်တို့အား ကောင်းသောစကားကို ဟောကြားအံ့။ စည်းဝေးညီ ညာ ရောက်လာကြကုန်သော သင်တို့သည် ပန်းရင်းမြက်ကို အသုံးလိုသောသူသည် ပြိတ်မြက် ကို တူးဖော်ပစ်ရသကဲ့သို့ ခြောက်ဒွါရ၌ဖြစ်သော တဏှာ၏ အရင်းအမြစ်ကို တူးဖော်ကြကုန် လော့။ ရေအလျဉ်သည် ကမ်းနား၌ ပေါက်သော ကျူပင်ကို ဖျက်ဆီးသကဲ့သို့ ကိလေသာ တည်းဟူသော မာရ်သည် သင်တို့ကို အဖန်တလဲလဲ မဖျက်ဆီးစေလင့်။

**ခက်ဆစ်အဖြေ**

**ဒွါရခြောက်ပါး၊** ။ (၁) စက္ခုဒွါရ၊ (၂) သောတဒွါရ၊ (၃) ဃာနဒွါရ၊ (၄) ဇိဝှာဒွါရ၊ (၅) ကာယ ဒွါရ၊ (၆) မနောဒွါရတို့ ဖြစ်သည်။

## အမြစ်ဖျက်မှ အရွက်သေ
## ၂၄၂– သူကရ ပေါတိကာဝတ္ထု

၃၃၈။ အမြစ်ကို မဖျက်ဆီးဘဲ အရွက်ကိုသာ ဖြတ်ထားသော သစ်ပင်သည် တစ်ဖန် ပေါက်ရောက် စည်ကားလာပြန်သကဲ့သို့ ထို့အတူ ကိန်းအောင်းနေသော တဏှာစိတ်ဓာတ် မပြတ်သည်ရှိသော် ဆင်းရဲဒုက္ခအရပ်ရပ်သည် အဖန်ဖန်အထပ်ထပ် ဖြစ်ပေါ်လာ၏။

၃၃၉။ အကြင်ပုဂ္ဂိုလ်အား ပြင်းထန်သော နှစ်သက်ဖွယ်အာရုံသို့ စီးဆင်းကုန်သော ၃၆–ပါးသော တဏှာရေအလျဉ်တို့သည် ရှိကြကုန်အံ့။ မကောင်းသော အယူရှိသော ထိုသူကို ရာဂနှင့်စပ်သော အားကြီးသော အကြံအစည်တို့သည် ဆောင်ယူသွားကုန်၏။

၃၄၀။ ခပ်သိမ်းသော အာရုံခြောက်ပါးတို့နှင့် တဏှာတည်းဟူသော ရေအယဉ် သည် စီးကုန်၏။ တဏှာဟူသော နွယ်သည် ဒွါရခြောက်ပါး၌ ဖြစ်၏။ အာရုံခြောက်ပါး၌တည် ၏။ ထိုတဏှာတည်းဟူသော နွယ်၏ အရင်းအမြစ်ကို မဂ်ပညာဖြင့် ဖြတ်ကြကုန်လော့။

၃၄၁။ သတ္တဝါတို့အား အောက်မေ့ခြင်း၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းတို့သည် ဖြစ် ကုန်၏။ ထိုသတ္တဝါတို့သည် ဝမ်းမြောက်ဖွယ်ကို အမှီပြု၍ ကာမဂုဏ်ချမ်းသာကို ရှာလေ့ရှိကုန် ၏။ ထိုသူတို့သည် ပဋိသန္ဓေနေခြင်း၊ အိုခြင်းသို့ ကပ်ရောက်ကြရကုန်၏။

၂၄၂။ တဏှာဖြင့် ခြံရံအပ်ကုန်သော သတ္တဝါတို့သည် မုဆိုး၏ ကျော့ကွင်း၌ မိသော ယုန်ကဲ့သို့ ထိတ်လန့်နေကြရကုန်၏။ သံယောဇဉ်အစေးဖြင့် ကပ်ငြိတွယ်မိနေသော

သူတို့သည် အချိန်ကြာမြင့်စွာ အဖန်တလဲလဲ ဆင်းရဲခြင်းသို့ ရောက်ကြရကုန်၏။

၃၄၂။ တဏှာဖြင့် ခြံရံအပ်ကုန်သော သတ္တဝါတို့သည်မုဆိုး၏ ကျော့ကွင်း၌ မိသော ယုန်ကဲ့သို့ ထတ်လန့်နေကြရကုန်၏။ ထို့ကြောင့် မိမိရာဂကင်းခြင်းကို တောင့်တသောသူသည် စွဲလမ်းမှု စိတ်တဏှာကို ပယ်ဖျောက်ရာ၏။

**ခက်ဆစ်အဖြေ**

**တဏှာ ၃၆–ပါး၊** ။ (၁) ကာမဂုဏ်ကို စွဲလမ်းသော ' ကာမတဏှာ '၊ (၂) မိမိဖြစ်တည်နေဆဲဘဝကို စွဲလမ်းသော ' ဘဝတဏှာ '၊ (၃) ဘဝသစ်ဖြစ်ပေါ်မှုကို စွဲလမ်းသော ၊ ဝါ– မဖြစ်သေးသော ဘဝကို စွဲလမ်းသော ' ဝိဘဝတဏှာ '၊ ထိုတဏှာသုံးပါးကို မျက်စိ ' စက္ခု '၊ နား ' သောတ '၊ နှာခေါင်း ' ဃာန '၊ လျှာ ' ဇိဝှာ '၊ ကိုယ် ' ကာယ '၊ စိတ် ' မန ' ဟူသော အတွင်းအာယတန ခြောက်ပါး၊ အဆင်း 'ရူပ' အသံ ' သဒ္ဒ '၊ အနံ့ ' ဂန္ဓ '၊ အရသာ ' ရသ '၊ အတွေ့ ' ဖောဋ္ဌဗ္ဗ '၊ သဘောတရား ' ဓမ္မ ' ဟူသော အပြင်အာယတန ခြောက်ပါး၊ ဤ ၁၂–ပါးတို့ဖြင့် မြှောက်ပွားလျှင် တဏှာ ၃၆–ပါး ဖြစ်၏။

## တဏှာတော မောသည် မရှိ

### ၂၄၃– ဝိဗ္ဘန္တကဝတ္ထု

၃၄၄။ အကြင်သူသည် လူ့ဘောင်တည်းဟူသော တောကို စွန့်၍ အကျင့်အတွက် တောဝနာသို့ ခိုဝင်ခဲ့၏။ အိမ်ထောင်သားမွေးဘဝ လူ့လောကကို စွန့်လွှတ်ပြီး ဖြစ်ပါလျက် အိမ်ထောင်သည်ဘဝ တဏှာကျွန်လောကသို့ ပြေးဝင်ပြန်၏။ လာကြကုန်လော့။ ထိုပုဂ္ဂိုလ်မျိုးကို ကြည့်ကြကုန်လော့။ ထိုသူသည် အနှောင်အဖွဲ့မှ လွတ်ပြီး ဖြစ်ပါလျက် အနှောင်အဖွဲ့သို့ သာလျှင် ပြေးဝင်၏။

## နှောင်ကြိုးက တစ်ခဏ ၊ အမှောင်ကြိုးက တစ်ဘဝ

### ၂၄၄– ဗန္ဓနာဂါရဝတ္ထု

၃၄၅။ သံဖြင့် ပြုလုပ်အပ်သော အနှောင်အဖွဲ့ကိုလည်းကောင်း၊ သစ်သားဖြင့် ပြုလုပ်အပ်သော အနှောင်အဖွဲ့ကိုလည်းကောင်း၊ မြက် လျှော် စသည်ဖြင့် ပြုလုပ်အပ်သော အနှောင်အဖွဲ့ကိုလည်းကောင်း ခိုင်မြဲသော အနှောင်အဖွဲ့ဟူ၍ ပညာရှိတို့ မဆိုကြကုန်။ ပတ္တမြား နားတောင်းစသော ရတနာတို့၌လည်းကောင်း၊ သားသမီး မယားတို့၌လည်းကောင်း လွန်စွာ တပ်နှစ်သက်တတ်သည်ဖြစ်၍ ငဲ့ကွက်ခြင်းသည် ရှိ၏။

၃၄၆။ ဤကာမဂုဏ်တို့၌ ငဲ့ကွက်ခြင်းကိုသာလျှင် မြဲစွာသော အနှောင်အဖွဲ့ဟူ၍ ပညာရှိတို့ ဆိုကြကုန်၏။ ပညာရှိတို့သည် အပါယ်လေးပါးဟူသော ယုတ်နိမ့်ရာသို့ဆောင်တတ်သော၊ ဖွဲ့မှုန်းမသိသဖြင့် လျော့ရဲဟန်ရှိသော်လည်း လွတ်မြောက်ရန် ခဲယဉ်းသော ဤအနှောင်အဖွဲ့ကိုလည်း ရန်းဖြတ်ကာ ကာမချမ်းသာကို ပယ်စွန့်လျက် တောဝနာသို့ ထွက်ခွာကြကုန်၏။

## ရာဂဖြစ်စဉ် ပင့်ကူမျှင်

### ၂၄၅– ခေမာထေရီဝတ္ထု

၃၄၇။ အကြင်သူတို့သည် ရာဂစိတ်ဖြင့် တပ်မက်စွဲလမ်းကုန်၏။ ထိုသူတို့သည် ပင့်ကူသည် မိမိရက်လုပ်ထားသော ပိုက်ကွန်မျှင်၌ ကပ်ငြိနေရသကဲ့သို့ မိမိပြုလုပ်သော တဏှာအယဉ်သို့ ကျရောက်ရကုန်၏။ ပညာရှိတို့သည် ထိုတဏှာစွဲမှတ် အချစ်ခတ်ကိုလည်း ပယ်ဖျက် ဖြတ်တောက်၍ မငဲ့ကွက်ဘဲ ခပ်သိမ်းသော ဆင်းရဲကို စွန့်၍ သွားကုန်၏။

## ကာလသုံးဖြာ တဏှာကို လွှတ်

### ၂၄၆– ဥဂ္ဂသေနဝတ္ထု

၃၄၈။ အတိတ်ဖြစ်သော ခန္ဓာ၌ စွဲလမ်းသော တဏှာကို လွှတ်လော့။ နောင်အခါ ဖြစ်ပေါ်လာမည့် ခန္ဓာ၌ စွဲလမ်းမှု တဏှာကို လွှတ်လော့။ အလယ်ဖြစ်သော ပစ္စုပ္ပန်ခန္ဓာ၌ စွဲလမ်းသော တဏှာကို လွှတ်လော့။ ဘဝသုံးပါး၏ အဆုံးသို့ ရောက်သည်ဖြစ်၍ အလုံးစုံသော ခန္ဓာ၌ စွဲလမ်းသော တဏှာမှ လွတ်မြောက်သော စိတ်ရှိသည် ဖြစ်၍ တစ်ဖန် မွေးဖွားခြင်း၊ ရင့်ရော်ခြင်းသို့ မကပ်ရောက်လေလင့်။

**ခက်ဆစ်အဖြေ**

**ဘဝသုံးပါး၊** ။(၁) ကာမဘဝ ၊ (၂) ရူပဘဝ ၊ (၃) အရူပဘဝ တို့ ဖြစ်သည်။

## ရာဂမျက်လုံး အဆုံးအရှိ

### ၂၄၇– စူဠဓနုဂ္ဂဟဝတ္ထု

၃၄၉။ ကာမဝိတက် နှိပ်စက်ခြင်း ခံရသော၊ ထက်သော ရာဂရှိသော၊ တင့်တယ်လှ၏ဟု အဖန်တလဲလဲ ရှုလေ့ရှိသော သတ္တဝါအား စွဲလမ်းမှု တဏှာစိတ်သည် အလွန်တိုးပွား၏။ ထိုသူသည် မာရ်မင်း၏ အနှောင်အဖွဲ့ကို ခိုင်မြဲအောင် ပြုသည်မည်၏။

၃၅၀။ အကြင်သူသည် မိစ္ဆာဝိတက် ငြိမ်းခြင်း၌သာ မွေ့လျော်၏။ အခါခပ်သိမ်း သတိရှိသည် ဖြစ်၍ အသုဘအာရုံကို ပွားစေ၏။ ထိုသူသည်သာလျှင် မာရ်နတ်၏ အနှောင်အဖွဲ့ကို ဖြတ်တောက်၏။

**ခက်ဆစ်အဖြေ**

**ကာမဝိတက်** = ကာမဂုဏ်ကို ကြံစည်မှု ၊

**မိစ္ဆာဝိတက်** = မှားယွင်းသော အကြံအစည် ၊

## ကိလေသာဆုံး ဘဝတုံး

### ၂၄၈– မာရဝတ္ထု

၃၅၁။ ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ ရောက်ပြီးသောသူသည် ထိတ်လန့်ခြင်း မရှိပေ။ တဏှာစိတ်ဓာတ် ကင်းပြတ်၏။ ကိလေသာစိတ်ဓာတ်လည်း ကင်းပြတ်၏။ ဘဝသုံးပါးသို့ ရောက်ကြောင်း တဏှာစသော ငြောင့်တံသင်းတို့ကို ဖြတ်တောက်ပြီ။ ဤခန္ဓာသည် အဆုံးခန္ဓာတည်း။

၃၅၂။ တဏှာကင်းသော၊ စွဲလမ်းခြင်း မရှိသော၊ နိရုတ္တိပဋိသမ္ဘိဒါ၌ လိမ္မာသော၊ အက္ခရာအပေါင်းကိုလည်း သိသော၊ ရှေ့နောက် အက္ခရာကိုလည်းသိသော၊ နောက်ဆုံးကိုယ်ခန္ဓာရှိသော ထိုပုဂ္ဂိုလ်ကို ပညာရှိသူ ယောကျ်ားမြတ်ဟူ၍ သိအပ်၏။

**ခက်ဆစ်အဖြေ**

**ပဋိသမ္ဘိဒါ** = အရင်းအမြစ် သိအောင် ရှာဖွေ စစ်ဆေးတတ်သော ဉာဏ်ပညာ ၊

**ပဋိသမ္ဘိဒါလေးပါး၊** ။(၁) အနက်အဓိပ္ပာယ်ကို ထိုးထွင်း၍ သိခြင်း 'အတ္ထပဋိသမ္ဘိဒါ '၊ (၂) ဓမ္မသဘာဝကို ရှာဖွေစိစစ်၍ သိခြင်း ' ဓမ္မပဋိသမ္ဘိဒါ '၊ (၃) ဘာသာစကားတည်ဆောက်မှု သဒ္ဒါစည်းကမ်း နည်းလမ်းတို့ကို ထိုးထွင်းသိခြင်း ' နိရုတ္တိပဋိသမ္ဘဒါ '၊ (၄) အတ္ထ၊ ဓမ္မ၊ နိရုတ္တိ ပဋိသမ္ဘိဒါသုံးမျိုးကို အကျယ်ဝေဖန်၍ သိခြင်း ' ပဋိဘာနပဋိသမ္ဘိဒါ ' တို့ ဖြစ်သည်။

## ဘုရားမှာ ဆရာမရှိ

## ၂၄၉– ဥပကာဇီဝကဝတ္ထု

၂၄၉။ ငါသည် ခပ်သိမ်းသော တေဘူမကတရားတို့ကို နှိပ်နင်း၍ တည်၏။ အလုံးစုံသော တရားတို့ကို သိ၏။ အလုံးစုံသော တရားတို့၌ ကပ်ငြိတွယ်တာခြင်း မရှိပေ။ အလုံးစုံသော တေဘူမကတရားတို့ကို ပယ်စွန့်၏။ တဏှာအစွဲစိတ် ကုန်ခမ်းရာ အရဟတ္တဖိုလ်၌ ကိလေသာမှ လွတ်၏။ မိမိအလိုလို ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ အဘယ်သူ့ကို ငါ့ဆရာဟူ၍ ညွှန်ပြရအံ့နည်း။

## တရားအလှူ ဇမ္ဗူ့ အမြတ်ဆုံး

## ၂၅၀– သက္ကဒေဝရာဇဝတ္ထု

၃၅၄။ တရားတည်းဟူသော အလှူသည် အလှူအားလုံးကို အောင်နိုင်၏။ တရားတည်းဟူသော အရသာသည် အရသာအားလုံးတို့ကို အောင်နိုင်၏။ တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ဖွယ်အားလုံးကို အောင်နိုင်၏။ တဏှာကုန်ရာ အရဟတ္တဖိုလ်သည် ခပ်သိမ်းသော ဆင်းရဲကို အောင်နိုင်၏။

## လုမိုက် ဥစ္စာ မသာလက်နက်

## ၂၅၁–အပုတ္တကသေဋ္ဌိဝတ္ထု

၃၅၅။ စည်းစိမ်ဥစ္စာ အဖြာဖြာတို့သည် ပညာမဲ့သူတို့ကို သတ်တတ်ကုန်၏။ ထိုဥစ္စာတို့ဖြင့် နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်သို့ ရှာဖွေခြင်း မဖြစ်ပေ။ ပညာမဲ့သူသည် စည်းစိမ်၌ တပ်မက်သော တဏှာဖြင့် သူတစ်ပါးကို သတ်ပုတ်ညှဉ်းဆဲသကဲ့သို့ မိမိကိုယ်ကိုလည်း သတ်ပုတ်ညှဉ်းဆဲလေ၏။

## လယ်ယာဖျက်တော့ မြက် ၊ သတ္တဝါဖျက်တော့ ရမ္မက်

## ၂၅၂– အင်္ကုရဝတ္ထု

၃၅၆။ ပေါင်းမြက်တို့သည် လယ်ယာတို့ကို ဖျက်ဆီးကုန်၏။ ရာဂစိတ်သည် ဤသတ္တဝါတို့ကို ဖျက်ဆီးကုန်၏။ ထို့ကြောင့် ရာဂကင်းသော ပုဂ္ဂိုလ်တို့အား လှူဒါန်းခြင်းသည် ကြီးသော အကျိုးရှိ၏။

၃၅၇။ ပေါင်းမြက်တို့သည် လယ်ယာတို့ကို ဖျက်ဆီးကုန်၏။ ဒေါသစိတ်သည် ဤသတ္တဝါတို့ကို ဖျက်ဆီးကုန်၏။ ထို့ကြောင့် ဒေါသကင်းသော ပုဂ္ဂိုလ်အား လှူဒါန်းခြင်းသည် ကြီးသော အကျိုးရှိ၏။

၃၅၈။ ပေါင်းမြက်တို့သည် လယ်ယာတို့ကို ဖျက်ဆီးကုန်၏။ မောဟစိတ်သည် ဤသတ္တဝါတို့ကို ဖျက်ဆီးကုန်၏။ ထို့ကြောင့် မောဟကင်းသော ပုဂ္ဂိုလ်တို့အား လှူဒါန်းခြင်းသည် ကြီးသော အကျိုးရှိ၏။

၃၅၉။ ပေါင်းမြက်တို့သည် လယ်ယာတို့ကို ဖျက်ဆီးကုန်၏။ အလိုရမ္မက်စိတ်သည် ဤသတ္တဝါတို့ကို ဖျက်ဆီးကုန်၏။ ထို့ကြောင့် အလိုရမ္မက်ကင်းသော ပုဂ္ဂိုလ်တို့အား လှူဒါန်းခြင်းသည် ကြီးသော အကျိုးရှိ၏။

# ၂၅။ ဘိက္ခုဝဂ်

## ချမ်းသာလို ဒွါရကို ထိန်း

## ၂၅၃– ပဉ္စဘိက္ခုဝတ္ထု

၃၆၀။ မျက်စိ၌ ဖြစ်သော မကောင်းမှုကို စောင့်ထိန်းခြင်းသည် ကောင်း၏။ နား၌ ဖြစ်သော မကောင်းမှုကို စောင့်ထိန်းခြင်းသည် ကောင်း၏။ နှာခေါင်း၌ ဖြစ်သော မကောင်းမှုကို စောင့်ထိန်းခြင်းသည် ကောင်း၏။ လျှာ၌ ဖြစ်သော မကောင်းမှုကို စောင့်ထိန်းခြင်းသည် ကောင်း၏။

၃၆၁။ ကိုယ်၌ ဖြစ်သော မကောင်းမှုကို စောင့်စည်းခြင်းသည် ကောင်း၏။ နှုတ်၌ ဖြစ်သာ မကောင်းမှုကို စောင်စည်းခြင်းသည် ကောင်း၏။ အလုံးစုံသော ဒွါရတိုဌ် ဖြစ်သော မကောင်းမှုကို စောင့်စည်းခြင်းသည် ကောင်း၏။ အလုံးစုံသော ဒွါရတို့၌ ဖြစ်သော မကောင်းမှုကို စောင့်စည်းသော ရဟန်းသည် ဆင်းရဲအားလုံးမှ လွတ်မြောက်၏။

## ရဟန်းတို့ သဘာဝ စောင့်စည်းမှ

## ၂၅၄– ဟံသဃာတကဘိက္ခုဝတ္ထု

၃၆၂။ အကြင်သူသည် လက်ကို စောင့်စည်း၏။ ခြေကို စောင့်စည်း၏။ နှုတ်ကို စောင့်စည်း၏။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၌ မွေ့လျော်၏။ စိတ်တည်ကြည်၏။ တစ်ယောက်တည်း နေတတ်၏။ ရသမျှ ရောင့်ရဲနိုင်၏။ ထိုပုဂ္ဂိုလ်ကို ရဟန်းဟု ဆိုကုန်၏။

## သဒ္ဒါတက်မှ အနက်သေချာ

## ၂၅၅– ကောကာလိကဝတ္ထု

၃၆၃။ အကြင်ရဟန်းသည် နှုတ်ကို စောင့်စည်းလေ့ရှိ၏။ ပညာဖြင့် ဆင်ခြင်၍ ပြောဆိုလေ့ရှိ၏။ မပျံ့လွင့်သော စိတ်ရှိ၏။ အတ္ထာလက်ာရဟု ဆိုအပ်သော အနက်အဓိပ္ပာယ်ကို တန်ဆာဆင်၍လည်းကောင်း၊ သဒ္ဒါလင်္ကာရဟုဆိုအပ်သော ဝါစာဗေဒကို တန်ဆာဆင်၍လည်းကောင်း ဟောပြောနိုင်၏။ ထိုရဟန်း၏ ဟောပြောချက်သည် သာယာချိုမြိန်လှပေ၏။

## တရား မမေ့မှ တရားတွေ့

## ၂၅၆– ဓမ္မာရာမတ္ထေရဝတ္ထု

၃၆၄။ တရားဓမ္မလျှင် မွေ့လျော်ရာရှိသော၊ တရားဓမ္မ၌ မွေ့လျော်တတ်သော၊ တရားဓမ္မကို အဖန်ဖန်ကြံစည်တတ်သော၊ တရားဓမ္မကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ ဆုတ်ယုတ်ခြင်း မရှိပေ။

## လာဘ်ကိုကြည့် သမာဓိမရ

## ၂၅၇– ဝိပက္ခသေဝကဘိက္ခုဝတ္ထု

၃၆၅။ မိမိရရှိနေသော လာဘ်လာဘကို မထီမဲ့မြင် မအောက်မေ့ရာ။ သူတပါးရရှိနေသော လာဘ်လာဘကို ကြည့်၍လည်း မြတ်နိုးအားကျ မနေရာ။ သူတစ်ပါးလာဘ်ကို အားကျနေသူသည် စိတ်တည်ငြိမ်မှုကို မရရှိနိုင်ချေ။

၃၆၆။ ရဟန်းသည် လာဘ်လာဘနည်းသော်လည်း မိမိ၏ လာဘ်လာဘကို မထီမဲ့မြင် မအောက်မေ့ငြားအံ့။ စင်ကြယ်သော အသက်မွေးခြင်းရှိသော၊ မပျင်းရိသော ထိုရဟန်းကို နတ်တို့သည် ချီးမွမ်းကုန်၏။

## နာမ်ရုပ်ဖြစ်စဉ် မခင်တွယ်နှင့်

## ၂၅၈– ပဉ္စဂ္ဂဒါယကဗြာဟ္မဏဝတ္ထု

၃၆၇။ အကြင်ပုဂ္ဂိုလ်အား နာမ်ရုပ်တရား အားလုံးတို့၌ ငါ– ငါ၏ဥစ္စာဟူ၍ မြတ်နိုးစွဲလမ်းခြင်း မရှိပေ။ ထိုရုပ်နာမ်တရားတို့ ချုပ်ပျက်သွားသော်လည်း စိုးရိမ်ခြင်း မရှိပေ။ စင်စစ်အားဖြင့် ထိုပုဂ္ဂိုလ်ကို ရဟန်းဟူ၍ ဆိုအပ်ပေ၏။

## ခန္ဓာကိုယ် ယိုထွက် မိစ္ဆာရေပက်

## ၂၅၉– သောဏကောဋိကဏ္ဏဝတ္ထု

၃၆၈။ အကြင်ရဟန်းသည် မေတ္တာစိတ်ဖြင့် နေလေ့ရှိ၏။ ဘုရား၏ သာသနာတော်၌ ကြည်ညို၏။ ထိုရဟန်းသည် ငြိမ်သက်လှစွာသော သင်္ခါရတရားတို့၏ ငြိမ်းရာ ချမ်းမြေ့စွာသော နိဗ္ဗာန်ကို ရနိုင်၏။

၃၆၉။ ရဟန်း– ဤခန္ဓာကိုယ်တည်းဟူသော လှေမှ ယိုထွက်နေသော မိစ္ဆာဝိတက်တည်းဟူသော ရေကို ပက်ထုတ်ပစ်လေလော့။ ထိုသို့ သွန်ပက်ပြီးလျှင် သင်၏ ခန္ဓာကိုယ်တည်းဟူသော လှေသည် နိဗ္ဗာန်ကမ်းဆိပ်သို့ လျင်မြန်စွာ သွားရောက်နိုင်လတ္တံ့။

၃၇၀။ အောက်ပိုင်း သံယောဇဉ်ငါးပါးကို အောက်မဂ်သုံးခုဖြင့် ဖြတ်ရာ၏။ အထက်ပိုင်း သံယောဇဉ်ငါးပါးကို အရဟတ္တမဂ်ဖြင့် ပယ်ခွာရာ၏။ သဒ္ဓါစသော ဣန္ဒြေငါးပါးကို အလွန်ပွားများရာ၏။ ငြိတွယ်ခြင်း ငါးပါးမှ လွန်မြောက်သော ရဟန်းကို သံသရာဝဲဂယက်မှ လွတ်မြောက်သူဟူ၍ ဆိုအပ်၏။

၃၇၁။ ရဟန်း– အနိစ္စစသည်ဖြင့် ရှုမြင်လော့။ မမေ့မလျော့ပါလင့်။ သင်၏စိတ်ကို ကာမဂုဏ်သဘော၌ မမွေ့လျော်ပါစေလင့်။ မေ့လျော့သည်ဖြစ်၍ သံတွေခဲကို မမျိုလင့်။ ကိလေသာမီးလောင်သည်ရှိသော် ဤသို့ အလောင်ခံရခြင်းသည် ဆင်းရဲပေစွဟု မမည်တမ်းရပါစေလင့်။

၃၇၂။ ပညာမဲ့သောသူသည် အနိစ္စသဘောကို ရှုမြင်ခြင်းမရှိ။ ထိုသို့ မရှုမြင်သောသူအား ဝိပဿနာပညာ မရှိပေ။ အကြင်ပုဂ္ဂိုလ်၌ အနိစ္စသဘာဝကို ရှုမြင်ခြင်းသည်လည်းကောင်း၊ ဝိပဿနာပညာသည်လည်းကောင်း ရှိ၏။ ထိုပုဂ္ဂိုလ်သည် စင်စစ် နိဗ္ဗာန်နှင့် နီး၏။

၃၇၃။ ဆိတ်ငြိမ်ရာ အရပ်သို့ ဝင်သော၊ ငြိမ်သက်သော စိတ်ရှိသော၊ တရားသဘောကို ဆင်ခြင်ရှုမြင်သောသူအား လူသာမန်တို့နှင့် မထိုက်တန်သော မဂ်ဖိုလ်ဖြင့် မွေ့လျော်ခြင်းသည် ဖြစ်၏။

၃၇၄။ အကြင်အခါ၌ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သုံးသပ်ဆင်ခြင်၏။ ထိုအခါ၌ နှစ်သက်ဝမ်းမြောက်ခြင်းကို ရ၏။ ဤနှစ်သက်ဝမ်းမြောက်ခြင်းသည်ပင် တရားမှန်ကို သိသော ပညာရှိတို့အဖို့ နိဗ္ဗာန်ရောက်ကြောင်းပေတည်း။

၃၇၅။ ဤသာသနာတော်၌ ဣန္ဒြေတို့ကို စောင်းထိန်းခြင်း၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလတည်းဟူသော သီလနှစ်ပါးတို့၌ ရောင့်ရဲခြင်းသည်လည်းကောင်း၊ ပါတိမောက္ခသံဝရသီလ၌ စောင့်စည်းခြင်းသည်လည်းကောင်း၊ ဤစတုပါရိသုဒ္ဓိသီလသည် သာသနာတော်၌ ပညာရှိသော ရဟန်းအား နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်၌ အစအဦးပေတည်း။

၃၇၆။ သဒ္ဓါစသော ဂုဏ်တို့ကြောင့် ကောင်းကုန်သော၊ စင်ကြယ်သော အသက်မွေးခြင်းရှိကုန်သော၊ မပျင်းမရိသော အဆွေခင်ပွန်းတို့ကို ဆည်းကပ်လေလော့။ အာမိသပဋိသန္ထာရ၊ ဓမ္မပဋိသန္ထာရတို့ဖြင့် ပြည့်စုံရာ၏။ ကျင့်ဝတ်သီလတို့၌ လိမ္မာရာ၏။ ထိုအကြောင်းတို့ကြောင့် ဝမ်းမြောက်ခြင်း များသည်ဖြစ်၍ ဆင်းရဲ၏ အဆုံးကို ပြုရလတ္တံ့။

**ခက်ဆစ်အဖြေ**

**အောက်ပိုင်း သံယောဇဉ်ငါးပါး၊** ။ (၁) ဒိဋ္ဌိသံယောဇဉ်၊ (၂) ဝိစိကိစ္ဆာသံယောဇဉ်၊ (၃) သီလဗ္ဗတပရာမာသသံယောဇဉ်၊ (၄) ကာမရာဂသံယောဇဉ်၊ (၅) ဗျာပါဒသံယောဇဉ် တို့ ဖြစ်သည်။

**အောက်မဂ်သုံးခု၊** ။ (၁) သောတာပတ္တိမဂ်၊ (၂) သကဒါဂါမိမဂ်၊ (၃) အနာဂါမိမဂ်တို့ ဖြစ်သည်။

**အထက်ပိုင်း သံယောဇဉ်ငါးပါး ၊** ။ (၁) ရူပရာဂသံယောဇဉ်၊ (၂) အရူပရာဂသံယောဇဉ်၊ (၃) မာနသံယောဇဉ်၊ (၄)ဥဒ္ဓစ္စသံယောဇဉ်၊ (၅) အဝိဇ္ဇာသံယောဇဉ် တို့ ဖြစ်သည်။

သဒ္ဓါစသော ဣန္ဒြေငါးပါး၊ ။ (၁) သဒ္ဓိန္ဒြေ၊ (၂) ဝီရိယိန္ဒြေ၊ (၃) သတိန္ဒြေ၊ (၄) သမာဓိန္ဒြေ၊ ပညိန္ဒြေ တို့ ဖြစ်သည်။

**ငြိတွယ်ခြင်းငါးပါး၊** ။ (၁) စွဲငြိခြင်း ' လောဘ '၊ (၂) ပြစ်မှားခြင်း ' ဒေါသ '၊ (၃) မသိခြင်း 'မောဟ '၊ (၄) ထောင်လွှားခြင်း ' မာန '၊ (၅) အယူမှားခြင်း ' ဒိဋ္ဌိ ' တို့ ဖြစ်သည်။

**အာဇီဝပါရိသုဒ္ဓိသီလ** = အပြစ်မရှိ စင်ကြယ်သော အသက်မွေး ဝမ်းကြောင်းမှု ၊

**ပါတိမောက္ခသံဝရသီလ** = သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းစေတတ်သော အခြေခံကျင့်ဝတ်များ၊ အာပတ်ခုနစ်ပုံ ၊

**အာမိသပဋိသန္ထာရ** = ပစ္စည်းဥစ္စာဖြင့် ချောမောပြေပြစ်အောင် လက်ဆောင်ပဏ္ဏာပြုသည်။

**ဓမ္မပဋိသန္ထာရ** = တရားစကားဖြင့် သွန်သင်ဆုံးမ နည်းလမ်းပြမှု၊ အကြံပေးမှု ပြုလုပ်ခြင်း ၊

## ပန်းပွင့်မျိုး ညှိုးလျှင် ကြွေ

## ၂၆၀– ပဋ္ဌသတဘိက္ခုဝတ္ထု

၃၇၇။ မုလေးပန်းပင်တို့သည် ရင့်ရော်ညှိုးနွမ်းသော အပွင့်တို့ကို စွန့်လွှတ်ခြွေချကုန်သကဲ့သို့ ထို့အတူ ရာဂကိုလည်းကောင်း၊ ဒေါသကိုလည်းကောင်း စွန့်လွှတ်ကြကုန်လော့။

## လောကီသတ်မှ မြတ်ရဟန်း

## ၂၆၁– သန္တကာယတ္ထေရဝတ္ထု

၃၇၈။ ကောင်းစွာ တည်ကြည်သည်ဖြစ်၍ ငြိမ်သက်သော ကိုယ်၊ ငြိမ်သက်သော နှုတ်၊ ငြိမ်သက်သော စိတ်ရှိသော၊ လောကီစိမ်ဥစ္စာ အရိုက်အဝါတို့ကို ထွေ းအန်ပြီးသော ရဟန်းကို ငြိမ်းချမ်းသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်လေသည်။

## ကိုယ့်အားကိုယ် ကိုး ၊ ကိုယ့်စိတ်ကိုယ် နှိုး

## ၂၆၂– နင်္ဂလတ္ထေရဝတ္ထု

၃၇၉။ ရဟန်း မိမိကိုယ်ကို တိုက်တွန်း နှိုးဆော်လေလော့။ မိမိကိုယ်ကို ဆင်ခြင်သုံးသပ်လော့။ သင်သည် ဤသို့ မိမိကိုယ်ကို နှိုးဆော်၍ သုံးသပ်သည်ရှိသော် မိမိကိုယ်ကို လုံခြုံစေသည်ဖြစ်၍ သတိရှိသူ ဖြစ်သဖြင့် ချမ်းသာစွာ နေရလတ္တံ့။

၃၈၀။ မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်၏။ တစ်ပါးသောသူသည် အဘယ်မှာလျှင် ကိုးကွယ်ရာ ဖြစ်ပါအံ့နည်း။ မိမိသည်သာလျှင် မိမိ၏ လည်းလျောင်းရာဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် မြင်းကောင်းကို စောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို စောင့်ရှောက်ရာ၏။

## သာသနာ ကြည်ညိုမှ မဂ်ဖိုလ်နှင့် နီး

### ၂၆၃– ဝက္ကလိတ္ထေရဂါထာ

၃၈၁။ ဝမ်းမြောက်ခြင်း များသော၊ ဘုရားရှင်သာသနာတော်၌ ကြည်ညိုသော ရဟန်းသည် သင်္ခါရတရားတို့၏ ငြိမ်းရာ ငြိမ်သက် ချမ်းမြေ့သော နိဗ္ဗာန်ကို ရရာ၏။

## တရားလိုချင် ငယ်စဉ်ကလုပ်

### ၂၆၄– သုမနသာမဏေရဂါထာ

၃၈၂။ အကြင်ရဟန်းသည် အရွယ်နုငယ်သော်လည်း မြတ်စွာဘုရား သာသနာတော် လုံ့လကြိုးကုတ် အားထုတ်၏။ ထိုရဟန်းသည် တိမ်တိုက်မှ လွတ်ကင်းသော လမင်းကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။

# ၂၆။ ဗြဟ္မဏဝဂ်

## ကာမဂုဏ်ပယ် တဏှာနယ်ကလွတ်

### ၂၆၅– ပသာဒဗဟုလဗြာဟ္မဏဝတ္ထု

၃၈၃။ အို– သူတော်ကောင်းတို့၊ တဏှာတည်းဟူသော ရေအလျဉ်ကို ဖြတ်ပယ်လော့။ လုံ့လပြု၍ ကာမတို့ကို ပယ်နှုတ်လော့။ သင်္ခါရတို့၏ ကုန်ရာကို သိ၍ မပြုပြင်အပ်သော နိဗ္ဗာန်ကို သိလော့။ ရဟန္တာဖြစ်လေလော့။

## သမထ ဝိပဿနာ သံယောဇဉ် ခွာကြောင်း

### ၂၆၆– သမ္ဗဟုလဘိက္ခုဝတ္ထု

၃၈၄။ အကြင်အခါ၌ သူတော်ကောင်းဖြစ်သော သူတို့သည် နှစ်ပါးကုန်သော သမထ ဝိပဿနာ တရားတို့၌ တစ်ဖက်ကမ်းခတ် ပေါက်ရောက်၏။ ထိုအခါ၌ တရားမှုကို သိသော သူတော်ကောင်းအား ခပ်သိမ်းသော ကာမရာဂသံယောဇဉ်စသည်တို့သည် ချုပ်ငြိမ်းကုန်၏။

## အာယတနစွဲ အမြဲရှောင်

### ၂၆၇– မာရဝတ္ထု

၃၈၅။ အကြင်ပုဂ္ဂိုလ်အား အတွင်းအာယတနခြောက်ပါးတည်းဟူသော ဤမှာဘက်သည်လည်းကောင်း၊ အပြင်အာယတနခြောက်ပါးတည်းဟူသော ဟိုမှာဘက်သည်လည်းကောင်း ၊ ကမ်းနှစ်ဖက်စလုံးသည်လည်းကောင်း မရှိပေ။ ပူပန်ခြင်း ကင်းသော၊ ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## အပျက်ကြည့်မှ အသိမြတ်

### ၂၆၈– အညတရဗြာဟ္မဏဝတ္ထု

၃၈၆။ အနိစ္စစသော လက္ခဏာကို ရှုမြင်လေ့ရှိသော၊ ကိလေသာမြူကင်းလျက် နေထိုင်လေ့ရှိသော၊ ရဟန်းကိစ္စပြုပြီးသော၊ အာသဝကင်းကွာပြီးသော၊ အရဟတ္တဖိုလ်ကို ရောက်

ပြီးသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## အဖြစ်တစ်မျိုး တန်ခိုးကိုယ်စီ
## ၂၆၉– အာနန္ဒတ္ထေရဝတ္ထု

၃၈၇။ နေမင်းသည် နေ့အခါ၌သာလျှင် တင့်တယ်၏။ လမင်းသည် ညအခါ၌သာလျှင် တင့်တယ်၏။ ပြည့်ရှင်မင်းသည် မင်းမြောက်တန်ဆာများ ဆင်ယင်ထားမှသာလျှင် တင့်တယ်၏။ ရဟန္တာသည် ဈာန်ဝင်စားမှသာလျှင် တင့်တယ်၏။ ဘုရားရှင်သည် အလုံးစုံသောနေ့ ညဥ့်တို့ပတ်လုံး တန်ခိုးတော်အရောင်ဖြင့် တင့်တယ်ပေ၏။

## မကောင်းမှုကိုထိန်း စိတ်ငြိမ်းအောင်ကျင့်
## ၂၇၀– ဗြာဟ္မဏပဗ္ဗဇိတဝတ္ထု

၃၈၈။ မကောင်းမှုကို အပပြုပြီးသည်၏ အဖြစ်ကြောင့် ဗြာဟ္မဏဟူ၍ ဆိုအပ်၏။ မကောင်းမှုကို ငြိမ်းစေတတ်သော အကျင့်ရှိသည်၏ အဖြစ်ကြောင့် သမဏဟူ၍ ဆိုအပ်၏။ မိမိ၏ ကိလေသာအညစ်အကြေးကို ပယ်ထုတ်သည်၏ အဖြစ်ကြောင့် ပဗ္ဗဇိတဟူ၍ ဆိုအပ်၏။

## ဒေါသသတ်မှ အမြတ်ပုဂ္ဂိုလ်
## ၂၇၁– သာရိပုတ္တတ္ထေရဝတ္ထု

၃၈၉။ သူတော်ကောင်းသည် အခြားသူတော်ကောင်းအား မပုတ်ခတ်ရာ။ သူတော်ကောင်းသည် မိမိကို ပုတ်ခတ်သူအား အမျက်မထွက်ရာ။ သူတော်ကောင်းအား ပုတ်ခတ်ခြင်းသည် စက်ဆုတ်ဖွယ် ဖြစ်၏။ ပုတ်ခတ်ခံရသဖြင့် အမျက်ထွက်သူသည်လည်း စက်ဆုတ်ဖွယ် ဖြစ်၏။

၃၉၀။ စိတ်သည် မချစ်ခင် မနှစ်သက်သူ အပေါ်၌ ထားရှိသော ဒေါသကို မတားမြစ်နိုင်ခြင်းသည် သူတော်ကောင်းအတွက် မမြတ်ပေ။ အကြင်အကြင်ဝတ္ထု၌ ညှဥ်းဆဲလိုသော စိတ်သည် ဆုတ်နစ်၏။ ထိုထိုဝတ္ထု၌ ဆင်းရဲခြင်းသည် ငြိမ်းသည်သာတည်း။

## စိတ် နှုတ် ကိုယ် လူကိုထိန်း
## ၂၇၂– မဟာပဇာပတိဂေါတမီဝတ္ထု

၃၉၁။ အကြင်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းသော အမှုကို ပြုလုပ်ခြင်း မရှိပေ။ ကိုယ် နှုတ် စိတ် သုံးပါးလုံးဖြင့် စောင့်ရှောက်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## ဆရာ့ကျေးဇူး အထူးသိစေ
## ၂၇၃– သာရိပုတ္တတ္ထေရဝတ္ထု

၃၉၂။ အကြင်ဆရာထံမှ ဘုရားရှင်ဟောကြားသော တရားတော်ကို သိရငြားအံ့။ ပုဏ္ဏားသည် မီးကို ပူဇော်သကဲ့သို့ ထိုဆရာကို ရိုသေစွာ ရှိခိုးရာ၏။

## သစ္စာသိမှ ဓမ္မပိုင်ရှင်

### ၂၇၄– ဇဋိလဗြာဟ္မဏဝတ္ထု

၃၉၃။ ဆံကျစ်ထုံးကာမျှဖြင့်လည်းကောင်း၊ အနွယ်စစ်ကာမျှဖြင့်လည်းကောင်း၊ အမျိုးဇာတ် မှန်ကာမျှဖြင့်လည်းကောင်း ဗြာဟ္မဏမဖြစ်ထိုက်ပေ။ အကြင်ပုဂ္ဂိုလ်သည် သစ္စာဉာဏ်နှင့် လောကုတ္တရာတရားကို သိ၏။ ထိုပုဂ္ဂိုလ်သည်သာလျှင် စင်ကြယ်သူလည်း ဖြစ်၏။ ဗြာဟ္မဏ လည်း ဖြစ်၏။

## အရှုတ္တ အလှဆင်

### ၂၇၅– ဝဂ္ဂုလိဝတ ဗြာဟ္မဏဝတ္ထု

၃၉၄။ ပညာမဲ့သူ– သင့်အား ဆံကျစ်ထုံးခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ သစ်နက်ရေကို ဝတ်ခြင်းဖြင့် သင့်အား အဘယ်အကျိုး ရှိအံ့နည်း။ သင်၏ကိုယ်တွင်း၌ ကိလေသာဟူသော တောအုပ်ကြီး ရှိနေ၏။ ပြင်ကိုသာ သင်သုတ်သင်နေဘိ၏။

## ခေါင်းပါးသူ ပံသုကူဝတ်

### ၂၇၆– ကိသဂေါတမီဝတ္ထု

၃၉၅။ ပံသုကူသင်္ကန်းကို ဝတ်ရုံသော၊ ကြုံလှီသော၊ အကြောပြိုင်းပြိုင်းထသော၊ တောထဲ၌ တစ်ယောက်တည်း ဈာန်ဝင်၍ နေလေ့ရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ငါဘုရား ဟောကြားတော်မူ၏။

#### ခက်ဆစ်အဖြေ

**ပံသုကူသင်္ကန်း** = လူများလွှင့်ပစ်ထားသော ဖုံပေသည့် အဝတ်စုတ်တို့ကို စု၍ ချုပ်ထားသော သင်္ကန်း ၊

## ကိလေသာပွား ပုဏ္ဏားမဟုတ်

### ၂၇၇– ဧကဗြာဟ္မဏဝတ္ထု

၃၉၆။ ပုဏ္ဏားမျိုး၌ ဖြစ်၍ ပုဏ္ဏေးမမှ ဖွားမြင်သောသူကို ဗြာဟ္မဏဟူ၍ ငါဘုရား မဟောပေ။ ထိုပုဏ္ဏားသည် ရာဂစသော ကြောင့်ကြမှုရှိလျှင် ဘောဝါဒီအမည်ရှိ၏။ ထို့ကြောင့် ကိလေသာဟူသော စွဲလမ်းခြင်း မရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## သံယောဇဉ်ဖြတ် စိတ်ဓာတ်အောင်ပွဲ

### ၂၇၈– ဥဂ္ဂသေနဝတ္ထု

၃၉၇။ အကြင်ပုဂ္ဂိုလ်သည် သံယောဇဉ်အားလုံးကို ပယ်ဖြတ်၍ ထိတ်လန့် ပူပန်ခြင်း မရှိပေ။ ကပ်ငြိတတ်သော ကိလေသာကို ကျော်လွန်သော၊ ကိလေသာနှင့် မယှဉ်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## လှည်းအိုကိုဖျက် မြို့ဘက်ကိုဝင်

## ၂၇၉– ဒွေဗြာဟ္မဏဝတ္ထု

၃၉၈။ ဒေါသနှောင်ကြိုးကိုလည်းကောင်း၊ တဏှာနှောင်ကြိုးကိုလည်းကောင်း၊ အနုသယနှင့်တကွ မိစ္ဆာဒိဋ္ဌိဟူသော လှည်းကိုလည်းကောင်း၊ ဖျက်၍ အဝိဇ္ဇာဟူသော တံခါးကျည်မင်းတုပ်ကို ဖြုတ်ပြီးလျှင် သစ္စာလေးပါးကို သိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရားဟောကြားတော်မူ၏။

### ခက်ဆစ်အဖြေ

**အနုသယ** = အကြောင်းတစ်စုံတစ်ခုနှင့် ပေါင်းဆုံမိက အဆင်သင့် ဖြစ်ပေါ်ရန် သတ္တဝါတို့ သန္တာန်၌ ကိန်းဝပ်နေသော တရား ။

**အနုသယခုနစ်ပါး၊** ။ (၁) ကာမဂုဏ်၌ တပ်နှစ်သက်သော ' ကာမရာဂါနုသယ '၊ (၂) ဘဝ၌ တပ်နှစ်သက်သော ' ဘဝရာဂါနုသယ '၊ (၃) မောက်ကြွား ထောင်လွှားခြင်း ' မာနာနုသယ '၊ (၄) ပြစ်မှားကြမ်းကြုတ်ခြင်း ' ပဋိဃာနုသယ '၊ (၅) မှားသော အယူဝါဒကို ယူခြင်း ' ဒိဋ္ဌာနုသယ '၊ (၆) ရတနာသုံးပါး၌ တွေးတောယုံမှားခြင်း ' ဝိစိကိစ္ဆာနုသယ '၊ (၇) အမှန်တားကို မသိခြင်း ' အဝိဇ္ဇာနုသယ ' တို့ဖြစ်သည်။

## ဆဲလျှင် သည်းခံ ရန်မူလျှင် အမျက်မထွက်

## ၂၈၀– အက္ကောသဘာရဒ္ဒါဇဝတ္ထု

၃၉၉။ အကြင်သူသည် ဆဲရေးခြင်းကိုလည်းကောင်း၊ ညှဉ်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်းကိုလည်းကောင်း အမျက်မထွက်ဘဲ သည်းခံ၏။ သည်းခံခြင်းတည်းဟူသော ဗိုလ်ထုရှိသော၊ သည်းခံခြင်းဟူသော ရဲမက်ရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## တဏှာသုဉ်းတော့ နောက်ဆုံးဘဝ

## ၂၈၁– သာရိပုတ္တတ္ထေရဝတ္ထု

၄၀၀။ အမျက် မထွက်သော၊ ဓုတင်အကျင့်ရှိသော၊ သီလနှင့် ပြည့်စုံသော၊ တဏှာဟူသော ပြန့်ပြောခြင်း မရှိသော၊ ယဉ်ကျေးသော၊ အဆုံးစွန်သော ကိုယ်ခန္ဓာရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

### ခက်ဆစ်အဖြေ

**ဓုတင်** = ကိလေသာကို ပယ်ရန် ကျင့်ခြင်း ။

**ဓုတင် ၁၃–ပါး၊** ။ (၁) ပံသုကူသင်္ကန်းကို ဝတ်ရုံခြင်း ' ပံသုကူဓုတင် '၊ (၂) သုံးထည်သောသင်္ကန်းကို ဆောင်ခြင်း ' တိစီဝရိက်ဓုတင် '၊ (၃) ဆွမ်းခံ၍ ရသော ဆွမ်းကို သုံးဆောင်ခြင်း ' ပိဏ္ဍပါတ်ဓုတင် '၊ (၄) အိမ်စဉ် မကျော်မလုပ်ဘဲ ရပ်၍ ရသော ဆွမ်းကို သုံးဆောင်ခြင်း ' သပဒါနဓုတင် '၊ (၅) တစ်နေရာတည်း၌ တစ်ထိုင်တည်းစားသုံးခြင်း ' ဧကာသနိက်ဓုတင် '၊ (၆) တစ်ခွက်တည်း၌ ထည့်၍ စားသုံးခြင်း ' ပတ္တပိုဏ်ဓုတင် '၊ (၇) အတိရက်ဝိနည်းကံဆွမ်းကို ပယ်ခြင်း ' ခလုပစ္ဆာဓုတင် '၊ (၈) တောရကျောင်း၌ နေခြင်း ' အရညကင်ဓုတင် '၊ (၉) သစ်ပင်ရင်း၌ နေခြင်း ' ရုက္ခမူဓုတင် '၊ (၁၀) လွန်တီးခေါင်၌ နေခြင်း ' အဗ္ဘောကာသိကဓုတင် '၊ (၁၁) သုသာန်၌ နေခြင်း ' သုသာနဓုတင် '၊ (၁၂) နေရာကောင်းကျောင်းကောင်းကို ပယ်၍ ဖြစ်စဉ်အတိုင်း နေထိုင်ခြင်း ' ယထာသန္တတိဓုတင် '၊ (၁၃) အိပ်ခြင်းကိုပယ်၍ ထခြင်း ထိုင်ခြင်း သွားခြင်းဖြင့် နေထိုင်ခြင်း ' နေသဇ္ဇိဓုတင် ' တို့ ဖြစ်သည်။

## ကာမစွဲပျက် ကြာဖက် ရေမတင်

### ၂၈၂– ဥပ္ပလဝဏ္ဏာထေရီဝတ္ထု

၄၀၁။ ကြာဖက်ပေါ်တွင် ရေမတင်သကဲ့သို့လည်းကောင်း၊ ပွတ်ဆောက်ဖျားတွင် မုန်ညင်းစေ့မတင်နိုင်သကဲ့သို့လည်းကောင်း၊ အကြင်ပုဂ္ဂိုလ်သည် ကာမဂုဏ်တို့၌ လိမ်းကျံခြင်း မရှိ။ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## ခန္ဓဝန်ချ ဘဝမြတ်သူ

### ၂၈၃– အညတရဗြာဟ္မဏဝတ္ထု

၄၀၂။ အကြင်ပုဂ္ဂိုလ်သည် ဤဘဝ၌ပင်လျှင် မိမိ၏ ဆင်းရဲကုန်ရာ နိဗ္ဗာန်ကို သိ၏။ ချအပ်ပြီးသော ခန္ဓာဝန်ရှိသော ၊ ကိလေသာနှင့် မယှဉ်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## ပညာနက်တော့ မိုးကြိုးစက်လို

### ၂၈၄– ခေမာဘိက္ခုနီဝတ္ထု

၄၀၃။ နက်နဲသော ပညာရှိသော၊ မိုးကြိုးစက်ကဲ့သို့ ထက်မြက်သော ဉာဏ်ရှိသော၊ မဂ်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## အပေါင်းများ တရားပျက်

### ၂၈၅– ပဗ္ဘာရဝါသီတိဿတ္ထေရဝတ္ထု

၄၀၄။ လူတို့နှင့်လည်းကောင်း၊ ရဟန်းတို့နှင့်လည်းကောင်း၊ နှစ်ပါးစုံတို့နှင့် မရောနှောသော၊ တဏှာကင်းကြောင်း အကျင့်ရှိသော၊ အလိုရမ္မက်နည်းသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## လူသတ်သမား ဘုရားမကြိုက်

### ၂၈၆– အညတရဘိက္ခုဝတ္ထု

၄၀၅။ အကြင်ပုဂ္ဂိုလ်သည် ထိတ်လန့်တတ်သော၊ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့၌လည်းကောင်း၊ မကြောက်မလန့် တည်တံ့မြဲမြံကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၌လည်းကောင်း၊ တုတ်လှံတန်ကို မယူပစ်ထား ပယ်ရှားသည်ဖြစ်၍ မိမိလည်း မသတ်။ သူတစ်ပါးကိုလည်း မသတ်စေ။ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## ရန်ငြိုးမဖွဲ့ တကယ့်ပုဂ္ဂိုလ်

### ၂၈၇– သာမဏေရာန်ဝတ္ထု

၄၀၆။ ဆန့်ကျင်သော သူတို့အပေါ်၌ မဆန့်ကျင်သော၊ တုတ်ဓားလက်နက် ကိုင်ဆောင်သောသူတို့ အပေါ်၌ တုတ်ဓားကို ချထားပြီး၍ ရန်ငြိမ်းပြီးသော၊ စွဲလမ်းအပ်သော အရာတို့၌ မစွဲလမ်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## ကျေးဇူးပျက်သူ လူဗာလ

### ၂၈၈– မဟာပန္ထကတ္ထေရဝတ္ထု

၄၀၇။ ပွတ်ဆောက်ဖျား၌ တင်သော မုန်ညင်းစေ့သည် အတည်မရ လျှောကျဘိ သကဲ့သို့ အကြင်သူအား ရာဂ ဒေါသ မာနနှင့် သူတစ်ပါး၏ ကျေးဇူးကို ချေဖျက်ခြင်းတို့သည် လျှောကျကုန်၏။ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## ဒေါသမထား စကားမကြမ်း

### ၂၈၉– ပိလိန္ဒဝစ္ဆတ္ထေရဝတ္ထု

၄၀၈။ အကြင်ပုဂ္ဂိုလ်သည် နူးညံ့ပြေပြစ်သော၊ အနက်အဓိပ္ပာယ် သိလွယ်စေသော၊ မှန်ကန်သော စကားကို ပြောဆိုရာ၏။ တစ်စုံတစ်ယောက်ကိုမျှ အမျက်ဒေါသဖြင့် မငြိစွန်း စေရာ။ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## မပေးဘဲ မလိုနှင့် ၊ မမေးဘဲ မဆိုနှင့်

### ၂၉၀– အညတ္တရတ္ထေရဝတ္ထု

၄၀၉။ ဤသာသနာတော်၌ အကြင်ပုဂ္ဂိုလ်သည် ပိုင်ရှင် မပေးသော သူ၏ဥစ္စာကို ရှည်သည်ဖြစ်စေ၊ တိုသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကြီးသည် ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ခိုးယူခြင်း မပြုပေ။ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား တော်မူ၏။

## ရမ္မက်ကင်းမှ လက်ငင်းချမ်းသာ

### ၂၉၁– သာရိပုတ္တတ္ထေရဝတ္ထု

၄၁၀။ အကြင်ပုဂ္ဂိုလ်အား ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်း ကောင်း၊ တဏှာဟူသော စွဲမက်မှုတို့သည် မရှိကုန်။ အလိုရမ္မက်ကင်းသော၊ ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## သံသယပွား တရားမရ

### ၂၉၂– မဟာမောဂ္ဂလာနတ္ထေရဝတ္ထု

၄၁၁။ အကြင်ပုဂ္ဂိုလ်သည် ကပ်ငြိတွယ်တာသော စိတ်ဓာတ်မရှိပေ။ တရားမှန်ကို သိပြီးဖြစ်၍ သို့လော သို့လော တွေးတောနေရခြင်းဟူသော သံသယစိတ်များ မရှိပေ။ အမြိုက် နိဗ္ဗာန်ကို ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရားဟောကြားတော်မူ၏။

## ကောင်းမှုကို ရပ် ၊ မကောင်းမှုကို ဖြတ်

### ၂၉၃– ရေဝတတ္ထေရဝတ္ထု

၄၁၂။ ဤသာသနာတော်၌ အကြင်ပုဂ္ဂိုလ်သည် ကောင်းမှု၊ မကောင်းမှု နှစ်ပါးတို့ ကိုလည်းကောင်း၊ ကပ်ငြိ တွယ်တာတတ်သော တဏှာစိတ်ဓာတ်ကိုလည်းကောင်း လွန်မြောက် ၏။ စိုးရိမ်ကြောင့်ကြခြင်း မရှိသော၊ ကိလေသာမြူကင်းသော၊ စင်ကြယ်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## တိမ်လွှာကင်းတော့ လမင်းသာ
## ရာဂကင်းတော့ ဘဝချင်းကွာ
### ၂၉၄– စန္ဒာဘတ္ထေရဝတ္ထု

၄၁၃။ ဆီးနှင်း, မြူ, တိမ်, သူရိန်, မီးခိုး ညစ်မျိုးငါးအင် စင်ကြယ်သော လမင်းကဲ့သို့ ကိလေသာစင်ကြယ်သော၊ အထူးသဖြင့် ကြည်လင်သော၊ နောက်ကျုခြင်း ကင်းသော၊ နှစ်သက်စွဲမက်မှု ရာဂကုန်ခမ်းပြီးသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရားဟောကြားတောမူ၏။

## ဝဋ်က သံသရာ တဏှာက ဘေး
### ၂၉၅– သီဝလိတ္ထေရဝတ္ထု

၄၁၄။ အကြင်ပုဂ္ဂိုလ်သည် ရာဂတည်းဟူသော ဘေးကိုလည်းကောင်း၊ ကိလေသာတည်းဟူသော ခရီးခဲကိုလည်းကောင်း၊ သံသရာဝဋ်ကိုလည်းကောင်း၊ မောဟထိတ်ခေါင်အမိုက်မှောင်ကိုလည်းကောင်း လွန်မြောက်ပြီးလေပြီ။ သံသရာမှ ကူးမြောက်ပြီးပြီ။ ကမ်းတစ်ဖက်သို့ ရောက်ပြီ။ ကိလေသာကို ရှို့မြှိုက်လေ့ရှိသော၊ တဏှာကင်းသော၊ သို့လော သို့လော တွေးတောခြင်း မရှိသော၊ အစွဲအလမ်းကင်း၍ ငြိမ်းအေးပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## မေထုန်ရှောင် အိမ်ထောင် မပြုနှင့်
### ၂၉၆– သုန္ဒရသမုဒ္ဒတ္ထေရဝတ္ထု

၄၁၅။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကာမဂုဏ်ကို ပယ်စွန့်၍ အိမ်ရာထောင်မှု မပြုဘဲ ရဟန်းဘဝကို ရယူ၏။ ကာမရာဂ၌ စွဲငြိမှုစိတ်ဓာတ် ကုန်ခမ်းပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## တဏှာရှောင် လူ့ဘောင် မနေသင့်
### ၂၉၇– ဇဋိလတ္ထေရဝတ္ထု

၄၁၆။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် တဏှာကို ပယ်စွန့်၍ အိမ်ရာထောင်မှု မပြုဘဲ ရဟန်းဘဝကို ရယူ၏။ စွဲလမ်းမှု ဘဝတဏှာ ကုန်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## တဏှာမပွား အိမ်သားမဟုတ်
### ၂၉၈– ဇောတိကတ္ထေရဝတ္ထု

ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် တဏှာကို ပယ်စွန့်၍ အိမ်ရာထောင်မှု မပြုဘဲ ရဟန်းဘဝကို ရယူ၏။ စွဲလမ်းမှု ဘဝတဏှာ ကုန်ခမ်းပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။ (ဇဋိလတ္ထေရဝတ္ထုနှင့် တူ၏။)

## ယောဂရှင်းမှ ရန်ကင်းသောသူ
### ၂၉၉– နဋပုတ္တကတ္ထေရဝတ္ထု

၄၁၈။ အကြင်ပုဂ္ဂိုလ်သည် လူတို့၏ အစီးအပွား ကာမဂုဏ်တရားတို့ကို ပယ်စွန့်၍

နတ်၌ဖြစ်သော ကာမဂုဏ် အစီးအပွားတို့ကိုလည်း လွန်မြောက်ပြီ။ ခပ်သိမ်းသော ယောဂ လေးပါးတို့နှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## လုံ့လရှိမှ လောကကိုအောင်

### ၃၀၀– ဧကနဋပုတ္တကတ္ထေရဝတ္ထု

၄၁၉။ ကာမဂုဏ်ငါးပါး အာရုံတရားတို့၌ မွေ့လျော်ခြင်းကိုလည်းကောင်း၊ ဆိတ်ငြိမ်ရာ နေရာ၌ မွေ့လျော်ခြင်းကိုလည်းကောင်း ပယ်စွန့်၍ ငြိမ်းချမ်းပြီးသော၊ ညစ်ညူးခြင်း ကင်းသော၊ ခပ်သိမ်းသော လောကကို နှိပ်နင်း၍ တည်သော၊ ဝီရိယရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## ရဟန္တာဂတိ လားရာ မသိ

### ၃၀၁– ဝင်္ဂီသဗြာဟ္မဏဝတ္ထု

၄၂၀။ အကြင်ပုဂ္ဂိုလ်သည် ခပ်သိမ်းသောသတ္တဝါတို့၏ သေဆုံးခြင်းကိုလည်း ကောင်း၊ ပဋိသန္ဓေနေခြင်းကိုလည်းကောင်း အပြားအားဖြင့် သိ၏။ ကပ်ငြိခြင်း မရှိသော၊ သူတော်ကောင်းတရားကို ကောင်းစွာရောက်သော၊ သစ္စာလေးပါးကိုသိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

၄၂၁။ အကြင်ပုဂ္ဂိုလ်၏ လားရာဂတိကို နတ်တို့သည်လည်းကောင်း၊ ဂန္ဓဗ္ဗတို့သည် လည်းကောင်း မသိကြကုန်။ လူတို့သည်လည်းကောင်း မသိကြကုန်။ ကုန်ပြီးသော အာသဝေါ ရှိသော၊ ကိလေသာတို့မှ အလွန်ဝေးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား တော်မူ၏။

## ကာလခန္ဓာ စွဲစရာ မရှိ

### ၃၀၂– ဓမ္မဒိန္နာထေရီဝတ္ထု

၄၂၂။ အကြင်ပုဂ္ဂိုလ်သည် အတိတ်ခန္ဓာ၌လည်းကောင်း၊ အနာဂတ် ခန္ဓာ၌လည်း ကောင်း၊ ပစ္စုပ္ပန်ခန္ဓာ၌လည်းကောင်း၊ တဏှာစိတ်ဓာတ်ဖြင့် စွဲကပ် ငြိတွယ်ခြင်း မရှိပေ။ ကြောင့်ကြမဲ့ဖြစ်သော၊ စွဲလမ်းမှု ကင်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား တော်မူ၏။

## ဥသဘနွား အကြောက်တရား မရှိ

### ၃၀၃– အင်္ဂုလိမာလတ္ထေရဝတ္ထု

၄၂၃။ မကြောက်မရွံ့ မတုန်မလှုပ်သည် ဖြစ်၍ နွားလားဥသဘနှင့်တူသော၊ မြတ် သော လုံ့လဝီရိယရှိသော၊ သီလစသော ဂုဏ်ကျေးဇူးအပေါင်းတို့ကို ရှာမှီးလေ့ရှိသော၊ စွဲလမ်း မှုတဏှာကင်းသော၊ ကိလေသာအညစ်အကြေးကို ဆေးလျှော်ပြီးသော၊ သစ္စာလေးပါးကို သိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

## ဘဝဖြစ်စဉ် ပညာရှင် မမေ့

### ၃၀၄– ဝေဒေဟိတဗြာဟ္မဏဝတ္ထု

၄၂၄။ အကြင်ပုဂ္ဂိုလ်သည် ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို သိ၏။ နတ်ပြည် ဗြဟ္မာ့ပြည်ကိုလည်းကောင်း၊ အပါယ်ဘုံတို့ကိုလည်းကောင်း သိမြင်၏။ ထိုမှတစ်ပါး ပဋိသန္ဓေ ကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်၏။ ထူးသောဉာဏ်ဖြင့် သိ၍ နိဗ္ဗာန်သို့ ရောက်ပြီးသော ရဟန်းဖြစ်၏။ အလုံးစုံသော ကိလေသာတို့၏ ကုန်ကြောင်း အကျင့်ကို ကျင့်ပြီးသော ထိုပုဂ္ဂိုလ် ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

( ပြီးပါပြီ )

a&pBudK t&Sif{odu

( 13 ? 6 ? 1999)

1361-ck? yxr0gqkdvqef; (1) &uf ?

---

၂၀၀၁–ခု၊ ဇွန်လ (၂၂) ရက်နေ့တွင် ကွန်ပျူတာတွင်းသို့ ထည့်သွင်းပြီးစီးသည်။
မြန်မာသက္ကရာဇ် ၁၃၆၃–ခု၊ ပထမဝါဆိုလဆန်း (၂) ရက်နေ့ ။